www.burmeseclassic.com

စိုးမိုးစာပေ

မိုးဆက်လင်းထက်

# ရင်ရဲ့အရိပ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃၉၄၀၄၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၃၂၀၅၁၁ |
| အဖုံးဒီဇိုင်း | - | မျိုးဆွေသန်း |
| ထုတ်ဝေသူ | - | ဒေါ်မြိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ ကျောင်းဝါလမ်း၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ မေလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

မိုးဆက်လင်းထက်

ရင်ရဲ့အရိပ်/မိုးဆက်လင်းထက် ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၁၇၄ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။

(၁) ရင်ရဲ့အရိပ်


BURMESE CLASSIC .com

# ရင်ရဲ့အရိပ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဤ ဝတ္ထုတွင် ပါဝင်သော ဇာတ်ဝင်ခန်းများမှ နာမည်များသည် ကျွန်တော်၏ စိတ်ကူးစိတ်သန်းဖြင့် ပေးထားသော နာမည်များသာဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။ တိုက်ဆိုင်မှုရှိက ခွင့်လွှတ်ပေးကြပါရန် ပန်ကြားလျက် . . .

**မိုးဆက်လင်းထက်**



## အခန်း (၁)

www.burmeseclassic.com

www.burmeseclassic.com



ညက မိုးမှုန်တို့ တစ်ဖွဲဖွဲ ကျနေသော ညတစ်ညဖြစ်၏။ မုန်တိုင်းမိုးဟု ဆိုကြသည်။ ထို့ကြောင့် မိုးက မစဲဘဲ တစ်ဖွဲဖွဲ ရွာကျကာနေသည်။

ရာသီဥတုကလည်း အေးစိမ့်ခြောက်ကပ်လျက်ရှိသည်။ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေပြင်းများကြောင့် သစ်ပင်တို့ ဟိုမှသည်မှ လှုပ်ခါနေကြ၏။ ထို့နောက် ပြန်လည်ငြိမ်သက်သွားကြကာ ဣန္ဒြေရရ ပြန်လည်တည်ရှိသွားကြလေသည်။

ထိုညသည် ပျင်းစရာကောင်းသည်။ ပတ်ဝန်းကျင်ရှိ လမ်းများတွင် လူတို့ ခြောက်သွေ့သွားစေ၏။ ထို့ကြောင့် အိမ်ခေါင်မိုး သွပ်ပြား



များကို မိုးရေစက်တို့ ထိရိုက်သံမှအပ အရာရာ တိတ်ဆိတ်လျက် . . . ခြောက်ကပ်လျက်. . .။ ထို့အပြင် အရာရာကို မိုးမှုန်တံတိုင်းကာဆိုင်းလျက် . . . .။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



**'ဂျိမ်း'** ခနဲ မြည်ဟီးသွားသော မိုးကြိုးပစ်သံ တစ်ချက်ကြောင့် သူ အိပ်ယာမှ နိုးသွားခဲ့သည်။ မသိစိတ်က နိုးထသွားသော်လည်း အသိစိတ်က မျက်လုံးမပွင့်ချင်သေးသောကြောင့် ဆက်မှေးနေလိုက်သည်။

'ဂျိမ်း'

'ဒိန်း'

'ဂျလိန်း'

မိုးခြိမ်းသံတို့ အဆက်မပြတ် ပေါ်ကာလာ၏။ သူ့ရဲ့ တစ်လ





နှစ်သောင်းခန့် ပေးရသော အဆောင်လေးက တစ်ချက် သိမ့်တုန်ကာသွားလေသည်။ လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လိုက်သောကြောင့် ထောင်ထားသော ခြင်ထောင်က လှိုင်းထကာသွား၏။ သူ့ခန္ဓာကိုယ်ကလည်း အေးစက်ကာသွား၍ ငုတ်တုတ်ထထိုင်လိုက်လေသည်။ ထို့နောက် ခြေရင်းဘက်ကို ကြည့်လိုက်တော့မှ ပြတင်းပေါက်မပိတ်ရသေးမှန်း သူသိလိုက်၏။

သူ ခြင်ထောင်ထဲမှ ကမန်းကတန်း ထွက်လိုက်ကာ ပြတင်းပေါက်နားတွင်ရှိသော စာရေးစားပွဲပေါ်မှ စာအုပ်တွေကို ယူ၍နေရာရွှေ့လိုက်၏။ စာရွက်တွေ ရေမစိုသေးသောကြောင့် သက်ပြင်းချမိ၏။ ထို့နောက် ပြတင်းပေါက်ကို ပိတ်မလို့လုပ်လိုက်သည်။ သို့သော် မပိတ်ဖြစ်ပေ။ လျှပ်စီးရောင် လင်းကနဲ လက်သွားသော အလင်းရောင်အောက်တွင် မိုးမှုန်တံတိုင်းတို့ အုံ့ဆိုင်းထားသော မိုးညရဲ့ သဘာဝအလှကို မပစ်ပယ်နိုင်သောကြောင့် ဖြစ်သည်။

သူ ပြတင်းတံခါးကို နံရံကပ်သွားသည်အထိ အကျယ်ပြန့်ဆုံး တွန်းဖွင့်လိုက်ကာ လေကို တစ်ဝကြီး ရှူသွင်းလိုက်၏။ မိုးရနံ့တို့ ပါသော လေနုအေးက သူ့ရင်ဘတ်ကို မို့မောက်သွားစေ၏။ ထို့နောက် ကိုယ်ခန္ဓာတွင် အောင်းနေသော လေပူငွေ့တို့ကို အားရပါးရ ထွေးထုတ်လိုက်ချိန်တွင် ခန္ဓာကိုယ်သည် ရုတ်ချည်းပင် ပေါ့ပါးလန်းဆန်းကာ သွားလေသည်။

ထို့နောက် ကောင်းကင်ကို သူ မော့ကြည့်လိုက်သည်။ မိုးကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကင်သည် ညိုမဲမှောင်မိုက်ကာနေသည်။ ခဏနေတော့ လျှပ်စီးတစ်ချက် လက်သွားသည်။ ကောင်းကင်က လျှပ်ပန်းလျှပ်နွယ်တို့၏ အလင်းရောင်ကြောင့် လင်းခနဲ ရှင်းခနဲ။ သူ သက်ပြင်းတစ်ချက် ချလိုက်သည်။

ဒီအချိန် အညာမှာဆို မိုးခေါင်နေပြီ။

ပြီးတော့ အမေ . . .။

ချည်ထည်အင်္ကျီပါးပါးလေး ဝတ်ကာ အညာရဲ့ အပူဒဏ်ကို အန်တုရင်း အဝေးရောက်သားကို လွမ်းနေပြီလား မသိပေ။

❖ ❖ ❖





ညက ရွာထားသောမိုးကြောင့် နောက်တစ်နေ့ မနက်တွင် ပတ်ဝန်းကျင်သည် စိမ်းစိုကာနေသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ဝေချိန်မတန်ခင် ကြွေခဲ့ရသော ရွက်ဝါတို့က မြေမှာ ကြဲပြန့်နေကြ၏။ လူသွားလမ်းလေးများမှာလည်း ရေအိုင်လေးတွေက ဟိုတစ်စု ဒီတစ်စု။

သူ မနက်အိပ်ရာနိုးတော့ မျက်နှာသစ်ရန် အဆောင် အနောက်ဘက်ရှိ အုတ်ကန်သို့ ထွက်ခဲ့လိုက်သည်။ ထို့နောက် သွားပွတ်တံကို သွားတိုက်ဆေး ထည့်ဖို့ လုပ်တော့မှ သွားတိုက်ဆေး ကုန်နေမှန်းသိရ၏။ ထို့ကြောင့် သွားတိုက်ဆေးနဲ့ သွားပွတ်တံကို ရေခွက်အ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထည့်၍ အုတ်ကန်ဘောင်ပေါ် တင်ခဲ့ကာ အခန်းသို့ ပြန်သွားလိုက်သည်။ အခန်းထဲရောက်တော့ နံရံမှာ ချိတ်ထားသော ကတ်ကြေးကို ယူ၍ ပြန်ထွက်လာခဲ့၏။

အုတ်ကန်ဆီ ပြန်ရောက်တော့ သွားတိုက်ဆေးဗူးကို ယူ၍ ဖင်ဘက်မှ ကတ်ကြေးဖြင့် ညှပ်လိုက်သည်။ ဖင်ဟောင်းလောင်း ပွင့်သွားသော သွားတိုက်ဆေးဗူးထဲသို့ ကတ်ကြေးကို တစ်ဖန် ပြန်ထိုးထည့်လိုက်ကာ အလျားလိုက် ရင်ကို ခွဲချလိုက်ပါသည်။ ထိုအခါ ရင်ကွဲပက်လက်ဖြစ်သွားသော သွားတိုက်ဆေးဗူးထဲတွင် သွားတိုက်ဆေးတွေက နံရံမှာ ကပ်လျက် တော်တော်များများ ရှိနေသေးတာ တွေ့ရ၏။ ဒီလောက်ဆို အနည်းလေး သုံးရက်စာတော့ သုံးလို့ရသေးသည် ဆိုတာ သူ သိလိုက်သည်။ ထို့နောက် သွားပွတ်တံကို ယူ၍ တစ်ချက်ကလော်လိုက်ပြီး သွားတိုက်မလို့ လုပ်လိုက်စဉ် . . .

"ဒီလောက်လည်း ချစ်တီးကျမနေပါနဲ့ကွာ၊ မင်းဆီမှာ သွားတိုက်ဆေးဗူး လာဖြစ်ရတဲ့ ဒုက္ခကလည်း မသက်သာပါလား၊ လိုချင်ရင် ငါ့ဆီက ယူပေါ့၊ ဒီမှာ ရှိပါတယ်"

အသံလာရာ လှမ်းကြည့်လိုက်တော့ ကိုအေးဆွေကို တွေ့ရသည်။ ကိုအေးဆွေက တဘက်ကလေး ပခုံးပေါ်တင်ရင်း မျက်နှာသစ်မလို့ လုပ်ရာမှ သူ့ကို လှမ်းပြောခြင်း ဖြစ်၏။ သွားတိုက်နေရင်းမို့ သူ့ဘက်က ပြုံးသာပြလိုက်သည်။ ခဏနေတော့ သွားတိုက်ပြီးသွား၍ ကိုအေးဆွေဘက် လှမ်းကြည့်လိုက်ကာ . . .





"ဒီလိုလုပ်လိုက်တော့လည်း သုံးလို့ရနေသေးတာပဲဗျ၊ ဒီအထဲက သွားတိုက်ဆေးတွေကလည်း အရင်သုံးခဲ့တဲ့ သွားတိုက်ဆေးတွေနဲ့ အမျိုးအစား အတူတူပါပဲဗျ၊ သူတို့လည်း အသုံးတော်ခံချင်မှာပေါ့၊ သူတို့အရှေ့က ညှစ်လို့ရလို့ ထွက်လာတဲ့ သွားတိုက်ဆေးတွေကျတော့ သုံးပြီး သူတို့ကျတော့ ညှစ်လို့မရဘူးဆိုပြီး ထားခဲ့ရင် ဘယ်တရားပါ့မလဲ၊ ကျွန်တော်က တရားမျှမျှတတနဲ့ ကျောသားရင်သား မခွဲခြားဘဲ သုံးပေးတဲ့သဘောနဲ့ ဒီဗူးလေးကို ရင်ခွဲပြီး . . ."

"ကဲ တော်ပါတော့ကွာ လျှာရှည်လိုက်တာ၊ ငါက စကားအဖြစ် ပြောတာပါ"

"ကျွန်တော်လည်း စကားအဖြစ် ပြောတာပါဗျ"

"မင်း စကားအဖြစ် ပြောတာကလည်း ဟာရာဏသီကြီးနဲ့ ချည်သလိုပဲ၊ မပြီးတော့ဘူး"

"ဟာရာဏသီကြီးနဲ့ ချည်တော့ အဲ့ဒီကြိုးက တော်တော်ရှည်မှာပဲနော်၊ ဘယ်လောက်ရှည်လဲဟင်"

ကိုအေးဆွေက သူ့ကို အဖက်လုပ်ကာ စကားပြန်မပြောတော့ပေ။ သူ့ကိစ္စ သူဆက်လုပ်နေ၏။

ကိုအေးဆွေပုံစံကို ကြည့်၍ သူပြုံးလိုက်ကာ . . .

"ရပါတယ်ဗျာ စကားပြန်မပြောချင်လည်း ရပါတယ်၊ ခင်ဗျားက မကြာခင် ကုမ္ပဏီမန်နေဂျာ ဖြစ်တော့မယ်ဆိုတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင် တော်တော့ တော်တော့ ပေါက်ကရတွေ မပြောနဲ့”

“အဲ့ဒါဆို ခင်ဗျားက ကျွန်တော်မေးတာ ဘာလို့မဖြေလဲ”

“မင်းတို့လို စာရေးဆရာတွေနဲ့ စကားဖက်မပြောချင်လို့”

သူက မျက်နှာငယ်လေးလုပ်လိုက်ကာ အားငယ်ဖျော့တော့နေသော လေသံလေးနှင့် . . .

“ဘာဖြစ်လို့လဲ အစ်ကိုရယ်၊ အစ်ကိုက မန်နေဂျာကြီး ဖြစ်တော့မှာမို့လို့လားဟင်”

ကိုအေးဆွေက ဆပ်ပြာခွက်နှင့် ကောက်ပေါက်လိုက်သည်။ သူ တစ်ချက်ခုန်ရှောင်လိုက်ပြီး ထိုဆပ်ပြာခွက်ကို ကုန်းကောက်လိုက်ကာ အဆောင်ပေါ်သို့ ပြေးတက်သွားလိုက်ပါတော့သည်။ သူတို့အဆောင်က နှစ်ထပ်ဆောင်ဖြစ်၍ သူ့အခန်းက အပေါ်ထပ်မှာ ရှိသောကြောင့် လှေကားသို့အတက် အပေါ်ထပ်မှ အိပ်မှုန်စုံမွှားနှင့် ဆင်းလာသော ခိုင်ကြီးကို သွားတွေ့၏။ ခိုင်ကြီးက သူ့ကိုကြည့်၍ . . .

“ဘာဖြစ်နေတာလဲ မနက်စောစောစီးစီး၊ ရပ်ကွက်မီးလန့်တဲ့ ပုံစံနဲ့”

သူက ခိုင်ကြီးကို . . .

“ဘာဖြစ်ရမှာလဲ၊ ဒီနေ့ ကိုအေးဆွေကြီးက ငါတို့တစ်ဆောင်လုံးကို ထမင်းကျွေးမလို့တဲ့၊ ထမင်းတောင် ရိုးရိုးထမင်း မဟုတ်ဘူး၊ ဒန်ပေါက် ဒန်ပေါက်”

[redacted]



ဒန်ပေါက်အသံ ကြားလိုက်ရ၍ ခိုင်ကြီးမျက်လုံး ချက်ချင်း ပြူးထွက်သွား၏။ ထို့နောက် လျှာကိုလည်း တစ်ချက်သပ်လိုက်ကာ. . .

“ဂယ်”

“ဂယ်ပေါ့ကွ၊ အဲ့ဒါကြောင့် ငါပျော်ပြီး ပြေးတက်လာတာပေါ့၊ မယုံရင် မင်းသွားမေးပါလား”

ခိုင်ကြီးက ခေါင်းတစ်ချက်ညိတ်၍ လှေကားမှ ဆင်းမလို့ လုပ်ပြီးတော့မှ တစ်ချက်စဉ်းစားသွားဟန်နှင့် . . .

“ဟော့ကောင် ဟုတ်လို့လားကွာ၊ ဒီလောက်ဂွကျတဲ့လူကြီးက ငါတို့ ကောင်တွေကို ထမင်းကျွေးမယ်ဆိုတာတော့ မဖြစ်နိုင်ဘူး၊ မင်း ကုန်ကြမ်းမရှာနဲ့နော်”

သူက ခိုင်ကြီးကို မကြည်ကြည့် တစ်ချက်ကြည့်၍ . . .

“မင်းမယုံလည်းနေ နောက်မှ လာမစားနဲ့”

“အဟဲ စိတ်မဆိုးပါနဲ့ သူငယ်ချင်းရာ၊ အဲ့လိုတော့ မဟုတ်ဘူးလေ၊ ဒန်ပေါက်တော့ ငါလည်း ကြိုက်တာပေါ့၊ ဒါ ဒါပေမယ့် သူ ဘာလို့ ကျွေးတယ်ဆိုတဲ့ အကြောင်းအရင်းလေး မသိရဘူးလား”

သူက ပြောသင့် မပြောသင့် စဉ်းစားလိုက်သည့် အမူအရာ လုပ်ပြီး . . .

“အင်း ဒီလိုကွ၊ ဒီဘဲကြီး ရာထူးတိုးသွားလို့ ကျွေးတာလို့ ပြောတယ်၊ မန်နေဂျာရာထူး ရသွားတယ်ဆိုလား . . .”

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆို ပိုင်ရှင် အဘွားကြီးက သူ့ကို ရာထူးတိုးပေးလိုက်ပြီပေါ့ ဟုတ်လား၊ အဘွားကြီးနဲ့ သူနဲ့ ကြည်သွားပြီလား"

"ကြည်သွားလို့နေမှာပေါ့ကွ၊ ဒီလူကြီးမျက်နှာက မှိုရသလို ပြုံးရွှင်နေတာပဲ"

"ဟွန်း အစကပြောတော့ သူပဲ အဲ့ဒီအကြောင်းပြောရင် ဆတ်ဆတ်ထိ မခံနဲ့၊ အခုမှ ကောင်းမှန်း သိနေပြီပေါ့"

"မင်းသိချင်ရင် သွားမေးကြည့်ပါလား၊ ငါတော့ မြို့ထဲ သွားစရာရှိလို့ သွားလိုက်ဦးမယ်"

ခိုင်ကြီးက 'အေး အေး' ဟု ပြောကာ အုတ်ကန်ဘက်သို့ ထွက်သွား၏။ သူက ခိုင်ကြီးကို ကြည့်၍ ကြိတ်ရယ်ရင်း အခန်းဆီသို့ အမြန်ပြေးသွားလိုက်၏။ ခဏကြာတော့ အုတ်ကန်ဘက်ဆီမှ ခိုင်ကြီးနဲ့ ကိုအေးဆွေတို့၏ တစ်ယောက်တစ်ခွန်း စကားများသံတွေ ကြားလာရသည်။

ခဏနေတော့ . . .

'ဒေါင်'

ကနဲဆိုသော အသံကြီး ကြားလိုက်ရ၏။ ဒါ စတီးရေခွက်နှင့် တစ်ခုခုကို အားရပါးရ ရိုက်ထည့်လိုက်သော အသံမှန်း သူသိလိုက်၏။

ထို့နောက် အဝတ်အစား အမြန်လဲကာ လိုအပ်တဲ့ စာရွက်စာတန်းတွေ ယူ၍ ကျောပိုးအိတ်ထဲ ထည့်ကာ သူ အမြန်လစ်ထွက်ခဲ့



ပါတော့သည်။

အခန်းရှေ့ ကော်ရစ်တာမှအဖြတ် အုတ်ကန်ဘက်သို့ မျက်လုံးတစ်ချက်စွေကြည့်လိုက်တော့ အုတ်ကန်ဘေးတွင် ငုတ်တုတ်လေးထိုင်ရင်း ငယ်ထိပ်ကို ပယ်ပယ်နယ်နယ် ပွတ်နေသော ခိုင်ကြီးအားတွေ့လိုက်ရလေသည်။

ကိုအေးဆွေကတော့ ဒေါသထွက်နေတဲ့ မျက်နှာကြီးနှင့် ခိုင်ကြီးကို မျက်စောင်း တခဲခဲ . . .။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



"အုပ် ရေကတော့ ငါးရာလောက်ပဲ ရှိသေးတယ်၊ အသစ်တစ်ယောက်အနေနဲ့တော့ ဒီအချိန်မှာ ဒီလောက်ပဲ ရှိဦးမှာပဲ၊ အခုမှ မောင်ရင်က လုံးချင်းနှစ်အုပ်ပဲ ထွက်ရသေးတာကိုး"

သူ ငြိမ်နေမိသည်။ အခုမှ လုံးချင်းစာအုပ်လေး ထုတ်ဝေးခွင့်ရသော စာရေးဆရာ အသစ်တစ်ယောက်အနေနှင့် ဒီလောက်ပဲ ရှိဦးမည်ဆိုတာ သူ သိ၏။ သူက လွယ်အိတ်ထဲက စာအိတ်လေးတစ်အိတ်ကို ထုတ်လိုက်၍ . . .

"ဒါ ဒီလအတွက် ဝတ္ထုတို စာမူလေးပါ၊ ကျွန်တော် အရင်လကဟာလေးက . . . ဟိုဟာ . . ."



"အရင်လက ကိုယ်တို့မဂ္ဂဇင်းမှာ မောင်ရင့်စာမူကို ထည့်ဖို့ အယ်ဒီတာအဖွဲ့ ရွေးထားပြီးသားပါ၊ အဲ ဒါပေမယ့် နာမည်ကြီး စာရေးဆရာတစ်ယောက်ရဲ့ စာမူက အဲ့ဒီလမှာ ရောက်လာတာနဲ့ မောင်ရင့်စာမူနေရာမှာ သူ့ကို ဦးစားပေးလိုက်ရတယ်လေ၊ ဒါပေမယ့် ဒီလတော့ မောင်ရင်က ဦးစားပေးထဲမှာ ပါပါတယ်"

သူ့လက်ထဲက စာအိတ်လေးကိုကိုင်ရင်း တစ်ချက် တုန်ခါကာ သွား၏။ အရင်လက စာမူတောင် မပါသေးရင် ဒီလလည်း ပါမယ် မပါမယ်ဆိုတာ သိပ်မသေချာလှပေ။ ဒီလိုပဲ ဦးစားပေးအဆင့်ဆိုသည့် စာမူတွေ ရောက်လာခဲ့ရင် သူတို့လို နာမည်မရှိသေးသည့် စာမူလေးတွေက ဖယ်ပေးရတာ ထုံးစံလိုဖြစ်နေ၏။

ထိုပုဂ္ဂိုလ်ပြောသလို ဦးစားပေးတော့ မှန်သည်။ သို့သော် သူတို့က အိမ်မပြည့်လျှင် ဖြည့်ပေးရသော ဦးစားပေး အိမ်ဖြည့်စာရင်းသာ ဖြစ်ပါသည်။

သူက နောက်ထပ်ပေးတဲ့ စာမူလေးကို ပြန်ယူသွားရင် ကောင်းနိုး ထားခဲ့ရင် ကောင်းနိုး ဖြစ်နေစဉ် ထိုပုဂ္ဂိုလ်က . . .

"စာမူကို ထားရင် ထားခဲ့လေ၊ နှစ်ခုရှိတော့ ကောင်းတဲ့ဟာ တစ်ပုဒ် အရင်ထည့်ပေးမှာပေါ့"

"ကျွန်တော်က စာမူတွေကို အကုန်လုံး ကောင်းအောင် ရေးတာပါ၊ ဟိုဟာမှာတော့ လျှော့ရေးလိုက်မယ်၊ ဒီဟာမှာတော့ တင်းရေးလိုက်မယ် မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဝေသူ ပုဂ္ဂိုလ်ကြီးက ပြုံးသည်။ ဒီလိုစကားမျိုးတွေကိုလည်း စာရေးဆရာ တော်တော်များများဆီက ကြားဖူးနေဟန်တူ၏။

ထိုပုဂ္ဂိုလ်ကြီးက . . .

"မောင်ရင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဖန်တီးသူနဲ့ ခံစားသူဆိုတာ အကြိုက်ချင်း တူချင်မှ တူတာလေ၊ ခံယူချက်ခြင်းလည်း တူချင်မှတူတာ၊ မောင်ရင့်ဟာ မောင်ရင် အကောင်းဆုံးဆိုပြီး ကြိုက်သလို ဖန်တီးလို့ရတယ်၊ ဖန်တီးခွင့်လည်း ရှိတယ်၊ ဒါပေမယ့် ပရိသတ်က လက်ခံတယ် လက်မခံဘူးဆိုတာကိုတော့ မောင်ရင် ဖန်တီးယူလို့ မရဘူး၊ ကိုယ်ပြောတာ သဘောပေါက်လား"

သူ သက်ပြင်းကို ချမိ၏။ ကိုယ့်ထက် စကားတတ်တဲ့သူနဲ့ လာတွေ့နေသည်။ အေးလေ . . . ဒါကြောင့်လည်း ဒီနယ်ပယ်မှာ ကျင်လည်ပြီး နာမည်ကြီး ထုတ်ဝေသူတစ်ယောက် ဖြစ်နေတာကိုးဟု မှတ်ယူလိုက်ရ၏။

သူက စာမူလေးကို စားပွဲတစ်ဖက်သို့ ထိုးပေးလိုက်ပြီး . . .

"ဒါဆို ကျွန်တော် ဒီစာမူလေးပါ ထားခဲ့လိုက်မယ်"

ထုတ်ဝေသူ ပုဂ္ဂိုလ်ကြီးက ခေါင်းညိတ်ကာပြ၏။ ထိုအချိန်တွင် ရုံးခန်းထဲသို့ လူတစ်ယောက် ဝင်လာ၍ ထိုပုဂ္ဂိုလ်ကြီးနားသို့ ကပ်ကာ တစ်စုံတစ်ခု ပြောလိုက်တာ တွေ့ရသည်။ ဘာလဲတော့ မသိပေ။ ထုတ်ဝေသူ ပုဂ္ဂိုလ်ကြီး ဖျာဖျာသလဲ ဖြစ်ကာသွားသည်။ ထို့နောက်



လာပြောတဲ့သူကို . . .

"ဟေ့ကောင် သွားခေါ်လိုက်လေ၊ ဒီမှာ ဘာမှအရေးကြီးတာ မရှိဘူး သွားခေါ် သွားခေါ်"

ထိုလူက ခေါင်းညိတ်ပြပြီး အခန်းအပြင်သို့ ထွက်ကာသွားသည်။ ခဏနေတော့ ထိုလူနဲ့အတူ အသက်လေးဆယ်ကျော်ခန့် အမျိုးသမီး တစ်ဦးပါကာလာ၏။ ပုဂ္ဂိုလ်ကြီးက ထိုင်ရာမှထပြီး ခရီးဦးကြို ပြုလိုက်ကာ . . .

"ဆရာမရယ် လာမယ်ဆိုလည်း ဖုန်းကြိုဆက်ရောပေါ့၊ ဒါမှမဟုတ် တစ်ခုခုကိစ္စရှိတယ်ဆိုလည်း တပည့်တစ်ယောက်ယောက် လွှတ်လိုက်ရောပေါ့"

ဆရာမဟု ထိုပုဂ္ဂိုလ်ကြီးက နာမ်စားသုံးလိုက်သောကြောင့် စာရေးဆရာမတစ်ယောက်ယောက် ဖြစ်လိမ့်မည်ဟု သူစိတ်ထဲမှ တွေးမိလိုက်၏။ ကျောင်းဆရာမတော့ ဟုတ်လိမ့်မည်မထင်ပေ။ သူတွေးတာ မှန်ပါသည်။ ထိုပုဂ္ဂိုလ်မကြီးက သတင်းစာတွေထဲတွင် လူငယ်စာရေးဆရာမလေးဟု ကြော်ငြာပါပါနေသော နာမည်ကြီး ဘက်ဆယ်လာတစ်ယောက်ပင် ဖြစ်သည်။

ထိုလူငယ်စာရေးဆရာမကြီးက ထုတ်ဝေသူဘေးက ထိုင်ခုံတွင် အကျအနထိုင်ပြီး . . .

"ပထမတော့ ဖုန်းဆက်မလို့ပဲ၊ ဒီနားမှာ ကိစ္စလေးတစ်ခုရှိလို့ လာရင်း လမ်းကြုံလို့ ဝင်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာမ ကျွန်တော့်ဆီလာတာ ကိစ္စတစ်ခုခုရှိလို့လား"

ဆိုတော့ လူငယ်စာရေးဆရာမကြီးက . . .

'ရှိတယ် ရှိတယ်' ဟု ဆောင့်ကြီးအောင့်ကြီးနှင့် ပြောကာ မျက်နှာက မသာမယာဖြစ်ကာသွားသည်။ ထုတ်ဝေသူ ပုဂ္ဂိုလ်ကြီးလည်း ဆရာမလေးမျက်နှာတော် အညိုးတွင် ပျာယာခတ်သွားကာ . . .

"ဘာ ဘာများဖြစ်လို့လဲ ဆရာမ"

"ဘာဖြစ်ရမှာလဲ ကျွန်မ ဝတ္ထုအဖုံးဒီဇိုင်းကို လူပြောင်းဆွဲမယ်ဆိုလည်း ကျွန်မဆီကိုတော့ အကြောင်းကြားသင့်တာပေါ့၊ အခုတော့ ရှင်တို့ ဆုံးဖြတ်ချက်နဲ့ ရှင်တို့ ပြောင်းဆွဲပစ်တော့ ကောင်းသလား၊ ကျွန်မကို တပည့်တစ်ယောက်က ဖုန်းဆက်မှ ဒီအကြောင်း သိရတာ"

ထုတ်ဝေသူ ပုဂ္ဂိုလ်ကြီးက တစ်ချက်မျှ တွေဝေသွားကာ တစ်ခုခုကို အလေးအနက် စဉ်းစားသွားသလို ဖြစ်သွား၏။ ပြီးတော့မှ ဝေခွဲမရတဲ့ အမူအရာနဲ့ . . .

"ဘယ်ဝတ္ထုကို ပြောတာလဲ ဆရာမ"

လူငယ်စာရေးဆရာမကြီးက စိတ်ဆိုးမာန်ဆိုးအမူအရာနှင့်. .

"ဘယ်ဝတ္ထုရမလဲ ကျွန်မ ဝတ္ထုကို ပြောတာပေါ့"

"ဆရာမ ဝတ္ထုဆိုတာတော့ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ဘယ်ကလောင်နာမည်နဲ့ ရေးတဲ့ ဝတ္ထုလဲလို့ မေးတာပါ၊ ဆရာမက ကျွန်တော့်ဆီမှာတင် ကလောင်နာမည် သုံးခုလောက်နဲ့ ရေးနေတာ



ဆိုတော့ . . ."

"မူးမူးမွန်းကြပ် (ပြွန်တန်ဆာ) ကို ပြောတာ"

"ဪ် ဟုတ်"

ဟု ပြောကာ ထုတ်ဝေသူပုဂ္ဂိုလ် ငြိမ်ကာသွားသည်။ ခဏနေတော့ လူငယ်စာရေးဆရာမကြီးက . . .

"အဲ့ဒီကိစ္စ ဘယ်လိုရှင်းမလဲပြော၊ ကျွန်မကို အသိမပေးတာ ကောင်းလား"

ထုတ်ဝေသူကြီးက ခေါင်းတညိတ်ညိတ်လုပ်ကာ . . .

"ဒီကိစ္စ ဒီလိုရှိပါတယ် ဆရာမ"

"ကဲ ပြောစမ်းပါဦး ဘယ်လိုရှိတာလဲ"

"ဒီလိုပါ ဆရာမရေးတဲ့ မူးမူးမွန်းကြပ်ဆိုတဲ့ ကလောင်နာမည်နဲ့ရေးတဲ့ ဝတ္ထုတွေက အချစ်၊ ဟာသ၊ ဂမ္ဘီရ၊ သရဲ လိုင်းပေါင်းစုံ ထည့်ရေးထားတာပါ"

"ဟုတ်တယ်လေ အဲ့ဒါဘာဖြစ်လဲ အဲ့ဒါ အသစ် အသစ်"

"ဟုတ်ပါတယ် ဘာမှမဖြစ်ပါဘူး၊ ဖြစ်နေတာက ဒီဇိုင်းပါ"

"ဒီဇိုင်းက ဘာဖြစ်လို့လဲ"

"ဒီဇိုင်းဆရာက ဆရာမဝတ္ထုတွေကို ဖတ်ဖတ်ပြီး ဘယ်လိုဆွဲပေးရမှန်း မသိဘူးဖြစ်ဖြစ်သွားတယ်လို့ ကျွန်တော့်ကို ပြောပါတယ်"

"အဲ့ဒီတော့ . . ."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီတော့ ကျွန်တော်လည်း လိုင်းပေါင်းစုံကို ရောသမမွှေပြီး ဆွဲတတ်တဲ့ နောက်ဒီဇိုင်းဆရာတစ်ယောက်ကို အပ်လိုက်ရတာပါ"

လူငယ်စာရေးဆရာမကြီး ငိုင်သွားသည်။ ခဏနေတော့မှ ခေါင်း ကို ချာခနဲ ခါလိုက်ပြီး . . .

"မရဘူး အရင်ဒီဇိုင်းဆရာနဲ့ပဲ ကျွန်မကို ပြန်ဆွဲပေး"

"ဒါက ဒီလိုရှိပါတယ် ဆရာမ"

"ဒီလိုပဲရှိရှိ ဟိုလိုပဲရှိရှိ အရင်ဒီဇိုင်းဆရာနဲ့ပဲ ကျွန်မလိုချင်တယ်"

"ဆရာမရယ် ဒါကတော့ ဖန်တီးသူနဲ့ ခံစားသူ၊ ခံစားသူနဲ့ ပုံဖော်သူ၊ ပုံဖော်သူနဲ့ ပေးဆပ်သူဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ခံစားချက်ချင်း . . ."

လူငယ် စာရေးဆရာမကြီးက စိတ်ဆိုးမာန်ဆိုးနှင့် ဝုန်းခနဲ ထရပ်လိုက်သည်။ ဘူးဆို ဖရုံသီးချင်ပုံမရ။

"ဒီမှာ ရှင့်ဘာသာရှင် ဖန်တီးသူတွေ ခံစားသူတွေ ကျွန်မ မသိဘူး၊ ကျွန်မပြောတာ လုပ်မှာလား မလုပ်ဘူးလား ဒါပဲပြော"

"လုပ်ပါမယ်"

"ဒါဆိုပြီးတာပဲ ဒါလေးပြောဖို့အရေး ရှည်ကိုရှည်တယ်၊ ကဲ ကျွန်မသွားမယ်"

"ဟုတ်ကဲ့"

ထိုဆရာမကြီး ထွက်ကာသွားသည်။ သူမ ထွက်သွားတော့မှ



ထုတ်ဝေသူကြီးလည်း နဖူးမှ ချွေးကို ရဲရဲဝံ့ဝံ့ သုတ်ပစ်လိုက်ပြီး သူ့ကို ကြည့်ကာ . . .

"ဟူး ခက်တယ် ခက်တယ် ဘော်တော်လက်ပေါက်ကပ်တဲ့ အဘွားကြီးကွ၊ သတင်းစာ ကြော်ငြာထည့်ရင်လည်း သူကလောင်ရဲ့ ရှေ့မှာ လူငယ်စာရေးဆရာမလေးလို့ အတင်းထည့်ခိုင်းတယ်၊ သူ့အသက် ကြည့်တော့ လေးဆယ်ကျော်နေပြီ၊ လူငယ်ဆိုတာက တစ်ပြားမှ မလျှော့ဘူး"

သူက ထုတ်ဝေသူကြီးကို ကြည့်ပြီး ပြုံးရုံသာ ပြုံးနေလိုက်သည်။ ထုတ်ဝေသူက စကားခဏရပ်ပြီးတော့မှ သူ့ကိုကြည့်၍ . . .

"ဒါနဲ့ မောင်ရင် ဇာတ်ညွှန်းတွေပါ ရေးနေတယ်ဆို"

သူက ခေါင်းညိတ်ပြ၍ . . .

"ဟုတ်ကဲ့ မိတ်ဆွေတစ်ယောက်က ဆက်သွယ်ပေးတာနဲ့ ရုပ်ရှင်ကုမ္ပဏီတစ်ခုမှာ ဇာတ်ညွှန်းလေးတွေ စမ်းရေးဖြစ်နေတယ်၊ အခုထိတော့ ကျွန်တော် ဇာတ်ညွှန်းရေးထားတဲ့ ကားတွေ တစ်ကားမှ မရိုက်ဖြစ်သေးဘူးကြားတယ်"

ထိုစကားကို သူက အရယ်တစ်ဝက်နှင့် ပြောလိုက်ခြင်းဖြစ်သည်။ ထုတ်ဝေသူကြီးကလည်း သူ့စကားကြောင့် ပြုံးလိုက်၍ . . .

"ဒီလိုပေါ့ကွာ ဖြည်းဖြည်းချင်းတော့ ဖြစ်လာမှာပေါ့၊ မောင်ရင် နာမည်ကြီး စာရေးဆရာဖြစ်သွားရင် မောင်ရင့်ရဲ့ ဇာတ်ညွှန်းတင် မကဘူး မောင့်ရင့် ဝတ္ထုတွေကိုပါ ရုပ်ရှင်ရိုက်ဖို့ အလုအယက် လာ

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ကြမှာကွ"

သူက ပြုံးလိုက်ပါသည်။ ခွန်အားတစ်ခုလည်း ရင်ဘတ်ထဲသို့ ဝင်ရောက်ကာလာ၏။ ထို့နောက် ထုတ်ဝေသူက . . .

"မောင်ရင် လုံးချင်းလေးတွေလည်း ဆက်ရေးထားဦး၊ ပြီးရင်လည်း ပြီးသလောက် လာပို့ထားလိုက်၊ မောင်ရင် ကိုယ့်ကို ပေးထားတာ ငါးအုပ်နော်"

"ဟုတ်ကဲ့"

"အခု နှစ်အုပ် ထွက်ပြီးပြီဆိုတော့ သုံးအုပ် ကျန်သေးတာပေါ့ ဟုတ်လား၊ အဲဒီသုံးအုပ်မှာ တစ်အုပ်တော့ ရုံးကျပြီ၊ ရှေ့အပတ် ဖလင်ထုတ်ပြီးရင်တော့ ရိုက်လို့ရပြီပေါ့၊ လကုန်လောက်တော့ ထွက်မှာပါ"

"ဟုတ်ကဲ့ပါ ရပါတယ် အဆင်ပြေသလိုသာ လုပ်ပါ"

"စာမူခကတော့ ထုံးစံအတိုင်းပဲနော်၊ အခုချိန်ထိ အရင်း တောင်မရသေးတဲ့အတွက် မောင်ရင့်ကို ပေးလို့ မရသေးဘူး၊ အနည်း လေးတစ်ထောင်လောက်သွားမှ ကိုယ်ကြည့်ပေးလို့ရမယ်"

"ဟုတ်ကဲ့ သဘောပေါက်ပါတယ်"

"ကဲ ကဲ အဲဒါဆို မောင်ရင်လည်း သွားစရာရှိတာ သွားတော့၊ ကိုယ်လည်း ပန်းဆိုးတန်းဘက် လှည့်စရာရှိသေးတယ်"

ထို့နောက် စာအုပ်တိုက်မှ သူ ထွက်လာခဲ့သည်။ တိုက်အပြင်ဘက်ရောက်တော့ ခုန လူငယ်စာရေးဆရာမကြီးကို စတိုးဆိုင်တစ်ခု





မှာ ပစ္စည်းတွေ ဝယ်နေတာ တွေ့ရ၏။ ထို့နောက် ထိုဆရာမကြီးက ဆိုင်ထဲက ထွက်လာကာ လမ်းဘေးမှာ ရပ်ထားသော စလွန်းကားအဖြူလေးပေါ် တက်သွားကာ ကိုယ်တိုင်မောင်း၍ ထွက်သွားတာ တွေ့လိုက်ရ၏။

သူက ကားမှတ်တိုင်ဘက်သို့ ဘတ်စ်ကားစီးရန် လမ်းလျှောက်လာခဲ့လိုက်ပါတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"ပျို တို့မောင် တောင်ပေါ်ရိုးက ဖားကောက်ခဲ့ပါ၊ ဖားပါရင် တစ်ကောင်ပေး မျက်စိရယ် ကြောင်တောင်တောင်နဲ့ ဖားကောင်ကသေး"

ကိုအေးဆွေကြီး ပါးစပ်ထဲရှိရာတွေကို လျှောက်ညည်းနေခြင်းဖြစ်သည်။ သူနဲ့က ဟိုဘက်ခန်း ဒီဘက်ခန်းဆိုတော့ ကြားနေရ၏။ သူက လှမ်းပြီး . . .

"မိတ္ထီလာကန်တော်အောက်ကပါဗျာ၊ ဘယ်လိုလုပ် ပျိုတို့မောင် တောင်ပေါ်ရိုးက ဖြစ်သွားရတာလဲ၊ ခင်ဗျားနဲ့ကျမှပဲ ကလေးချော့တေးတွေလည်း ပျက်တော့မယ်"





"ဘာဖြစ်လဲကွာ ငါ့ဘာသာငါ ဘယ်က ကောက်ကောက်ပေါ့၊ မိတ္ထီလာက ကောက်ရင် ဝေးလို့ တောင်ပေါ်က သွားကောက်တာ ဘာဖြစ်လဲ"

ဟု ကိုအေးဆွေက ဘုကလန့် ပြန်ပြော၏။ ထိုအချိန်တွင် ခိုင်ကြီးက သူ့အခန်းထဲ ဝင်လာ၍ . . .

"ဟေ့ကောင် မင်းဖုန်းလာနေတယ်၊ အဆောင်မှူး ပြောခိုင်းလိုက်လို့"

သူ အိပ်ရာမှာလှဲနေရင်းက ခုတင်ပေါ်က ဆင်းလိုက်၍ . . .

"ဘယ်ကလဲ"

"ငါလည်း မသိဘူး၊ ပြောခိုင်းလိုက်လို့ လာပြောတာ"

"အမေ့ဆီက ထင်တယ်"

ဟု သူပြောလိုက်ရင်း အောက်ထပ် ဧည့်ခန်းသို့ ဆင်းလာလိုက်၏။ ထို့နောက် ဖုန်းခွက်ကို ကောက်ကိုင်လိုက်ပြီး ပြောလိုက်တော့ သူထင်သလို အမေ့ဆီက မဟုတ်ပေ။ ဟိုဘက်က အမျိုးသမီး တစ်ယောက်အသံ ထွက်လာ၏။

"စာရေးဆရာ လင်းခလား မသိဘူးနော်"

"ဟုတ်ကဲ့ ကျွန်တော် လင်းခပါ"

"ကျွန်မက ခေတ်သစ် ဗွီဒီယိုထုတ်လုပ်ရေးကပါ၊ ဆရာ ရေးထားတဲ့ ဇာတ်ညွှန်းလေးကို ဗွီဒီယိုရိုက်ချင်လို့ ဆက်သွယ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူ့ရင်ထဲမှာ ဒိတ်ကနဲ တစ်ချက် ခုန်သွားကာ ရုတ်တရက် ကြောင်သွားမိ၏။ ပြီးတော့မှ အပျော်အင်အားတို့ ခန္ဓာကိုယ်အနှံ့ ရောက်ရှိလာပြီး ကြက်သီးတွေတောင် ထကာသွား၏။

"ဟုတ် ဟုတ် ဟုတ်ကဲ့ခင်ဗျ၊ ရပါတယ်၊ ဟိုဟာ . . . အဲ့ဒါ"

"ဟုတ်ကဲ့ အဲ့ဒါ ကျွန်မတို့ မန်နေဂျာက ဆရာနဲ့ အလုပ်စကား ပြောချင်လို့တဲ့၊ မနက်ဖြန် ဆရာ အား လားမသိဘူး"

မနက်ဖြန်မှ မဟုတ်။ ဒီနေ့ကတည်းက အားနေသည်။ သူတို့ဘက်က မနက်ဖြန်ဆိုတော့လည်း မနက်ဖြန် ပေါ့။

"ဟုတ်ကဲ့ အားပါတယ်၊ ကျွန်တော် ဘယ်ကို လာရမလဲမသိဘူး"

"ကုမ္ပဏီရုံးခန်းကိုပဲ နေ့လယ် နှစ်နာရီလောက် လာခဲ့ပေးပါတဲ့"

"ဟုတ်ကဲ့ခင်ဗျ ကျွန်တော် ဆက်ဆက်လာခဲ့ပါမယ်"

ထိုသို့ပြောပြီး သူ ဖုန်းချပစ်လိုက်သည်။ ဖုန်းချပြီးနေ က် ဘာလုပ်ရမှန်း မသိသေးဘဲ လူက ကြောင်တောင်တောင်ကြီး မ က်တပ်ရပ်နေမိ၏။ ခဏနေတော့မှ အပေါ်ထပ်သို့ သူ ပြေးတက်သွားလို က် သည်။ သူ့ဇာတ်ညွှန်းလေး ဗွီဒီယိုရိုက်ရတော့မယ်ဆိုတော့ ရင်ထဲ အပျော်က ခန္ဓာကိုယ်အနှံ့ စီးဝင်ကာနေ၏။ ကိုယ်ယုံကြည်ရာ အနု ပညာလမ်းကြောင်းတစ်ခု၏ အထစ်လေးတစ်ထစ်ကို တက်လှမ်းခွင့် ရတော့မည်ဆိုတော့ သွေးသားတွေထဲမှာ အင်အားတွေ ပိုကြွကာ





မနေလေသည်။

ကိုအေးဆွေတို့ အခန်းရှေ့ကအဖြတ် အခန်းထဲမှ ထွက်လာသော ကိုအေးဆွေကြီးကို တွေ့လိုက်ရသောကြောင့် အပျော်ကြူးကာ ဖက်နမ်းပစ်လိုက်သည်။

"အားဝါး ဟား ကိုအေးဆွေကြီးက မွေးနေတာပဲ၊ ဒါ့ကြောင့် အဘွားကြီးက တစ်ဖက်သတ်ဖြစ်နေတာ"

ကိုအေးဆွေကြီးက သူဘာဖြစ်လာတယ်ဆိုတာကို မသိဘဲ ရုတ်တရက်ကြီး ဖက်နမ်းခံလိုက်ရသောကြောင့် ကြောင်တောင်တောင် ကြီး ဖြစ်သွားကာ . . .

"ဟေ့ကောင် ဘာတွေအရူးထလာတာလဲ"

"ဟား ဟား ဟား ဟား ဟေ့ကောင်ခိုင်ကြီး မင်းကလည်း ဒီနေ့ တော်တော်ချောလာတာပဲကွ၊ အသားလည်း ပိုဖြူလာတယ်"

ခိုင်ကြီးက သူ့ကိုယ်သူ ငုံ့ကြည့်၍ . . .

"ငါကတော့ ပုံမှန်ပါပဲ၊ မင်းမျက်လုံးသာ မကောင်းတော့တာ"

ထို့နောက် အခန်းထဲဝင်၍ ခုတင်ပေါ်သို့ ဝုန်းခနဲ သူ လှဲချလိုက်၏။ ခိုင်ကြီးနဲ့ ကိုအေးဆွေက သူ့နားရောက်လာ၍ . . .

"မင်းဘာဖြစ်လာတာလဲ ပြောစမ်းပါဦး၊ အညာက ဘကြီး သလို အမွေတွေ ရလိုက်လို့လား"

"ထို လှဲပါစေ ဖယ်ပါစေ၊ ဘာတွေလာပြောနေတာလဲ၊ အနို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရေးထားတဲ့ ဇာတ်ညွှန်းလေး ဗွီဒီယို ရိုက်တော့မလို့ဗျ၊ ခုန ဖုန်းက အဲ့ဒီကိစ္စလာတာ"

ထိုစကားကြောင့် ခိုင်ကြီးရော ကိုအေးဆွေပါ မျက်နှာတွေ ဝင်းလက်သွားကာ . . .

"ဟာ တကယ်လား ဒါ ဒါဆို မင်း ဇာတ်ညွှန်းရေးဆရာပါ ဖြစ်တော့မှာပေါ့"

"ဒါပေါ့ဗျ ဟဲ ဟဲ"

ထို့နောက် ခိုင်ကြီးက . . .

"ဒါဆို မင်း မင်းသမီးတွေနဲ့ သိခွင့်ရတော့မှာပေါ့ ဟုတ်လား"

"မင်းကတော့ ဒါပဲ"

"ဒါဆို မင်း ထွန်းအိန္ဒြာဗိုလ်တို့ ခိုင်သင်းကြည်တို့ အိန္ဒြာကျော်ဇင်တို့နဲ့ တွေ့ရင် ငါက အမြဲအားပေးနေတယ်ဆိုတာ ပြောပေးစမ်းပါကွာ . . . နော်"

ကိုအေးဆွေက ခိုင်ကြီးခေါင်းကို တစ်ချက် ရိုက်လိုက်ကာ . . .

"ဟိုကဖြင့် အလုပ်တောင် စမလုပ်ရသေးဘူး မင်းက ရှုပ်ပိုးထိုးဖို့ ပြင်နေပြီ"

"ဘာဖြစ်လဲဗျ သူတို့က ကျွန်တော့် ဖေးဘရိတ်တွေပဲဟာ"

ကိုအေးဆွေက ခိုင်ကြီးကို ကြည့်ကာ ရယ်လိုက်သည်။ ထို့နောက် သူ့ကို လှမ်းကြည့်၍ . . .





"အေးကွာ ဘာပဲဖြစ်ဖြစ် မင်းအတွက် ငါတို့ ဂုဏ်ယူပါတယ်၊ ဝမ်းလည်းသာတယ်၊ အင်း . . . ဒီလိုပဲကွ အနုပညာဆိုတာ ကိုယ်စိုက်ခဲ့တဲ့ မျိုးစေ့လေး အညှောင့်ထွက်ပြီး အပင်ပေါက်လာလို့ရှိရင် အဲ့ဒီအညှောင့်လေးက ထွက်လာတဲ့အပင်လေးကို . . ."

"ကဲ တော်ပါတော့ဗျာ အညှောင့်တွေရော အစေ့တွေရော ရှုပ်နေတာပဲ၊ ဒီမှာ လင်းခ မင်း ငါတို့ကို ဒီည ဘီယာတိုက်"

"ဟင် ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်တာပေါ့ကွ မင်းရဲ့ အောင်မြင်မှုရတဲ့ အထိမ်းအမှတ်လေးနဲ့ ပွဲလေးတစ်ပွဲတော့ ကျင်းပသင့်တာပေါ့"

သူက . . .

"ငါ့မှာ ပိုက်ဆံ သိပ်မရှိဘူးကွ"

"ငါတို့နှစ်ယောက်ထဲပဲ တိုက်ရမှာပါကွာ၊ ကျန်တဲ့ကောင်တွေကို အဲ့ဒီအကြောင်း မပြောနဲ့ပေါ့"

ကျန်တဲ့ကောင်တွေဆိုတာ အဆောင်မှာရှိတဲ့ ကျန်တဲ့လူတွေကို ဆိုလိုခြင်းဖြစ်သည်။ သူတို့အဆောင်က လူပေါင်းစုံရှိ၏။ ကျောင်းသား ရှိသည်။ အလုပ်သမား ရှိသည်။ ရုံးဝန်ထမ်း ရှိသည်။ ကျောင်းဆရာလည်း ရှိ၏။ သူလို နယ်ကတက်လာသော ဟိုမရောက် ဒီမရောက် စာရေးဆရာ ပေါက်စလည်း ရှိ၏။ ဒါကို ခိုင်ကြီးက ရည်ရွယ်ပြီး ပြောလိုက်ခြင်း ဖြစ်၏။ အကုန်လုံးသာ ကျွေးရရင်တော့ ရှိတဲ့ပိုက်ဆံက မလောက်ပေ။ ထို့ကြောင့် ခိုင်ကြီး စီစဉ်သည့်အတိုင်းသာ သူ့



www.burmeseclassic.com

ယောက်တည်း ကြိတ်၍ ထွက်လာခဲ့လိုက်၏။

ဘီယာဆိုင်သွားသည့် သူ့ခြေလှမ်းတွေက တက်ကြွလျက် . . .



ချိန်းထားချိန်က နှစ်နာရီဆိုသော်လည်း စိတ်လောပြီး ထွက်လာမိသောကြောင့် နေ့လယ် တစ်နာရီလောက်ကတည်းက မြို့ထဲကို ရောက်နေသည်။ ကုမ္ပဏီရုံးခန်းသို့သွားရန် စောနေသေးသောကြောင့်တစ်ကြောင်း ကိုယ့်သိက္ခာလေး ကိုယ်ထိန်းလိုက်သည့်အနေဖြင့်လည်းကောင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်းအချိန်ဖြုန်းနေလိုက်သည်။

လက်ဖက်ရည်ဆိုင်မှာ လေးဆယ့်ငါးမိနစ်လောက် အချိန်ဖြုန်းပြီးတော့မှ သူ ထထွက်လာခဲ့၏။ ရုံးခန်းရောက်တော့ အဝင်ဝ စားပွဲမှာ ကောင်မလေးသုံးယောက် ထိုင်နေတာ တွေ့ရ၍ သူ လှမ်းသွား

www.burmeseclassic.com



လိုက်ပြီး . . .

"ဟိုဟာ ကျွန်တော့်ကို ချိန်းထားလို့လာတာပါ၊ အဲ့ဒါ . . . ဟို"

သူ့စကားမဆုံးခင်ပင် ကောင်မလေး တစ်ယောက်က သူ့ကို ကြည့်ပြီး . . .

"ဘယ်သူနဲ့ ချိန်းထားတာလဲ မသိဘူးနော်"

"ဒီ ဒီက မန်နေဂျာနဲ့ပါ၊ မနေ့က ဖုန်းဆက်ထားလို့"

"ဪ ဟုတ်ကဲ့ အစ်ကို့နာမည်က . . ."

"ကျွန်တော့်နာမည် လင်းခပါ၊ ဟို စာ စာရေးဆရာ လင်းခပါ၊ အဲ့ဒါ ဒီကုမ္ပဏီကို ပေးထားတဲ့ ကျွန်တော့် ဇာတ်လမ်းလေးကိစ္စ လာတာပါ"

အဲ့ဒီတော့မှ ကောင်မလေးက သူ့ကို မှတ်မိသွားဟန်နှင့် . . .

"ဪ ဟုတ်တယ် ဟုတ်တယ် အစ်ကို့ဆီကို မန်နေဂျာက ဖုန်း ဆက်ခိုင်းလို့ ကျွန်မ မနေ့က ဖုန်းဆက်လာတာ၊ ထိုင်ပါဦးနော် ကျွန်မ တို့ မန်နေဂျာ အပြင်သွားနေလို့ ခဏ"

သူ ခေါင်းညိတ်ပြလိုက်ကာ ထိုင်ခုံတစ်လုံးမှာထိုင်ရင်း စောင့်နေလိုက်၏။ ထို့နောက် နံရံမှာ ကပ်ထားသော ဇာတ်ကားပိုစတာတွေကို အပျင်းပြေ လိုက်ကြည့်နေလိုက်၏။ နောက်ဆို သူ့ဇာတ်လမ်းလေးတွေ လည်း ဗွီဒီယိုရိုက်ရလျှင် ဒီလိုပိုစတာလေးတွေမှာ ဇာတ်လမ်း ဇာတ်



ညွှန်း လင်းခဆိုပြီး ပါခွင့်ရတော့မည်ဟု တွေးကာ ပျော်နေမိပါသည်။

"ဪ ဟုတ်ကဲ့ ဟုတ်ကဲ့ ဆရာ၊ သူ ရောက်နေပါပြီ ဆရာ"

"---------"

"ဪ ဟုတ်ကဲ့ ဟုတ်ကဲ့ အဲ့ဒါဆို သူ့ကို လွှတ်လိုက်ရမလား ဆရာ"

"---------"

"ဟုတ်ကဲ့ အဲ့ဒါဆို ဒါပဲနော် ဆရာ"

စားပွဲမှာ ထိုင်နေတဲ့ ခုနကောင်မလေးရဲ့ ဖုန်းပြောနေသံကို ကြားလိုက်၍ သူလှည့်ကြည့်လိုက်မိသည်။ ကောင်မလေးက ဖုန်းချ လိုက်ပြီးနောက် သူ့ကို လှမ်းကြည့်၍ . . .

"ကိုလင်းခကို ဆရာက ရိုက်ကွင်းကို လိုက်ခဲ့ဖို့ ပြောနေပါတယ်၊ ဆရာက ရိုက်ကွင်းပေါ် ရောက်နေလို့တဲ့၊ ဟိုမှာလည်း ကိုလင်းခရဲ့ ဇာတ်လမ်းကို ရိုက်မယ့် မင်းသမီးလည်း ရှိနေတယ်ပြောတယ်"

သူက ထိုင်ရာမှ ထလိုက်ကာ . . .

"ရပါတယ် ကျွန်တော် လိုက်သွားလိုက်ပါမယ်၊ ရိုက်ကွင်းက ဘယ် နေရာလဲ မသိဘူး"

"နီးပါတယ် ကန်တော်ကြီးထဲမှာပါ"

ထို့နောက် သူ ကောင်မလေး ညွှန်ပြတဲ့ နေရာကို အတိအကျ မှတ်၍ ထွက်လာခဲ့လိုက်၏။ အမြန်ဆုံး ရိုက်ကွင်းရှိရာသို့ ရောက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားမစီးတော့ဘဲ ကကတစ်စီးငှား၍ ထွက်လာခဲ့လိုက်ပါသည်။ ရိုက်ကွင်းနေရာသို့ရောက်တော့ မန်နေဂျာကို လိုက်ရှာနေစဉ် သူ့ဘေးနားသို့ လူတစ်ယောက် ရောက်လာ၍ . . .

"မန်နေဂျာကြီးက ဟိုနားက ဆိုင်လေးမှာ စောင့်နေတယ် အစ်ကို၊ အစ်ကို ဆင်းလာတာတွေ့လို့ ကျွန်တော့်ကို ခေါ်ခိုင်းလိုက်လို့ပါ"

သူ လာခေါ်တဲ့လူနောက်သို့ လိုက်သွားလိုက်သည်။ ကန်တော်ကြီး ရေပြင်၏ ကမ်းစပ်နားတွင် တည်ရှိသော ထိုဆိုင်လေးအတွင်းသို့ သူ ဝင်လိုက်ချိန်တွင် မန်နေဂျာကြီးက စားပွဲတစ်လုံးမှာ ထိုင်ရင်း သူ့ကို လက်ယပ်လှမ်းခေါ်တာ တွေ့လိုက်ရ၏။

"လာ ညီလေး ဒီကိုလာ"

သူလည်း ပြုံးပြ၍ လှမ်းသွားပြီး ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်၏။

"ဆောရီး ညီလေး၊ ညီလေး ရုံးခန်းကို ရောက်နေလိမ့်မယ်ဆိုတာ ကိုယ်သိလို့ ဖုန်းလှမ်းဆက်ပြီး ခေါ်လိုက်ရတာ၊ ဒီမှာ မင်းသမီးက လည်း ရှိနေတယ်လေ၊ သူကတော့ ဇာတ်ကို ဖတ်ပြီး ကြိုက်တယ်လို့ ပြောတယ်"

သူ့ရင်ထဲမှာ ဝမ်းသာသွားကာ ပြုံးပြလိုက်၍ . . .

"ဟုတ်ကဲ့ ကျွန်တော့်ဇာတ်ကလေးကို ကြိုက်တယ်ဆိုတော့ ဝမ်းသာပါတယ် အစ်ကိုရယ်"

မန်နေဂျာက ပြုံး၍ . . .





"ဒါပေမယ့် တစ်ခုတော့ရှိတယ် ညီလေးရ"

"ဟုတ်ကဲ့ ပြောပါအစ်ကို"

"မင်းသမီးက ဇာတ်နဲ့ ပတ်သက်လို့ နည်းနည်းပြင်ချင်တယ် ပြောနေတယ်"

"ဗျာ ဘယ်လို"

အံ့ဩသွားသော အမူအရာကြောင့် မန်နေဂျာကြီးက သူ့ပခုံးကို လက်နဲ့ လှမ်းကိုင်လိုက်၍ . . .

"ပြင်ချင်တယ်ဆိုတာ ဒီလိုပါ ညီလေးရာ၊ သိပ်အများကြီးတော့ မဟုတ်လောက်ဘူး ထင်ပါတယ်၊ တချို့ဇာတ်ကွက်လေးတွေကို သူက ပြောင်းချင်တယ် ပြောတာပါ၊ ဒါကလည်း ညီလေးနဲ့ တိုင်ပင်ပြီးမှ လုပ်မှာပါ"

သူ ငြိမ်သွားမိသည်။ မန်နေဂျာကြီး ပြောသည့် စကားရဲ့ အဓိပ္ပာယ်ကိုလည်း သူ သိပ်နားမလည်သလို ဖြစ်သွားမိ၏။ မင်းသမီးက သူ့ဇာတ်ကို ကြိုက်တယ်လည်း ပြောသေးသည်။ ပြင်ဖို့လည်း ပြောနေသည်ဆိုတော့ ဘာတွေလည်း သူ မသိတော့။

တွေဝေနေသော သူ့အမူအရာကို ကြည့်၍ မန်နေဂျာကြီးက. .

"ကဲ တော်ကြာ ညီလေး သူနဲ့ တွေ့လိုက်ရင် ရှင်းသွားမှာပါ၊ တော်ကြာ ရိုက်ကွင်းပြီးတာနဲ့ သူ ဒီကိုလာလိမ့်မယ် ခဏစောင့် တစ်ခုခု သောက်ရင်း စောင့်နေလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမတတ်နိုင်တော့။ စောင့်နေရုံသာ ရှိတော့၍ သံပရာရည်တစ်ခွက် မှာလိုက်ကာ ထိုင်စောင့်နေလိုက်ပါတော့သည်။ မန်နေဂျာကြီးကလည်း ပါလာတဲ့ ဖုန်းနှစ်လုံးနှင့် လာသမျှဖုန်းတွေကို လက်ခံပြောနေတာ မအားမလပ်ရှိနေရ၏။ သူလည်း လာချပေးသည့် သံပရာရည်တစ်ခွက်ကို ဗိမ်ဆွဲကာ သောက်နေလိုက်သည်။ ထိုသံပရာရည်ကုန်သွားသည်အထိ မင်းသမီးမှာ ရောက်မလာသေး။

တော်တော်လေးကြာမှ လူတစ်ယောက် အရင်ရောက်လာပြီး မင်းသမီး ဒီကိုလာတော့မည်ဆိုတဲ့အကြောင်း မင်းသမီးက သူရောက်လာရင် အဆင်သင့်စားသောက်နိုင်ရန် ချောကလက်မစ်ရှိတ်တစ်ခွက်နှင့် ငါးအသားလွှာချိစ် တစ်ပွဲ ကြိုတင်မှာပေးထားရန် လာပြောသွားသည်။ မန်နေဂျာကြီးလည်း ခုန အရေးတကြီးလုပ်၍ ပြောနေသောတယ်လီဖုန်းတွေက မင်းသမီး မှာလိုက်သော ချောကလက်မစ်ရှိတ်တစ်ခွက်နှင့် ငါးအသားလွှာချိစ်အောက်တွင် ဘာမှအရေးမကြီးတော့ပေ။ ဖုန်းနှစ်လုံးကို ချက်ချင်းပစ်ချ၍ စားပွဲထိုးလေးကို လှမ်းခေါ်လိုက်ကာ အလုပ်ရှုပ်သွားသည်။

“မြန်မြန်နော် မြန်မြန်”

ဆိုသည့် စကားကိုလည်း ထပ်ခါထပ်ခါ မှာ၏။ ခဏကြာတော့ မှာထားတဲ့ အစားအစာတွေ ရောက်လာသည်။ မရှေးမနှောင်းမှာပင် မင်းသမီးလည်း ရောက်ကာလာပါတော့သည်။

သူက မင်းသမီးကို ကြည့်၍ ကြောင်ကာ ထိုင်နေမိသည်။



ကိုယ်က သူမကို ရုပ်ရှင်ပိတ်ကားပေါ်တွင်လည်းကောင်း တီဗွီဖန်သားပြင်ပေါ်တွင်လည်းကောင်း စသည်ဖြင့်သာ မြင်ခဲ့ဖူးသည်။ အခုလို အရှင်လတ်လတ် မျက်ဝါးထင်ထင်ကြီး တွေ့လိုက်ရတော့ ရုတ်တရက်ကြက်သေ သေသွားခြင်းဖြစ်၏။

ဖွတ်မေ့ ပတတ်မေ့ကြီး ငေးနေသော သူ့ကို မန်နေဂျာကြီးက ချောင်းဟန့်၍ သတိပေးလိုက်ပြီး မင်းသမီးကို ကြည့်လိုက်ကာ . . .

“ထိုင်ပါ ညီမလေး၊ ညီမလေး မှာထားတဲ့ အစားအသောက်တွေလည်း မှာထားပါတယ်”

“ခစ် ခစ် ခစ် အားနာစရာကြီး၊ ကျွန်မက အောင်ကြီးကို သူကိုယ်တိုင် မှာခဲ့ဖို့ ပြောလိုက်တာပါ၊ သူက မန်နေဂျာကြီးကို မှာခိုင်းခဲ့တာကိုး အားနာစရာ”

အောင်ကြီးဆိုတာ ခုနလာပြောသွားသော မင်းသမီးရဲ့ တပည့်ဖြစ်ပုံရသည်။ မန်နေဂျာကြီးကလည်း ပြုံးဖြီးဖြီးကြီးနှင့် . . .

“ဟဲ ဟဲ ဟဲ ဟဲ ရပါတယ် ညီမလေးရယ် ဟဲ ဟဲ ဟဲ ဟဲ”

ဆိုပြီး ပီတိတွေ ဖြာကာနေလေသည်။ ခဏကြာတော့ မန်နေဂျာကြီးက . . .

“ညီမလေးကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ညီမလေး ဖတ်ထားတဲ့ ဇာတ်ကိုရေးတဲ့ စာရေးဆရာလေ လင်းခတဲ့”

မင်းသမီးက အခုမှ သူ့ကို လှမ်းကြည့်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်ကဲ့၊ ဒါနဲ့ ဆောရီးနော် ဘယ်ဇာတ်လမ်းလည်း မသိဘူး၊ ကျွန်မဖတ်ထားတဲ့ ဇာတ်လမ်းတွေက နှစ်ခု သုံးခု ဖြစ်နေလို့"

"ဗိုးနပ်စ်ရဲ့ တောင်ပံ ဆိုတဲ့ ဇာတ်လမ်းလေးလေ၊ ညီမလေး ဟိုနေ့က အဲ့ဒီဇာတ်ကလေး သဘောကျတယ်လို့တောင် ပြောသေးတယ်"

ထိုစကားကို မန်နေဂျာကြီးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ မင်းသမီးက ခဏစဉ်းစားသလို အမူအရာလုပ်ပြီး . . .

"ဩော် ဟုတ်ပြီ ဟုတ်ပြီ မှတ်မိသွားပြီ၊ အဲ့ဒီဇာတ်လမ်းလေးကို ကြိုက်တယ်၊ ဒါပေမယ့် ဟိုဟာလေ ဇာတ်လမ်းနဲ့ပတ်သက်ပြီးတော့ နည်းနည်းပြောစရာလေး ရှိလို့"

မင်းသမီးရဲ့ စကားဆုံးတော့ မန်နေဂျာကြီးက . . .

"အဲ့ဒါကြောင့် ဒီက ဆရာလေးကို ဒီကို ခေါ်လိုက်ရတာပေါ့၊ ညီမလေးနဲ့ တစ်ခါတည်း တွေ့လိုက်တော့ ညှိစရာရှိတာ ညှိလို့ ရသွားတာပေါ့ ဟုတ်ဘူးလား"

မင်းသမီးက ပြုံးကာခေါင်းညိတ်ပြသည်။ ထို့နောက် သူက. . .

"ဒါနဲ့ ညီမက ကျွန်တော့်ဇာတ်လမ်းနဲ့ ပတ်သက်လို့ ဘာများ အခက်အခဲရှိနေလို့လဲ ပြောပါဦး"

မင်းသမီးက ချက်ချင်းပြန်မဖြေသေးဘဲ မစ်ရှိတ်ကို တစ်ချက် စုပ်သောက်လိုက်ပြီးမှ တစ်သျှူးတစ်ရွက်ယူ၍ သူမနှုတ်ခမ်းကို ယုယ



စွာ သုတ်လိုက်ပြီးမှ . . .

"ဒီလိုပါ ဇာတ်လမ်းသဘောတရားအရ တူမကို မရလို့ အဒေါ် အပျိုကြီးကို ချစ်ဟန်ဆောင်ပြီး လက်စားချေတဲ့ ဇာတ် ဟုတ်တယ် မလား"

သူ ခေါင်းညိတ်ပြလိုက်သည်။ မင်းသမီးကပဲ ဇာတ်လမ်းကို ဆက်၏။

"ဒီဇာတ်လမ်းမှာ ကျွန်မက တူမနေရာက သရုပ်ဆောင်ရမှာမို့ လို့ ကျွန်မအတွက် လုပ်ကွက်များများလေး ရအောင် တူမနေရာက ဇာတ်ကွက်တွေကို ဒီ့ထက် ရှည်ရှည်လေး ရေးပြီး နေရာများများ ထည့်ပေးလို့ မရဘူးလားဟင်"

သူ တစ်ချက်တွေဝေသွားသည်။ သူ့ဇာတ်လမ်းအရ မင်းသား (ထိုဇာတ်လမ်းထဲတွင် ပါသော ဇာတ်ကောင်) က တူမကို အရင်ရဖို့ ကြိုးစားသည်။ ထိုသို့ ကြိုးစားစဉ် တူမဖြစ်သူက မနှစ်သက်၍ လူပုံ အလယ်မှာ အရှက်ခွဲလိုက်သောကြောင့် မင်းသားက ရှက်လည်းရှက်၊ စိတ်လည်းနာသွားကာ အဒေါ်ဖြစ်သူအား ချစ်ဟန်ဆောင်ပြီး ဝင်လုံးသော ဇာတ်လမ်း။ နောက်ဆုံး၌ အဒေါ်ဖြစ်သူကလည်း သူ့ကို ထိုကောင်လေးက တကယ်မချစ်မှန်းလည်း သိသွားသည်။ သူ့တူမကို လက်စားချေချင်၍ သူ့ကို ဝင်ကပ်သည်ဆိုတာကိုလည်း သိသွား၏။ သို့သော် သူမကိုယ်တိုင်က ထိုကောင်လေးကို တကယ် အချစ်စစ် အချစ်မှန်နှင့် ချစ်သွားသောကြောင့် သိသိကြီးနှင့် လက်စားချေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သော ဇာတ်လမ်းပင်ဖြစ်သည်။

ထိုဇာတ်လမ်းတွင် ယခု သူ့ရှေ့တွင် ရှိနေသော မင်းသမီးက တူမနေရာမှာ သရုပ်ဆောင်ရမှာဖြစ်၏။ အဒေါ်နေရာမှာတော့ တစ်ခြား မင်းသမီး ခပ်ကြီးကြီးတစ်ယောက် ဖြစ်လိမ့်မည် ထင်သည်။ ဇာတ်သဘောအရ တူမ နေရာက အဒေါ်နေရာထက် ဇာတ်ကွက် အနည်းငယ် နည်းနေသည်။ ထိုအရာကိုထောက်၍ မင်းသမီးက သူမ သရုပ်ဆောင်သောနေရာတွင် ဇာတ်ကွက် ခပ်များများ လိုချင်သောကြောင့် သူ့ကို ပြောခြင်းပင်ဖြစ်၏။

သူ တစ်ချက် စဉ်းစားလိုက်သည်။ ထိုဇာတ်လမ်းတွင် တူမသည် ဇာတ်၏ သဘောတရားအရပင် အဒေါ်ဖြစ်သူလောက် အဓိက မကျလှပေ။ ထို့ကြောင့် တူမနေရာကို မင်းသမီးပြောသလို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြလိုက်လျှင် ဇာတ်၏ (Tampo) သည် မျောသွားနိုင်သည်။ ထို့အပြင် အဒေါ်နေရာကိုလည်း လျှော့လို့မဖြစ်။ အဒေါ်နေရာက ဇာတ်၏ အရေးကြီးသော အစိတ်အပိုင်းမှာလည်း အဓိက ပါဝင်နေသောကြောင့်ဖြစ်၏။

ထို့ကြောင့် သူက . . .

"အဲ့ဒီလို လုပ်ပေးလို့တော့ အဆင်မပြေဘူးထင်တယ်ဗျ၊ ဘာလို့လဲဆိုတော့ ကျွန်တော်က အဲ့ဒီဇာတ်လမ်းလေးကို ရေးကတည်းက ဘယ်အချိန်မှာ ဘာဖြစ်မယ်၊ ဘယ်အချိန်မှာ ဘယ်လိုဇာတ်လမ်းပြောင်းလဲရမယ်ဆိုတာကို တွေးပြီး ရေးထားတာပါ၊ ညီမပြောသလို



တူမနေရာကို များများထည့်ပြီး အဒေါ်နေရာကို နည်းပြီး ယူလိုက်ရင် ဇာတ်က အရင်ယူထားတဲ့ ဖရိန် ပျက်ပြီး မျောသွားလိမ့်မယ်၊ အဲ့ဒါကြောင့် ကျွန်တော့်ဘက်က အဲ့ဒီလိုတော့ လုပ်ပေးလို့ မရပါဘူး"

မင်းသမီးက ဘာမှမပြောပေ။ သူပြောတဲ့ စကားတွေကို နားထောင်နေ၏။ ထို့နောက် သူမထံ ဖုန်းဝင်လာ၍ ဖုန်းထပြောသည်။ ဖုန်းပြောပြီးသွားတော့ နေရာတွင် ပြန်ထိုင်ကာ သူ့ကိုကြည့်၍ . . .

"ဒါဆို အစ်ကိုက ကျွန်မပြောသလို လုပ်ပေးလို့ မရဘူး ဆိုပါတော့"

သူက ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းပြလိုက်ကာ . . .

"ဆောရီးပါ ညီမရယ် ကိုယ် အဲ့ဒီလိုတော့ လုပ်ပေးလို့ မရလို့ပါ"

ထို့နောက် မင်းသမီးက တစ်ချက်စဉ်းစားသလို လုပ်လိုက်သည်။ ထို့နောက် . . .

"ဒါဆို ဒီလိုလုပ်ပါလား"

သူက မင်းသမီးစကားကို နားစိုက်ထောင်နေမိသည်။ မန်နေဂျာကြီးက အားတက်သရောနှင့် . . .

"ဘယ်လိုလုပ်ရမလဲ ညီမလေး၊ ပြောလေ"

"ဇာတ်ကို ပြောင်းလိုက်ပါလားဟင်၊ တူမကို လက်စားချေဖို့ အဒေါ်ကို ချဉ်းကပ်တာ မဟုတ်ဘဲ အဒေါ်ကို လက်စားချေဖို့ တူမကို ချဉ်းကပ်တာဆိုရင်ကောဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

သူ အံ့ဩတကြီးနှင့် ရုတ်တရက် ထအော်မိလိုက်တော့ မင်းသမီး လန့်ကာသွား၏။ သူ့စိတ်ထဲမှာလည်း မာနကြောင့် ဒေါသ တစ်ချက် ထောင်းခနဲ ထွက်ကာသွားလေသည်။ သူ့မျက်နှာကလည်း ထိုဒေါသ ကြောင့်ပင် ရုတ်ချည်း တင်းမာသွားသောကြောင့် မန်နေဂျာကြီးက ပျာပျာသလဲနှင့် သူ့ပခုံးကို လာဖိထား၏။ စိတ်ကို လျှော့ပါ ညီလေးရာ ဆိုသည့် အကြည့်များနှင့် ကြည့်ကာနေ၏။

သူ စိတ်ကို တစ်ချက်ထိန်းလိုက်ပါသည်။ အနုပညာကို လုပ်နေ ပြီး အနုပညာနဲ့ပတ်သက်၍ တစ်ဖက်သား မွေးဖွားထားသော အရာ တစ်ခုကို ကိုယ့်ရဲ့ အတ္တတစ်ခုနဲ့ ကိုက်ညီအောင် အတင်းဇာတ်သွင်း ပုံဖော်ယူနေမှုကြောင့် တစ်ဖက်သားရဲ့ ရင်တွင်းခံစားချက်ကို သူမ နားမလည်နိုင်တော့ဘူးလား။ သူမမှာ အနုပညာသမားတစ်ယောက် လို့ ကိုယ့်ကိုကိုယ် ခံယူထားတဲ့ ခံယူချက်ရော ရှိသေးရဲ့လား မသိပေ။ လောလောဆယ် သူမြင်တွေ့လိုက်ရတာကတော့ သူမမှာ အတ္တတစ်ခု ပဲ ရှိသည်။ ဒါကလည်း အနုပညာအတ္တမဟုတ်၊ သူမ၏ ကိုယ်ပိုင်အတ္တ သာ ဖြစ်သည်။

သူ ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။ ထို့နောက် သူမကို တစ်ချက်စိုက်ကြည့်၍ . . .

"အခုလို ကျွန်တော့်ရဲ့ ဇာတ်လမ်းကို စိတ်ဝင်တစား ရှိပေးတဲ့ အတွက်ရော၊ အခုလို ဇာတ်လမ်းနဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့အတွက်



ရော ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မင်းသမီးပြောတဲ့ ဇာတ်လမ်းအတိုင်း ကျွန်တော့်ရဲ့ ဇာတ်ကို ပြောင်းလဲမပေးနိုင်တာ တော့ ခွင့်လွှတ်ပါ၊ ကျွန်တော် သွားလိုက်ပါဦးမယ်"

ထိုသို့ပြောပြီး သူလှည့်ထွက်လိုက်သည်။ မင်းသမီးကတော့ သူ အဲ့ဒီလိုလုပ်လိမ့်မည်မထင်၍ တအံ့တဩဖြစ်ကာ ကြည့်နေ၏။

မန်နေဂျာကြီး ပျာယာခတ်သွားလေတော့သည်။ သူပဲ ပြေးဆွဲရ တော့မလိုလို မင်းသမီးကိုပဲ ချော့ရတော့မလိုလို ဖြစ်သွား၏။ ထို့ နောက် မန်နေဂျာကြီးက ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ သူ့ရဲ့ အတွေ့အကြုံအရ ချက်ချင်းစဉ်းစားလိုက်ပြီး မင်းသမီးထံ လှည့် ကြည့်လိုက်ကာ . . .

"ဒီ ဒီလိုလုပ်ပါလား ညီမလေး၊ ညီမလေးရော ဒီညီလေးရေးတဲ့ ဇာတ်လမ်းသဘောတရားအရရော အားလုံးအဆင်ပြေသွားအောင် တူမနေရာကိုရော အဒေါ်နေရာကိုပါ ညီမလေး တစ်ယောက်တည်း သရုပ်ဆောင်လိုက်ပါလားဟင်"

မင်းသမီးက မန်နေဂျာကြီးကို လှည့်ကြည့်၍ . . .

"ကျွန်မက စရိုက်နှစ်မျိုး သရုပ်ဆောင်ရမယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ အဲ့ဒါဆို တစ်ကားလုံး ညီမလေး လုပ်ကွက် တွေချည်းပဲ၊ နှစ်ကိုယ်ခွဲပေါ့ မဟုတ်ဘူးလား"

ထိုတော့ မင်းသမီးက ပြုံးလိုက်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ အဲ့ဒီလိုလုပ်လိုက်လည်း ပြီးတာပဲ၊ စောစောက မန်နေဂျာကြီးက ဘာလို့ မပြောတာလဲ"

"အဟီး အစ်ကိုလည်း အခုမှ စဉ်းစားမိတာ" ဟု မန်နေဂျာကြီးကပြောရင်း ထွက်သွားသော သူ့ကို လိုက်ခေါ်ကာ အကျိုးအကြောင်း ရှင်းပြ၏။

သူက မန်နေဂျာကြီးကို ကြည့်၍ . . .

"ဒါတော့ မန်နေဂျာကြီးတို့ သဘောပဲ၊ ဒီအပိုင်းကိုတော့ ကျွန်တော့်ဘက်က ဝင်ရောက်စွက်ဖက်ခွင့် မရှိပါဘူး၊ ကျွန်တော့်ဇာတ်လမ်းနဲ့ပတ်သက်လို့ ဇာတ်အိမ်ကို မထိခိုက်ရင် ပြီးတာပဲ"

ဤသို့ဖြင့် ထိုကိစ္စ အဆင်ပြေသွားသည်။ ထို့နောက် မန်နေဂျာကြီးက ဇာတ်လမ်းအတွက် အနုပညာကြေးကို ကုမ္ပဏီရုံးခန်းသို့ လိုက်ယူရန် ပြောသည်။ သူက ခေါင်းညိတ်ပြလိုက်၏။

ထို့နောက် မင်းသမီးက ရိုက်ကွင်းပြန်စပြီမို့ ဆိုင်ထဲက ထကာသွား ၏။ ဆိုင်ထဲက အထွက်တွင် သူ့ဘေးနား ရောက်လာ၍ မင်းသမီးက သူ့ကို လှမ်းပြီး . . .

"အစ်ကိုက အသံတော်တော်အောင်တာပဲနော်၊ စာရေးဆရာ မလုပ်ဘဲ အဆိုတော်လုပ်ပါလား"

သူက ကြောင်တောင်တောင်နှင့် . . .

"ဘာဖြစ်လို့လဲ"

[redacted]



"ခုန အော်ထည့်လိုက်တာ အသံတော်တော် ကျယ်တာပဲ၊ ကျွန်မ တောင် လန့်သွားတယ်"

ထိုသို့ပြောပြီး ထွက်သွား၏။ သူသာ ဘာပြန်ပြောလို့ ပြောရမှန်း မသိဘဲ အူကြောင်ကြောင်ကြီးဖြစ်ကာ ကျန်ခဲ့ရပါတော့သည်။ ခဏနေတော့ မန်နေဂျာကြီးနှင့် ကုမ္ပဏီရုံးခန်းသို့ လိုက်သွားကာ ပိုက်ဆံလိုက်ယူပြီး ပြန်ခဲ့တော့၏။

လူက စိတ်မော လူမော ဖြစ်သွားကာ ဟိုပြေးလိုက်ရ ဒီသွားလိုက်ရနှင့် တော်တော်ပင်ပန်းသွား၏။ ဘာပဲဖြစ်ဖြစ် အဆင်ပြေပြေ ဖြစ်သွားသည့်အတွက်ကြောင့် ပင်ပန်းရကျိုးနပ်သည်ဟုတော့ ဆိုရပေလိမ့်မည်။

❖ ❖ ❖

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဧနဲ့ လယ်ခင်းမှီ ရာသီဥတုက ပြင်းရှရှနှင့် အရာရာ တိတ်ဆိတ်ခြောက်သွေ့ကာနေ၏။ အဆောင်မှာ ရှိတဲ့လူတွေကလည်း ကိုယ့်အလုပ်နဲ့ကိုယ် အပြင်ထွက်သွားကြ၍ ပတ်ဝန်းကျင်က တိတ်ဆိတ်ကာနေလေသည်။ သူလည်း အခန်းထဲက စားပွဲမှာထိုင်၍ ရေးလက်စ ဝတ္ထုကို ဆက်ရေးနေလိုက်သည်။ ခဏနေတော့ ခိုင်ကြီး သူ့အခန်းထဲ ရောက်ကာလာ၏။

"ဟေ့ကောင် စာရေးနေတာလား"

သူလှည့်ကြည့်လိုက်၍ . . .

"မင်း ဒီနေ့ အလုပ်က ပြန်လာတာ အစောကြီးပါလား၊ ဘာဖြစ်





လို့လဲ"

"အေးကွာ နေမကောင်းချင်သလိုလို ဖြစ်နေတာနဲ့ နေ့တစ်ဝက် ခွင့်ယူပြီး ပြန်လာတာ"

သူ ရေးလက်စ စာအုပ်ကို ပိတ်လိုက်သည်။ ခိုင်ကြီးက သူ့ကို ကြည့်၍ . . .

"ရေးလေ ငါလာလို့ အနှောင့်အယှက်ဖြစ်သွားတာလား"

"မဟုတ်ပါဘူး ရပါတယ်၊ ငါလည်း ဘာရေးရမှန်းမသိဘူး ဖြစ်နေ တာပါ"

ခိုင်ကြီးက ပြုံးလိုက်သည်။ ထို့နောက် . . .

"မင်းတို့ စာရေးဆရာတွေလည်း မလွယ်ဘူးနော်၊ ဝတ္ထုတစ်ပုဒ် ပြီးဖို့ တော်တော်စဉ်းစားရတာ"

"ဒီလိုပဲပေါ့ကွာ၊ ကိုယ်ဝါသနာပါရာ အလုပ်ဆိုတော့လည်း ပျော် ပါတယ်"

"ဒါနဲ့ မင်းတို့စာရေးဆရာတွေ ကုန်ကြမ်း ဘယ်လိုရှာလဲ"

"ဒါကတော့ အစားစားပဲကွ၊ တစ်ယောက်နဲ့တစ်ယောက် မတူဘူး၊ ငါကတော့ ငါကြုံတွေ့ခဲ့ရတဲ့ အရာလေးတွေရယ် ပြီးတော့ ငါ့ပတ်ဝန်း ကျင်မှာ ငါမြင်တွေ့နေရတဲ့ဟာလေးတွေကို လိုအပ်ရင် ကုန်ကြမ်း အဖြစ် အသုံးပြုပြီး စာထဲ ထည့်ရေးတာပဲ"

"ငါကြားဖူးတာတော့ တချို့တွေဆို ခရီးတွေ ဘာတွေ ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စာရေးကြတယ်ပြောတယ်”

“ဒါလည်း ကုန်ကြမ်းတစ်မျိုးပေါ့ကွာ၊ ခရီးသွားလိုက်တဲ့အတွက် ပတ်ဝန်းကျင်နယ်မြေသစ်တစ်ခု အတွေ့အကြုံသစ်တစ်ခု ရသွားတာပေါ့ ပြီးတော့ စိတ်လက်ပေါ့ပါးသွားတော့ အတွေးအခေါ် အသစ်တွေ ဘာတွေ ရသွားတာပေါ့၊ ဒါလည်း ကောင်းတဲ့အလုပ် တစ်ခုပဲလေ”

“မင်းကရော ခရီးတွေ ဘာတွေသွားပြီး မရေးဘူးလား”

သူက ပြုံးလိုက်ကာ . . .

“ငါက အခုမှ အစပဲရှိသေးတာပဲကွာ၊ နောက်တော့ တဖြည်းဖြည်း ဖြစ်လာမှာပေါ့”

“အဲ့ဒီအခါကျရင် ငါ့ကိုလည်း ခေါ်နော်”

“မင်းက အလုပ်တစ်ဖက်နဲ့ ဘာလိုက်လုပ်မလို့လဲ”

“အလုပ်က အကြောင်းတစ်ခုပြုပြီး ခွင့်ယူလိုက်လို့ ရတာပဲ”

သူ ရယ်လိုက်သည်။ ထို့နောက် . . .

“အေးပါကွာ ဟုတ်ပါပြီ၊ သွားဖြစ်ရင် ခေါ်ပါ့မယ်”

ဟုသာ ပြောလိုက်၏။ ခဏနေတော့ သူ့ဆီ ဖုန်းလာသည်ဟု အဆောင်မှူးက လှမ်းခေါ်၍ ပြောသောကြောင့် ဖုန်းသွားကိုင်လိုက်သည်။ အမေ့ဆီက ဖုန်းဖြစ်နေ၏။ သတိရ၍ ဖုန်းဆက်ခြင်းဖြစ်သည်။ အမေနဲ့ ဖုန်းပြောပြီးနောက် ဗိုက်ထဲမှာ ဆာသလိုဖြစ်လာ၍ ထမင်းထွက်စားရန် ဆုံးဖြတ်လိုက်သည်။



သူ အပေါ်ထပ် ပြန်တက်လိုက်၍ အခန်းထဲမှာ ထိုင်နေသော ခိုင်ကြီးကို ကြည့်လိုက်၍ . . .

“ခိုင်ကြီး ထမင်းသွားစားမလို့ လိုက်မလား”

ခိုင်ကြီးက . . .

“ငါ နေမကောင်းဘူးကွ၊ ထမင်းစားလိုက်ရင် ပိုဖျားသွားမလား မသိဘူး”

“ထမင်းမစားနဲ့ပေါ့ကွာ၊ ခေါက်ဆွဲပြုတ်လောက် လိုက်သောက်ပေါ့”

ခိုင်ကြီး ခေါင်းညိတ်၍ ထလိုက်လာသည်။ သူက နံရံမှာ ချိတ်ထားသော ရှပ်အင်္ကျီတစ်ထည်ကို ကောက်စွပ်၍ ထွက်လာခဲ့လိုက်၏။ ဦးတည်ရာက သူတို့ စားနေကျဆိုင်ဖြစ်သော လမ်းထိပ်က ဒေါ်ဘုမြန်မာထမင်းဆိုင်သို့ . . .။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ဒီ နေ့ သူလုံးချင်းဝတ္ထု ထွက်သည်။ စာအုပ်တိုက်က မနက် ၈ နာရီလောက် အဆောင်ကို ဖုန်းဆက်ပြောလာ၍ သူ စာအုပ်တိုက်သို့ ထွက်လာခဲ့၏။ ကိစ္စကတော့ စာအုပ်တိုက်က ပေးသော စာအုပ်လက်ဆောင် အုပ် ၂၀ ကို သွားယူဖို့ ဖြစ်သည်။ ပြီးတော့ ကိုယ့်စာအုပ် အဆင်အပြင်လေးနှင့် အနေအထားလေးကိုလည်း သိချင်သောကြောင့် ဖြစ်သည်။

စာအုပ်တိုက်ရောက်တော့ ထုတ်ဝေသူက ဧည့်သည်ရောက်နေ၍ ခဏထိုင်စောင့်နေလိုက်ရ၏။ ခဏနေတော့မှ ဧည့်သည် ပြန်သွားသည်။ ထုတ်ဝေသူက သူ့ကို လှမ်းခေါ်၍ . . .



"မောင့်ရင်စာအုပ်က ဒီတစ်ခါ နယ်ဘက်က အမှာ နည်းနည်းပိုများလာတယ်၊ အခြေအနေကောင်းလာတယ်ဆိုတဲ့ သဘောပေါ့၊ ကြော်ငြာကတော့ မနေ့ကပဲ သတင်းစာမှာ ပါလာတယ်၊ မောင်ရင် မတွေ့လိုက်ဖူးလား"

သူက ခေါင်းခါပြလိုက်ကာ . . .

"ကျွန်တော်တို့ အဆောင်က သတင်းစာ တစ်စောင်တည်း ယူတော့ ဟိုလူဖတ် ဒီလူဖတ်နဲ့ လက်မလည်ဘူးဖြစ်နေတယ်၊ ကျွန်တော် မဖတ်ရသေးဘူး ဖြစ်နေတယ်"

"ထားပါတော့၊ ဒါ မောင်ရင့်ကို ပေးတဲ့စာအုပ်ပါ၊ အုပ် ၂၀ ရှိတယ်၊ ရေပြီး ယူသွားလိုက်ဦး"

ဟု ဆိုကာ ထုတ်ဝေသူက စားပွဲခုံဘေးမှာ ချထားသော ကြွပ်ကြွပ်အိတ်ထုပ်ကို မေးငေါ့ကာပြသည်။ သူက လှမ်းကြည့်၍ . . .

"ရပါတယ် မရေတော့ပါဘူး၊ ပြည့်မှာပါဗျာ"

ဟု ပြန်ပြောလိုက်၏။ ထုတ်ဝေသူက သူ့စကားကို နားထောင်ပြီး အံဆွဲကို ဆွဲဖွင့်လိုက်ကာ အထဲမှ စာအိတ် တစ်အိတ်ကို ထုတ်ပေး၍ . . .

"ဒါ မောင်ရင့်ဆီလာတဲ့ မိတ်ဆက်စာပဲ၊ မောင်ရင့်ကလောင်နာမည်နဲ့ ကိုယ်တို့ စာအုပ်တိုက်ကို ရောက်လာတာလေ၊ ပရိသတ်ဆီက လာတဲ့စာဆိုတော့ သေသေချာချာ ဖတ်ပြီး တုံ့ပြန်လိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ စာအိတ်ကလေးကို ကြည့်၍ ပျော်ကာသွား၏။ ထိုအပျော်က ဘာနဲ့မှ မတူသော အပျော်မျိုးဖြစ်လိမ့်မည် ထင်သည်။ တစ်ခါမှ မခံစားခဲ့ဖူးတာတော့ သေချာ၏။

သူက စာအိတ်ကလေးကို တယုတယယူ၍ အိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် ထုတ်ဝေသူကို နှုတ်ဆက်ကာ ကြွပ်ကြွပ်အိတ်ကို ဆွဲ၍ စာအုပ်တိုက်မှ ထွက်လာခဲ့လိုက်ပါတော့သည်။

စာအုပ်တိုက်အပြင်ရောက်တော့ ကားမှတ်တိုင်ဘက်သို့ သူ လမ်း လျှောက်လာခဲ့လိုက်၏။ ကားမှတ်တိုင်ရှိရာ လမ်းထိပ်ရောက်တော့ ပလက်ဖောင်းဘေးမှာ အထမ်းနဲ့ချရောင်းသော မုန့်ဟင်းခါးဆိုင် တစ်ဆိုင်ကို တွေ့ရလေသည်။ ပွက်ပွက်ဆူနေသော မုန့်ဟင်းရည်အိုးကြီးမှ သင်းပျံ့သော မုန့်ဟင်းခါးရနံ့ကို ရှူရှိုက်မိချိန်တွင် သူ မလွန်ဆန်နိုင်တော့။

ဇာပဝါ ခြုံထားသော နောက်ကွယ်က ဖြူဖွေးနေသော မုန့်ဟင်းခါးဖတ်များနှင့် ကြွပ်ရွနေမည်ဆိုတာ မြင်ရုံနှင့်ပင် သိသာနေသော ပဲကြော်အထပ်ကြီးက သူ့ခြေလှမ်းများကို ဆွဲခေါ်သွားလေသည်။

"မုန့်ဟင်းခါး ပဲကြော်နဲ့ တစ်ပွဲပေးပါ"

"ကျွန်မက အကြော်မထည့်ဘူး"

သူ လှမ်းမှာလိုက်ချိန်တွင် နောက်ဆက်တွဲ ကြားလိုက်ရသော အသံတစ်ခုကြောင့် သူ လှည့်ကြည့်မိ၏။ ခေတ်ဆန်သော အလှကို ပိုင်ဆိုင်ထားသော ကောင်မလေးတစ်ယောက်ကို တွေ့ရလေသည်။



ကောင်မလေးက ဒူးလောက်ရှိသော ဂျင်းဘောင်းဘီ အတိုလေးကို ဝတ်ကာထား၏။ အပေါ်ကတော့ စပို့ရှပ်အကျႌ အနီရောင်လေးနှင့်။ အသက်ကတော့ သူ့ထက်ငယ်မည်။

ကောင်မလေးက သူ လှည့်ကြည့်တာကို အရေးမထားဘဲ မုန့်ဟင်းခါးသည်ကြီးကိုသာ ကြည့်နေ၏။ မုန့်ဟင်းခါးသည်ကြီးက ပဲကြော်နဲ့ အရင်လုပ်ပေး၍ သူ့ကို လှမ်းပေး၏။

"ကျွန်မက အကြော်မထည့်ဘူးနော်"

"သိပါတယ် တူမကြီးရယ်၊ နံနံပင်ရော ထည့်ဦးမလား"

"အင်း နည်းနည်း"

မုန့်ဟင်းခါးသည်ကြီးက သူမပြောသည့်အတိုင်း လုပ်ပေးပြီး ပန်း ကန်ကို လှမ်းပေးလိုက်သည်။ ခဏကြာတော့ သူတို့ စားလို့ သောက် လို့ ပြီးသွားတော့ ပိုက်ဆံရှင်းဖို့ လုပ်၏။ သူမကစပြီး . . .

"ဘယ်လောက်လဲ ဦးလေးကြီး"

"အားလုံး ခုနစ်ရာပါ"

"ရှင်"

"ခုနစ်ရာ တူမကြီး"

"ခုနစ်ရာ ဘယ် ဘယ်လိုဖြစ်ပြီး ခုနစ်ရာ ဖြစ်သွားတာလဲ၊ ကျွန်မက အလွတ်တစ်ပွဲတည်း စားတာကို"

မုန့်ဟင်းခါးသည်ကြီးက ပြုံးပြ၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"တူမကြီးက အလွတ်လေ၊ ဒီက ညီလေးက အကြော်နဲ့၊ အကြော်နဲ့က လေးရာ အလွတ်က သုံးရာ"

ထိုတော့မှ ကောင်မလေးက . . .

"ဟာ သူနဲ့သမီးက မဆိုင်ဘူး သပ်သပ်စီ"

ထိုတော့မှ မုန့်ဟင်းခါးသည်ကြီးက အားနာသွားသော အမူအရာနှင့် . . .

"ဟုတ်လား မသိဘူးလေ နှစ်ယောက်စလုံး အတူတူဝင်လာတော့ ဦးလေးက အတူတူပဲ ထင်နေတာ"

ထိုအချိန်မှာပဲ သူက ဝင်ပြောလိုက်၏။

"မဟုတ်ဘူး ဦးလေးရ၊ ကျွန်တော်က သပ်သပ်ပါ၊ ရော့ ဒီမှာ ကျွန်တော့်အတွက် ပိုက်ဆံ"

ဟု ပြော၍ သူက ထောင်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ ကောင်မလေးကလည်း ငါးရာတန်တစ်ရွက် ထုတ်ကာပေး၏။ နှစ်ယောက်ပေါင်း ထောင့်ငါးရာဖြစ်နေ၍ ကောင်မလေးက အဓိပ္ပာယ်တစ်မျိုးနှင့် သူ့ကို လှမ်းကာကြည့်၏။ ခေတ်ကာလသားသမီးတွေဆိုတော့လည်း ဘာအဓိပ္ပာယ်နဲ့ ကြည့်တယ်ဆိုတာ သူ နားလည်သဘောပေါက်လိုက်ပါသည်။ တိုင်ပင်မထားပါဘဲနဲ့ နှစ်ယောက်ပေါင်း ပေးငွေက ထောင့်ငါးရာဖြစ်နေသောကြောင့်ပင်။

မုန့်ဟင်းခါးသည်ကြီးက ပိုက်ဆံတွေကို ကြည့်၍ ခေါင်းကုတ်လိုက်ကာ . . .



"အကြွေလေး ပေးပါလား၊ အခုမှ ဈေးဦးပေါက်ဆိုတော့ ဦးလေးမှာ အမ်းစရာ အကြွေမပါဘူး"

သူ့မှာ အကြွေဆိုလို့ နှစ်ရာတန်တစ်ရွက်သာပါသည်။ ထို့ကြောင့် ခေါင်းခါပြလိုက်၍ . . .

"ကျွန်တော့မှာလည်း နှစ်ရာတန် တစ်ရွက်ပဲ ပါတယ် ဦးလေးရဲ့"

ကောင်မလေးကလည်း သူ့နည်းတူ ခေါင်းခါပြကာ . . .

"ကျွန်မမှာလည်း ဒီငါးရာတန်တစ်ရွက်ပဲ ပါတယ်၊ ကျန်တာ ထောင်တန်တွေချည်းပဲ"

မုန့်ဟင်းခါးသည်ကြီး စိတ်ညစ်ကာသွားသည်။ ထို့နောက် သူ့ဘေး နားက တို့ဟူးသုပ်သည်ကို အကြွေရှိလားဟု လှမ်းမေးသည်။

တို့ဟူးသုပ်သည်က လက်ခါပြကာ . . .

"ခင်ဗျားမှာ ရှိရင်တောင် ပြန်ပေးဦး ဒီမှာလည်း အကြွေမရှိလို့ ဒုက္ခရောက်နေတာ"

မုန့်ဟင်းခါးသည်ကြီးက သက်ပြင်းကို ချလိုက်သည်။ အမှန်တော့ ပိုက်ဆံထသွားပြီး လဲရင်တော့ ရသည်။ သို့သော် ဆိုင်ကိုပစ်ပြီး သွားချင်ပုံမရ။ ထို့ကြောင့် သူ့ဆိုင်အနီးအနားရှိ ကွမ်းယာဆိုင်၊ စီဒီခွေဆိုင်တွေကိုသာ လက်လှမ်းမီရာ လျှောက်မေးသည်။ အားလုံးကလည်း အကြွေ နတ္ထိ။

ထို့ကြောင့် သူတို့ဘက်လှည့်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ညီလေးမှာ အကြွေနှစ်ရာ ပါတယ်မလား"

သူက ခေါင်းညိတ်ပြလိုက်တော့ . . .

"ဒါဆို နှစ်ယောက်စလုံး ဦးလေးကို ကူညီတဲ့အနေနဲ့ ဒီညီလေးဆီက နှစ်ရာရယ် ညီမလေးဆီက ငါးရာရယ် ဦးလေးကို ပေးခဲ့ပေါ့"

"ဒါဆို ကျွန်မတို့က ဘယ်လိုလုပ်ရမလဲ"

"ညီမလေးတို့က ဒီကသွားရင်းနဲ့ လမ်းမှာ လဲသွားလိုက်ပေါ့ ညီမ တို့ရယ်၊ ဦးလေးလည်း ဆိုင်ပစ်ပြီး သွားလဲလို့ မဖြစ်လို့ပါ၊ ညီမလေး တို့အမြင်ပဲ လက်လှမ်းမီသလောက် လိုက်လဲတာလည်း ရမှမရတာ"

ကောင်မလေးက ဘာမှမပြောဘဲ ငြိမ်နေသည်။ သူက နှစ်ရာတန် ထုတ်၍ မုန့်ဟင်းခါးသည်ကြီးကို ပေးလိုက်၏။ ကောင်မလေးကလည်း သူမ လက်ထဲက ငါးရာတန်ကို ပေးလိုက်၏။ ထို့နောက် သူတို့ ဆိုင်က ထွက်လာလိုက်သည်။

လမ်းရောက်တော့ သူက ကောင်မလေးကို . . .

"ညီမ ခဏနေဦး ဒီနားကဆိုင်တွေမှာ အကြွေ လဲလိုက်ဦးမယ်"

ကောင်မလေးက . . .

"ရပါတယ် ထားလိုက်ပါတော့"

"ဟာ ဘယ်ဟုတ်ပါ့မလဲ၊ မလုပ်ပါနဲ့ အားနာစရာကြီး"

"ရပါတယ် ပိုက်ဆံနှစ်ရာတည်း စိုက်ပေးလိုက်ရတာပဲ ပြဿနာမရှိပါဘူး၊ အစ်ကို ပိုက်ဆံနှစ်ရာတည်းနဲ့ ထောင်တန်ကြီး လိုက်လဲနေရင် ဘယ်သူမှလည်း လဲပေးမှာ မဟုတ်ဘူး"



သူ ရုတ်တရက်ဆိုတော့ ဘာပြန်ပြောရမှန်း မသိသေးပေ။ ကောင်မလေးပြောတာလည်း ဟုတ်နေ၍ ဘာပြန်ပြောလို့ ပြောရမှန်း မသိပေ။ ရင်ထဲမှာလည်း အားနာနေမိသည်။ ထို့ကြောင့် . . .

"ဒါဆို နောက်ကြုံတော့ ယူပေါ့နော်၊ အစ်ကိုက ဒီလမ်းထဲကို ခဏခဏ ရောက်ပါတယ် ညီမကရော"

ကောင်မလေးက . . .

"ကျွန်မက ဒီလမ်းထဲမှာ ကျူရှင်လာတက်တာပါ အစ်ကိုပြောသလို ဒီလမ်းထဲမှာ နောက်တစ်ခါ တွေ့တော့ ပေးပေါ့"

သူ ပြုံးကာ ခေါင်းညိတ်ပြလိုက်၏။ ကောင်မလေးက သဘောမနော ကောင်းပုံတော့ရ၏ ဟု သူ တွေးလိုက်မိသည်။ ထို့နောက် သူတို့ လမ်းခွဲကာ ထွက်လာခဲ့လိုက်ပါတော့သည်။

ကောင်မလေးက ကကတစ်စီးငှားကာ ထွက်သွားတာ တွေ့ရသည်။ သူကတော့ ဘတ်စ်ကားမှတ်တိုင်ဆီသို့ . . .။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ဂျ သီဥတုက နေသာသော နေ့တစ်နေ့ဖြစ်သည်။ အတိအကျပြောရလျှင် ရုပ်ရှင်သမားများအကြိုက် ရာသီဥတုမျိုးဖြစ်၏။ လိုက်တင်ကောင်း၍ ရိုက်ကွင်းတည်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။

သူက သူ့ဇာတ်လမ်းကို ရိုက်ကွင်းတည်နေသည့် ရှုတင်သို့ ထွက်လာခဲ့လိုက်သည်။ အစိကကတော့ ဇာတ်ညွှန်းအတွက် လိုအပ်သည်များကို ဖြည့်စွက်ရန် ဒါရိုက်တာက ခေါ်ထားသောကြောင့်ဖြစ်၏။ ရုပ်ရှင်လောကစကားနှင့်ဆိုလျှင် ရိုက်ညွှန်း ရိုက်နည်း ပြန်လိုက်ပေးရသည့်သဘော။



ရိုက်ကွင်းက ဝေဇယန္တာလမ်းဘက်က အိမ်ရာတစ်ခုမှာ ဖြစ်သည်။ သူလည်း နောက်မကျချင်၍ ချိန်းထားသည့် အချိန်ထက် ခပ်စောစောလေးပဲ ထွက်လာခဲ့လိုက်ပါသည်။

ရိုက်ကွင်းကိုရောက်တော့ ရှုတင်မန်နေဂျာက သူ့ကို ဒါရိုက်တာနဲ့ မိတ်ဆက်ပေးသည်။

ဒါရိုက်တာကြီးက . . .

"သိပ်အလေးကြီးတော့ မဟုတ်ပါဘူးဗျာ ဇာတ်ညွှန်းနဲ့ပတ်သက်ပြီးတော့ တကယ်လုပ်တဲ့အခါမှာ အပြင်တကယ့်ရိုက်ကွင်းနဲ့ ကွဲလွဲချက်လေးတွေရှိရင် ပြင်လို့ရအောင် ခေါ်လိုက်တာပါ"

သူက ခေါင်းညိတ်ပြလိုက်သည်။ ခဏကြာတော့ မင်းသမီးရောက်ကာလာသည်။ သူ့ကိုတွေ့တော့ အသိအမှတ်ပြုသည့်အနေနှင့် ပြုံးကာပြ၏။ သူလည်း ပြန်ပြုံးပြလိုက်ပါသည်။

ခဏနေတော့ ရိုက်ကွင်း စ၏။ သူလည်း လိုအပ်တာလေးတွေ ကူညီလုပ်ကိုင်ပေး၏။ သိပ်ထွေထွေထူးထူးတော့ မရှိပါ။ ရိုက်ကွင်းတွင် လိုအပ်သည့် (ဇာတ်ညွှန်းပိုင်းနဲ့ ပတ်သက်သည့်) အရာလေးတွေကို ဒါရိုက်တာနဲ့ တိုင်ပင်ပြီး လုပ်ပေးရုံသာဖြစ်သည်။

မင်းသမီးလေးက သရုပ်ဆောင်ကောင်းသည်။ သူထင်ထားတာထက်ပင် ပိုပြီး သရုပ်ဆောင်ကောင်းနေသည်ဆိုတာ တွေ့ရ၏။ ဒါကြောင့်လည်း ငယ်ငယ်ရွယ်ရွယ်လေးနှင့် အချိန်တိုတိုအတွင်းမှာ နာမည်ကြီးလာတာပဲဟု မှတ်ချက်ချမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက အဒေါ်နေရာရော တူမနေရာပါ သရုပ်ဆောင်ရတာဆိုတော့ နည်းနည်းတော့ ပင်ပန်းသည်ဟုဆိုသည်။ သူက ပြုံးရုံသာ ပြုံးနေလိုက်ပါသည်။

ထို့နောက် မင်းသမီးက . . .

"အစ်ကို့ဝတ္ထု ဟိုနေ့က ထွက်တယ်နော်၊ ကျွန်မ သတင်းစာမှာ ကြော်ငြာတွေ့လိုက်လို့"

"ဟုတ်တယ် လက်ဆောင်ပေးဖို့တောင် ကျွန်တော့်ဆီမှာ ဒါရိုက်တာကြီးအတွက်တစ်အုပ် မင်းသမီးအတွက်တစ်အုပ် ပါလာတယ်"

သူက အရန်သင့် လက်မှတ်ထိုးထားသော စာအုပ်လေးတစ်အုပ်ကို မင်းသမီးဘက်သို့ ကမ်းပေးလိုက်၏။

မင်းသမီးက စာအုပ်ကလေးကို လှမ်းယူလိုက်ကာ . . .

"ကျွန်မ ဖတ်ကြည့်ပြီး ဝေဖန်လို့ရလား"

"ဟာ ရပါတယ်ဗျာ၊ ဝေဖန်မှ ကိုယ့်လိုအပ်ချက်လေးတွေ ကိုယ်သိပြီး ပြင်လို့ရမှာပေါ့"

သူ့စကားကြောင့် မင်းသမီးက ရယ်သည်။ ထို့နောက် သူမတပည့် ကောင်မလေးတစ်ယောက်ကို ထိုစာအုပ်အား လှမ်းပေးလိုက်၏။ ထို့နောက် သူမလည်း နောက်တစ်ဆင်းန် ရိုက်ရန်အတွက် ထထွက်သွားပါတော့သည်။ ထိုနေ့က အေးအေးဆေးဆေးပင် ရိုက်ကွင်း ပြီးဆုံးသွား၏။ ဘာမှ အခက်အခဲ မရှိလိုက်ပေ။





သူ အိမ်ပြန်မလို့လုပ်တော့ ရှုတင်မန်နေဂျာက ရှုတင်က ကားနဲ့ လိုက်ပို့ပေးမည်ဟု ဆိုသည်။ သူလည်း အားနာ၍ ဝင်စရာလေးတစ်ခု ရှိသေးတယ်ဟု အကြောင်းပြကာ ကိုယ့်ဘာသာကိုယ်ပဲ ပြန်လာခဲ့လိုက်ပါတော့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



**31** ဆောင်ပြန်ရောက်တော့ ခိုင်ကြီးနဲ့ ကိုအေးဆွေက အဆောင်ရဲ့ ဧည့်ခန်းမှာထိုင်ရင်း တစ်ခုခုကို ငြင်းခုန်နေတာ တွေ့ရသည်။ သူ ဝင်သွားသည့်အချိန်ထိ စကားစက မပြတ်သေး။

ကိုအေးဆွေက . . .

"သေချာတယ် ငါ သေသေချာချာ ဖတ်လိုက်ရတာ၊ ၂၀၁၂ မှာ ကမ္ဘာက ဂြိုဟ်ပဲ့ကြီး တစ်ခုနဲ့ တိုက်မိပြီး ပျက်မှာတဲ့"

ခိုင်ကြီးကလည်း မခံဘဲ ပြန်ငြင်းသည်။

"ခင်ဗျားက အင်တာနက်က သတင်းတွေဖတ်ပြီး လျှောက်ပြောနေပြန်ပြီ၊ ဒီလိုသာ ဖြစ်ရိုးမှန်ရင် အခုအချိန်မှာ တစ်ကမ္ဘာလုံး အုတ်

[redacted]



အော်သောင်းနင်း ဖြစ်နေမှာပေါ့ဗျ"

"သူတို့ မသိလို့နေမှာပေါ့ကွ"

"ဒါဆို ခင်ဗျားတစ်ယောက်တည်း ကွက်ကွက်ကလေး သိနေတယ်ဆိုတဲ့သဘောပေါ့၊ ကျန်တဲ့လူတွေက နလပိန်းတုံးတွေမှ မဟုတ်တာ၊ ခင်ဗျားတောင် သိသေးရင် ကျန်တဲ့လူတွေလည်း ဒါကို သိရမှာပေါ့ဗျ"

ခိုင်ကြီးစကားကြောင့် ကိုအေးဆွေ ဒေါသဖြစ်ကာသွား၏။ ထို့ကြောင့် မျက်လုံးကြီး ပြူး၍ ခိုင်ကြီးကို ကြည့်ကာ . . .

"ဟေ့ကောင် ဒီကိစ္စကို ငါတစ်ယောက်တည်း ကွက်ပြီး သိနေတာ မဟုတ်ဘူးကွ၊ မင်းတစ်ယောက်တည်းသာ ကွက်ပြီး မသိဘဲဖြစ်နေတာ၊ အလကား အမြင်မကျယ်တဲ့ကောင်"

ခိုင်ကြီးကလည်း သူ့ကို အမြင်မကျယ်ဘူးဟု ပြော၍ တင်းသွားလေသည်။ ထို့ကြောင့် . . .

"အမြင်ကျယ်တယ် ကျယ်တယ် ကျယ်လွန်းလို့ ခက်နေတာ၊ အဲ့ဒီသတင်းမျိုးတွေက ထွက်နေတာကြာပြီ၊ ကျုပ်လည်း လွန်ခဲ့တဲ့နှစ်တွေတည်းက ကြားနေတာပဲ၊ အဲ့ဒါဘာဖြစ်လဲ ဟုတ်ချင်လည်း ဟုတ်မယ် ကောလာဟလလည်း ဖြစ်နိုင်တာပဲ ဒါကိုယ့်ကိစ္စမှ မဟုတ်တာ"

"ဘာ ကမ္ဘာပျက်တာ မင်းကိစ္စမဟုတ်ဘူး ဟုတ်လား"

"ဟုတ်တယ်လေ တကယ်ဖြစ်လာတော့ရော ဘာတတ်နိုင်မှာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မို့လို့လဲ တစ်ကမ္ဘာလုံး ပျက်သွားပါတယ်ဆိုမှ ခင်ဗျားက ဘာလုပ်ချင်သေးလို့လဲ"

"လွတ်ရာလွတ်ကြောင်း စဉ်းစားရမှာပေါ့ကွ"

ထိုစကားကိုကြားတော့ ခိုင်ကြီးက လှောင်ရယ်ရယ်လိုက်သည်။ ပြီးတော့မှ . . .

"ခင်ဗျားက ဘယ်ထွက်ပြေးမလို့ စဉ်းစားနေတာလဲ၊ ဘာလဲ လကမ္ဘာပေါ် သွားနေမလို့လား နေစမ်းပါဗျာ ခင်ဗျားမှာ လကမ္ဘာသွားဖို့ စီးစရာ အာကာသယာဉ် မပြောနဲ့ လမ်းထိပ်သွားဖို့တောင် စီးစရာ စက်ဘီးမရှိဘဲ ကုန်းကြောင်းလျှောက်နေရတဲ့သူကများ"

ကိုအေးဆွေ အရှိုက်ကို တည့်တိုးခံလိုက်ရသော လက်ဝှေ့သမားတစ်ယောက်လို အင့်ခနဲ ဖြစ်ကာသွား၏။ ထို့နောက် ဒေါသတကြီးနှင့် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ကာ . . .

"မင်း မင်း ဒါ ငါ့သိက္ခာကို စော်ကားတာ ငါ့ကို စော်ကားတာ"

ပွဲက ရုတ်ချည်းတင်းမာကာသွားလေသည်။ ခိုင်ကြီးကလည်း ဘာဖြစ်ချင်လဲဆိုတဲ့ သဘောနှင့် ထရပ်လိုက်ကာ . . .

"ခင်ဗျားက ဘာဖြစ်ချင်လို့လဲ၊ ခင်ဗျားကရော ကျုပ်ကိုကျတော့ အမြင်မကျယ်တဲ့ ကောင်လို့ ဘာလို့ပြောလဲ"

သူက အခြေအနေကို ကြည့်၍ ဝင်ထိန်းမှ ဖြစ်တော့မည်ဆိုတာ သဘောပေါက်လိုက်၏။ တော်ကြာ ကမ္ဘာပျက်တာ မပျက်တာတော့ မသိပေ။ သူတို့နှစ်ယောက် အခြေအနေကတော့ ချက်ချင်းပင် ပျက်ယွင်းသွားနိုင်လေသည်။

ထို့ကြောင့် နှစ်ယောက်ကြားမှာ သူ ဝင်ရပ်လိုက်၍ . . .

"ကဲ တော်ကြပါတော့ဗျာ ဘာမှဟုတ်တဲ့ကိစ္စလည်း မဟုတ်ဘဲနဲ့ ခင်ဗျားတို့နှစ်ယောက် မကြီးမငယ်နဲ့ ရန်ဖြစ်ကြမလို့လား ဟုတ်လား"

သူ့ကိုတွေ့တော့ နှစ်ယောက်လုံး ကိုယ်ရှိန်သတ်သွားကြ၏။ သို့သော် ဒေါသတွေကတော့ မပြေပျောက်သေး။

သူက . . .

"ခင်ဗျားတို့ လုပ်တာနဲ့ မင်းသမီးလေးနဲ့ ရိုက်ကွင်းမှာ စကားပြောခဲ့ရတဲ့ ဗီလင်လေးတောင် ဘယ်ရောက်သွားမှန်း မသိဘူး"

ဟု အရွှန်းဖောက်ကာ စကားဝိုင်းကို ပေါ့ပါးသွားစေရန် ဖော့ပစ်လိုက်သည်။ မင်းသမီးဆိုသည့် အသံကြားလိုက်၍ နှစ်ယောက်စလုံး၏ မျက်ဝန်းတွေ တောက်ကာလာ၏။ ခိုင်ကြီးတော့ အဆိုးဆုံးဖြစ်သည်။ ပြီးတော့ သူ့ကို အငမ်းမရ လေသံနှင့် . . .

"မင်းနဲ့ မင်းသမီးလေးက ဘာတွေပြောကြတာလဲဟင် ပြီးတော့ သူက အပြင်မှာ သဘောကောင်းလား ရုပ်ရှင်တွေထဲကအတိုင်းပဲ အပြင်မှာရော ချောလား"

သူက ခိုင်ကြီးကို ကြည့်၍ . . .

"မင်းထင်တဲ့အတိုင်းပဲ သဘောလည်းကော[illegible]ယ် ရုပ်လည်း







www.burmeseclassic.com

www.burmeseclassic.com



ချောတယ်၊ ငါတောင် သူ့ကို ပြောခဲ့သေးတယ် ကျွန်တော့်သူငယ်ချင်း တစ်ယောက်က ခင်ဗျားကားတွေကို အရမ်းကြိုက်တာလို့"

"ဟုတ်လား သူက သူက ဘာပြောလဲဟင်"

"ရှင့်သူငယ်ချင်းကို ပြောလိုက်ပါတဲ့ ကျေးဇူးပါပဲတဲ့ ပြီးတော့ ခစ် ခစ် ခစ် တဲ့"

ခိုင်ကြီးက ကြောင်တောင်တောင်နှင့် . . .

"ဘာလဲကွ ခစ် ခစ် ခစ် ဆိုတာ"

"မင်းသမီးလေးရဲ့ ရယ်သံလေ သူက ရယ်ရင် ခစ် ခစ် ခစ်လို့ ရယ်တာ"

ခိုင်ကြီး အူမြူးသွား၏။ ကိုအေးဆွေလည်း ပြုံးပြုံးကြီးနှင့် နားထောင်နေသည်။ ခုန ကမ္ဘာပျက်မည့်ကိစ္စကို မေ့သွားပုံလည်း ရသည်။

ခိုင်ကြီးက . . .

"ငါ့ကို နောက်တစ်ခါ မင်း ရှုတင်သွားရင် ခေါ်ကွာ"

သူကလည်း အေးပြီးရော ခေါင်းညိတ်ပြလိုက်ကာ . . .

"ခေါ်မယ် ခေါ်မယ် ကဲ ငါလည်း အခန်းထဲသွားပြီး ပင်ပန်းလို့ နားလိုက်ဦးမယ်"

ဆိုပြီး ထွက်ခဲ့၏။ သူက အခန်းထဲသွားမလို့ အထွက်တွင် ကိုအေး ဆွေကြီးက မဝံ့မရဲလေး လှမ်းဆွဲလိုက်ကာ . . .

"ငါလည်း လိုက်လို့မရဘူးလားဟင်"





ဟု လေသံလေးနှင့် မေး၏။ ခိုင်ကြီးက မဲ့ကာရွဲ့ကာနှင့် . . .

"ခင်ဗျားက ကမ္ဘာပျက်ရင် ပုန်းဖို့ နေရာရှာရဦးမယ်လေ ဒါတွေ လုပ်ဖို့ အချိန်ဘယ်ရှိပါ့မလဲ မလိုက်နဲ့"

ဟု ပြောကာ ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့် ထွက်သွားလေတော့သည်။

ကိုအေးဆွေက မျက်ထောင့်နီကြီးနဲ့ ခိုင်ကြီးကို ကြည့်ရင်း ကျန်ခဲ့တော့၏။

သူတို့နှစ်ယောက်ကို ကြည့်၍ မပြုံးဘဲ ဝါးလုံးကွဲ ရယ်ချမိလိုက်ပါတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)





သူ။ ဝတ္ထုတိုလေး မဂ္ဂဇင်းမှာ ပါသည်ဆို၍ စာမူခနဲ့ တိုက်က လက်ဆောင်ပေးသည့် မဂ္ဂဇင်းစာအုပ် ယူရန် မြို့ထဲသို့ ထွက်လာခဲ့သည်။ စာအုပ်တိုက်ရောက်တော့ မဂ္ဂဇင်းလက်ဆောင် တစ်အုပ်နှင့် စာမူခယူကာ သူပြန်ထွက်ခဲ့လိုက်သည်။ လမ်းထိပ် ရောက်တော့ ဟိုတစ်ခါ သူ စားသည့် မုန့်ဟင်းခါးဆိုင်လေးကို တွေ့တော့ ဟိုတစ်ခါ ကောင်မလေးကို သတိရသွားမိ၏။

အဲ့ဒီနေ့က သူမ ပြောသွားသော စကားလေးကိုလည်း ပြန်လည် ကြားယောင်လာမိသည်။ သူမက ဒီလမ်းထဲမှာ ကျူရှင်လာတက်တာ တဲ့။ ဘယ်နေ့ ဘယ်ရက်တွေမှာ ကျူရှင်ရှိသလဲဆိုတာ မသိရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ဆုံတွေ့ခဲ့တုန်းက အခုလိုအချိန်ပဲ ဖြစ်သောကြောင့် တွေ့လိုတွေ့ငြားလေး လျှောက်ရှာကြည့်မိသည်။ မတွေ့ရပါ။

မုန့်ဟင်းခါးသည် ဦးလေးကြီးကတော့ ဒီမှာ အမြဲရှိနေသူဖြစ်၍ သူ့မအကြောင်း ပါလိုသိငြားလေး ဝင်မေးကြည့်ရန် ဆုံးဖြတ်လိုက်၏။ ဆိုင်ရှေ့ရောက်တော့ ခင်းထားသည့် ခုံပုလေးမှာ ဝင်ထိုင်လိုက်တော့ ဦးလေးကြီးက မော့ကာကြည့်သည်။

သူက ပြုံးပြလိုက်ရင်း . . .

"မှတ်မိလား ဦးလေး ဟိုနေ့က ကျွန်တော်နဲ့ ကောင်မလေးတစ် ယောက်ကို အကြွေမအမ်းနိုင်လို့ ဒုက္ခရောက်ကြသေးတယ် ၊လ"

ဦးလေးကြီးက သူ့ကို ဇဝေဇဝါနှင့် သေသေချာချာ ကြည့်ပြီးတော့မှ . . .

"ဟာ မှတ်မိပြီ မှတ်မိပြီ ဘယ်လိုလဲ အဲ့ဒီနေ့က ကောင်မလေးနဲ့ အဆင်ပြေသွားလား"

"အင်း ပြေတယ်လို့ပြောရင်လည်း ရတယ်၊ မပြေဘူးလည်း ပြောလို့ရတယ်"

ဦးလေးကြီးက ခေါင်းရှုပ်သွားပြီး . . .

"ကိုယ့်ညီကလည်း ဘယ်လိုကြီးလဲ"

သူက ပြုံးပြ၍ အဲ့ဒီနေ့က သူတို့ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို ရှင်းပြလိုက်၏။ အဲ့ဒီတော့မှ ဦးလေးကြီးက . . .





"ဩော် ကိုယ့်ညီတို့က ဇာတ်လမ်းလေးတွေ ကျန်ခဲ့တာကိုး ဟားဟား . . ."

ဟု ထရယ်၏။ သူကလည်း . . .

"ဟုတ်တယ်ဗျာ အဲ့ဒါ သူ့ကို ကျွန်တော် နှစ်ရာပေးစရာရှိတယ်ဗျ သူက ဒီလမ်းထဲမှာ ကျူရှင်တက်တယ်ပြောတော့ ဦးလေးများ တွေ့မိသေးလားလို့"

ဦးလေးကြီးက စဉ်းစားဟန်တစ်ချက်လုပ်လိုက်ပြီးမှ . . .

"အမှတ်တမဲ့ပဲကွ သတိမထားမိလိုက်ဘူး၊ အဲ ဒါပေမယ့် အဲ့ဒီနေ့ကတည်းက ငါ့ဆိုင်မှာ သူ လာမစားဖြစ်တာတော့ ကျိန်းသေတယ် တကယ်လို့ တွေ့ရင် ဘာပြောပေးရမလဲ"

သူ တစ်ချက် စဉ်းစားလိုက်သည်။ ပြီးမှ အကြံတစ်ခု ရသွားဟန်နှင့် . . .

"တကယ်လို့ သူ့ကိုတွေ့ရင် ကျွန်တော် လာသွားတယ်လို့ သူ့ကိုပေးစရာရှိတဲ့ ပိုက်ဆံနှစ်ရာ ပေးသွားတယ်လို့ ပြောပေးဗျာ"

ဟုဆိုကာ အိတ်ထဲက ငါးရာတန်တစ်ရွက် ထုတ်ကာပေးလိုက်သည်။ ဦးလေးကြီးက ငါးရာတန်ကို ကြည့်ပြီး . . .

"လာပြန်ပြီ ငါးရာတန်"

ဟုဆိုကာ သူ့အိတ်ထဲကို အကြွေအမ်းဖို့ နှိုက်၏။ သူက . . .

"အမ်းမနေနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ မုန့်ဟင်းခါး အလွတ်တစ်ပွဲ မှာလိုက်ပါသည်။ ဦးလေးကြီးက ပြုံးဖြဲဖြဲနှင့် . . .

"အကြော်နဲ့ မစားတော့ဘူးလားကွ"

ဟု ပြန်ပြော၏။ သူက . . .

"တော်ပါပြီဗျာ အကြွေတစ်ရာ မပေးနိုင်လို့ ထပ်ပြီး ပြဿနာတက်နေပါဦးမယ်"

သူ့စကားကြောင့် ဦးလေးကြီးက တဟားဟား ရယ်လိုက်တော့၏။ ထို့နောက် . . .

"အဲဒီနေ့က ငါက မင်းတို့နှစ်ယောက်ကို အတွဲထင်နေတာကွ"

သူက ပြုံးရုံသာ ပြုံးနေလိုက်သည်။ ဦးလေးကြီးက စကားကို ဆက်၏။

"မင်းတို့ ရုပ်လေးတွေက ခပ်ချောချောလေးတွေဆိုတော့ ငါက ရှေ့သွားနောက်လိုက် ညီတယ်လို့တောင် တွေးနေလိုက်သေးတယ်"

သူက လက်ကာပြလိုက်ရင်း . . .

"တော်ပါပြီ ဦးလေးရယ် ကျွန်တော် စားရင်း သီးကုန်ပါဦးမယ်"

"ဘာလဲ မင်းက ကောင်မလေးကို စိတ်မဝင်စားလို့လား"

"တစ်ခါပဲ တွေ့ရသေးတာ၊ ဘယ်ကမှန်းလည်း မသိဘဲနဲ့ ဦးလေးက အတင်းကြီး စိတ်ဝင်စားခိုင်းနေပြန်ပြီ"

"ဒါမျိုး အသစ်အဆန်းလေးတွေဆို မင်းတို့လူငယ်တွေက ပိုပြီး

[redacted]



စိတ်ဝင်စားတတ်ကြလို့ မေးကြည့်တာပါကွာ"

ဟု ဖြေလေသည်။ သူလည်း ပြုံး၍သာ ခေါင်းညိတ်နေလိုက်မိ၏။ ထို့နောက် ကောင်မလေးမျက်နှာကို ပြန်မြင်ယောင်ရင်း ပုံဖော်ကြည့်မိ၏။

ဦးလေးကြီး ပြောသလိုပဲ ကောင်မလေးက ချောချောလေး။

❖ ❖ ❖

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**၁၁** ဒီနောက်ပိုင်းတော့ သူ မြို့ထဲကို မရောက်ဖြစ်တော့။ စာအုပ်တိုက်သို့လည်း သွားစရာကိစ္စ မရှိတော့၍ အဆောင်မှာပဲ နေဖြစ်ခဲ့သည်။ အဆောင်မှာနေရင်းနှင့် ရေးလက်စစာမူကို လက်စသတ်နေမိသည်။ ဒီလိုနဲ့ တစ်လလောက် ကြာသွားသည်။ ထိုကာလအတွင်း ရိုက်ကွင်းသို့ ဇာတ်ညွှန်းကိစ္စနှင့်ပတ်သက်၍ တစ်ခေါက်နှစ်ခေါက်လောက် ရောက်ဖြစ်သည်မှအပ ဘယ်မှမသွားဖြစ်ပေ။

ဒီနေ့တော့ စာမူလည်း ပြီးသွားပြီဖြစ်၍ ထိုစာမူကိုလည်း ပေးရင်း မြို့ထဲသွားဦးမှဟု စိတ်ကူးမိ၏။ ထို့နောက် နေ့လယ် ထမင်းစားပြီး မြို့ထဲသို့ ထွက်လာလိုက်၏။ စာအုပ်တိုက်ရောက်တော့ စာမူ



အပ်ပြီး ထုတ်ဝေသူနှင့် ခဏတဖြုတ် စကားထိုင်ပြောနေလိုက်၏။

ထုတ်ဝေသူက ပြုံးပြုံးရွှင်ရွှင်နှင့်ပင် သူ့စာမူတွေကို ဟိုလှန်ကြည့် ဒီလှန်ကြည့် လုပ်ပြီး . . .

"မောင်ရင် မဆိုးဘူးကွ အခုထွက်တဲ့ စာအုပ်မှာ ရောင်းအားတော်တော်တက်လာတယ် ပရိသတ် အသိအမှတ်ပြုလာတယ်လို့ ဆိုရမှာပေါ့၊ ဆက်ကြိုးစားထား ဒီပုံစံအတိုင်းဆို မောင်ရင် ဘက်ဆဲလားဖြစ်ဖို့ သိပ်မလိုတော့ဘူး"

သူလည်း ထုတ်ဝေသူရဲ့ စကားကို အပျော်ရင်ဘတ်နဲ့ ခံစားရင်း ပြုံးပြလိုက်တာ . . .

"အခုလိုကြားရတာ ဝမ်းသာလိုက်တာ"

ထုတ်ဝေသူက ခေါင်း တညိတ်ညိတ်နှင့် . . .

"မောင်ရင့်ကို ကိုယ်ပေးထားတဲ့ ကတိအတိုင်း စာမူခပေးလို့ရပါပြီ၊ အခု ယူသွားမလား နောက်တော့မှ ယူမလား"

"ရပါတယ် အစ်ကို အဆင်ပြေသလိုသာ လုပ်ပါ"

ထုတ်ဝေသူက အံဆွဲကို ဖွင့်ကာ ထောင်တန်နှစ်အုပ် ဆွဲထုတ်လိုက်သည်။ ထို့နောက် . . .

"ဒါ အခုထွက်တဲ့ စာအုပ်အတွက်ပေါ့၊ နောက်ဆို မောင်ရင်နဲ့ ကိုယ်နဲ့ စာမူခကို အတိုင်းအတာတစ်ခုထိ ညှိပြီး အတိအကျ လုပ်ကြတာပေါ့ ဟုတ်လား၊ အခုဟာကတော့ အုပ်ရေက မငြိမ်သေးဘူးလေ

www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်က တက်သစ်စဆိုတော့ ဘယ်လောက်အထိ အများဆုံး သွားနိုင်မယ်ဆိုတာ မှန်းလို့ မရသေးဘူးပေါ့၊ ခြောက်အုပ် ခုနစ်အုပ်လောက် ထွက်ပြီးရင်တော့ အနည်းဆုံး ရိုက်ရမယ့် အုပ်ရေကိုတော့ မှန်းလို့ ရသွားပါပြီ၊ အဲ့ဒီအခါကျတော့ စာမူခကို တစ်အုပ် ဘယ်လောက်ဆိုပြီး အကြမ်းဖျင်း သတ်မှတ်ကြတာပေါ့ ဟုတ်လား"

ထုတ်ဝေသူ၏ စကားအဆုံးမှာ သူက ခေါင်းညိတ်ပြလိုက်သည်။ ထုတ်ဝေသူကပင် စကားကိုဆက်၏။

"အဲ့ဒီလို 'စာမူခတစ်ခုအနေနဲ့ သတ်မှတ်ပြီးသွားလို့ရှိရင်တော့ မောင်ရင်နဲ့ ကိုယ်နဲ့ စာချုပ်ချုပ်ကြတာပေါ့ ဟုတ်ပြီလား"

သူ့ရင်ထဲမှာ ဝမ်းသာလွန်း၍ ဘာစကားမှ ဟုတ်တီပတ်တီ ပြန်မပြောမိ။ ခေါင်းချည်းသာ ညိတ်ပြနေမိသည်။ ထုတ်ဝေသူကလည်း ပြုံးပြုံး ပြုံးပြုံးနှင့် ကျေနပ်နေသည့် အမူအရာနှင့်ပင်။

ထို့နောက် စာမူခ နှစ်သိန်းကို ယူ၍ အိတ်ထဲထည့်လိုက်ကာ စာအုပ်တိုက်မှ သူ ထွက်လာခဲ့လိုက်ပါတော့သည်။ စိတ်ထဲမှာလည်း ခြေထောက်တွေက မြေကြီးထိတယ် မထင်တော့။ အပျော်လုံးကြောင့် မြောက်ကြွ မြောက်ကြွနှင့်။

❖ ❖ ❖





"ညီလေး . . . ညီလေး ဟေ့"

လမ်းထိပ်ရောက်တော့ သူ့ကို လှမ်းခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ မုန့်ဟင်းခါးသည်ကြီး။ သူလည်း ထိုတော့မှ ဟိုကိစ္စကို သတိရသွားကာ လှမ်းသွားလိုက်သည်။

ထို့နောက် အပြုံးဖြင့် နှုတ်ဆက်လိုက်ပြီး . . .

"ဦးလေး ဘယ်လိုလဲ အဆင်ပြေလား"

"အဆင်ပြေပါတယ်ကွာ အဆင်ပြေပါတယ် ဒါနဲ့ မင်းကိုတောင် မတွေ့တာ ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးလေးရ ကျွန်တော်လည်း ဒီဘက်မရောက်ဖြစ်ဘူး ဒါနဲ့ ဟိုကောင်မလေးရော တွေ့သေးလား"

ဦးလေးကြီးက ခေါင်းညိတ်ပြ၍ . . .

"အဲ့ဒီကိစ္စပဲ မင်းကို ငါပြောမလို့ လှမ်းခေါ်လိုက်တာ ငါ့ညီရ၊ မင်းနဲ့ငါ တွေ့ပြီး တစ်ပတ်လောက်ကြာတော့ အဲ့ဒီကောင်မလေး ငါ့ဆိုင်မှာ မုန့်ဟင်းခါး လာစားတယ်ကွ၊ ငါလည်း မင်းပြောထားတဲ့ အတိုင်း ပိုက်ဆံပေးလိုက်တော့ ယူသွားတယ်"

သူလည်း နားထောင်ရင်း ခုံတစ်လုံး ဆွဲယူကာ ထိုင်လိုက်သည်။ ဦးလေးကြီးက မုန့်ဟင်းခါး စားဦးမလားဟု မေး၏။

"သူက အခုလေး တင် ထမင်းစားပြီး ထွက်လာတာဗျ၊ ဗိုက်မဆာဘူး၊ နောက်မှ စားလို့ရတယ်မလား"

"ရပါတယ်ကွာ ငါက စကားအဖြစ်မေးတာပါ"

ထို့နောက် ဟိုကောင်မလေးအကြောင်းကိုသာ သူတို့ စကားဆက်ပြောကြ၏။ ဦးလေးကြီးက . . .

"မင်းကောင်မလေးက စနေ တနင်္ဂနွေနဲ့ ဗုဒ္ဓဟူးနေ့တွေမှာ ကျူရှင်လာတက်တာတဲ့၊ ငါလည်း မင်းသိချင်မလားလို့ မေးထားတာ"

"ဟာ ဦးလေးကြီးကလည်း လုပ်တော့မယ်"

"ဘာလဲ မင်းက မသိချင်ဘူးလား"

သူ ရှက်ပြုံးနှင့် ရယ်ကာနေလိုက်၏။ ထိုအချိန်တွင် မုန့်ဟင်းခါး





စားမယ့်လူတစ်ယောက် ရောက်လာ၍ စကားစ ပြတ်သွားကြ၏။ ဦးလေးကြီးက မုန့်ဟင်းခါး ထည့်ပေးပြီးနောက် . . .

"သူကတောင် မင်းကို ပြောသွားသေးတယ်၊ ပိုက်ဆံနှစ်ရာလေးနဲ့ တကူးတက ငါ့ကိုပေးသွားလို့ အားနာလိုက်တာတဲ့၊ ပြီးတော့ ကျေးဇူးပဲတဲ့"

"ရပါတယ်ဗျာ ကိုယ့်ဘက်က ပေးစရာရှိတာပဲ၊ ပေးရမှာပေါ့"

"သူ့ကျူရှင်ချိန် ဘယ်အချိန်က ဘယ်အချိန်လဲဆိုတာတော့ ငါ မေးမထားလိုက်ဘူးကွ၊ ဒါပေမယ့် သူ ငါ့ဆီလာတာ ဒီလိုအချိန်သာသာပဲ ရှိသေးတယ်၊ ကျူရှင်ဆင်းလာတာလား ကျူရှင် တက်ဖို့ လာတာလား မသိဘူး"

သူ ရယ်သာရယ်နေလိုက်သည်။

ကောင်မလေးနဲ့ သူ့ကို အောင်သွယ်တော် လုပ်ပေးချင်နေသော မုန့်ဟင်းခါးသည်ကြီးကိုပါ သူလည်း စချင်စိတ်ပေါ်လာ၍ . . .

"ကျွန်တော် ဘာမှလည်း မမေးဘဲနဲ့ ဦးလေးက ဘာလို့ ရှင်းပြနေတာလဲ"

"မင်းက မသိချင်ဘူးသာပြောနေတာ၊ မင်းမျက်လုံးတွေက သိချင်နေပါတယ်၊ ငါသိတာပေါ့"

"ဟား ဟား ဟား ဦးလေးကတော့ လုပ်ပြီ၊ ကျွန်တော် သိချင်တာက ဦးလေးပြောသလို မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ပေးတဲ့ ပိုက်ဆံကို



www.burmeseclassic.com

www.burmeseclassic.com



သူ ယူသွားသလားပဲ သိချင်တာပါ"

ဦးလေးကြီးက ဘာမှထပ်မပြောဘဲ ပြုံးရုံသာ ပြုံး၍ ပန်းကန်တွေဆေးပြီး ရေစစ်နေသည်။ ထို့နောက် သူလည်း ဦးလေးကြီးကို နှုတ်ဆက်၍ ထပြန်လာခဲ့၏။ လမ်းရောက်တော့ ဦးလေးကြီးပြောတဲ့ စကားတွေကို ပြန်လည်ကြားယောင်လာသည်။

ကောင်မလေးက စနေ၊ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနေ့တွေမှာ ကျူရှင်ရှိတာဆိုပဲ။ ဒီနေ့ ဘာနေ့လဲဟု သူ စဉ်းစားလိုက်၏။

ဒီနေ့ အင်္ဂါနေ့။

အကယ်၍ သူသာ မနက်ဖြန်မှ ထွက်လာခဲ့လိုက်လျှင် ကောင်မလေးနှင့် တွေ့ကောင်းတွေ့နိုင်သည်ဟု တွေးလိုက်မိပါတော့သည်။

ထို့နောက် ဘာကြောင့်မှန်းမသိ ရင်တစ်ချက်ခုန်ကာသွားသည်။

❖ ❖ ❖



BURMESE CLASSIC .com



ဒီနေ့ညတော့ သူ့လုံးချင်းစာအုပ်လေးအတွက် စာမူခ ပထမဆုံးရသည့် အထိမ်းအမှတ်အဖြစ် ပွဲလေးတစ်ပွဲ ကျင်းပဖြစ်သည်။ ကိုယ်ခင်ရာမင်ရာ သူငယ်ချင်းတွေကို လိုက်ကျွေးသော ပွဲလေးဖြစ်၏။ ထွေထွေထူးထူးတော့ မရှိပါ။ အဆောင်မှာရှိသည့် သူငယ်ချင်းတွေကို လိုက်ကျွေးခြင်းသာဖြစ်၏။ ဒီတစ်ခါတော့ ခိုင်ကြီးနဲ့ ကိုအေးဆွေ နှစ်ယောက်တည်းသာ မဟုတ်တော့။ နောက်ထပ် သုံးယောက်ဖြစ်သည့် ကိုချစ်နိုင်၊ ကိုသန်းထွန်းနှင့် ကိုခင်အောင်တို့ပါ ပါလာသည်။

ဆိုင်ကတော့ သူတို့အဆောင်နှင့်လည်း နီးပြီး အစားအသောက်



www.burmeseclassic.com

www.burmeseclassic.com



လေးလည်း ကောင်းသည့် လမ်းထိပ်က စံပယ်ရိပ်စားသောက်ဆိုင်ကိုပဲ ရွေးချယ်လိုက်၏။ အားလုံးက ရုံးသမားနှင့် ဝန်ထမ်းများ ဖြစ်သောကြောင့် ညနေရုံးဆင်းချိန်နောက်ပိုင်းမှသာ အဆောင်မှ ရေမိုးချိုးပြီး ထွက်လာကြ၏။

ဆိုင်ကိုရောက်တော့ လူရှင်းသည့် အပြင်ဘက်အစွန်ဆုံး စားပွဲတစ်လုံးမှာ နေရာယူလိုက်ကြသည်။ နေရာယူလိုက်ပြီး သူက စ၍ အားလုံးကို ဝေ့ကြည့်လိုက်ကာ . . .

"ကဲ အားလုံးပဲ ကိုယ်ကြိုက်တာကိုယ် လွတ်လွတ်လပ်လပ် မှာကြနော် အားမနာနဲ့"

"မှာ့,မှာ မှာ့,မှာ အားမနာဘူး စိတ်ချ"

ဟု ကိုချစ်နိုင်က ရယ်ရင်းပြော၏။ ကျန်တဲ့သူများကလည်း ခေါင်းညိတ်ထောက်ခံကြ၏။ ကိုချစ်နိုင်ဆိုတာ အစိုးရငွေစာရင်းရုံးတစ်ခုမှာ အလုပ်လုပ်နေသော လူတစ်ယောက်ဖြစ်သည်။ အားလုံးထဲမှာ အသက်အကြီးဆုံးဟုလည်း ဆိုရပေလိမ့်မည်။ ပြီးတော့ လူပျိုကြီး။ နောက်ပြီး သူက အသောက်သမားမဟုတ်၊ အစားသမား သက်သက်ပင်။

အသောက်သမားတွေကတော့ . . .

"ဟော့ကောင် စကားများမနေနဲ့၊ ဖောက်စရာရှိတာ ဖောက်တော့ကွာ၊ ဒီမှာ ချချင်လှပြီ"

ဟု ခိုင်ကြီးက ဦးဆောင်၍ ပြောသည်။ အားလုံးကလည်း ခိုင်

[redacted]



ကြီးစကားကို ထောက်ခံကြ၏။ ထို့ကြောင့် သူလည်း ပြုံးလိုက်ကာ ညနေကတည်းက အသင့်ဝယ်ထားသည့် ဂျော်နီဝါကာ ရက်လေဘယ်တစ်လုံးကို ကြွပ်ကြွပ်အိတ်ထဲမှ ထုတ်၍ စားပွဲပေါ်သို့ တင်ပေးလိုက်၏။ ခိုင်ကြီးက ပုလင်းကိုယူ၍ ယုယစွာ ဖွင့်လိုက်ပြီးတော့မှ . . .

"ဘတ်ဂျက် မကောင်းလို့ မမြင်ဖူးတာတောင် ကြာနေပြီ၊ အခုလို အလိုက်သိတတ်တဲ့အတွက် မင်း ဒီထက်အောင်မြင်ဦးမှာ သေချာတယ် လင်း၊ ဒါနဲ့ ဒီတစ်လုံးတည်းလား"

"ပါပါတယ်ကွာ၊ မင်းတို့ သောက်အားကို သိလို့ အသေးတစ်လုံး ထပ်ဆောင်လာပါတယ်"

အားလုံးက သူ့စကားကြောင့် ဝိုင်းရယ်လိုက်ကြသည်။ ထို့နောက် လိုအပ်သည့် ဆော်ဒါ၊ ရေခဲ၊ ရေသန့် စသည်တို့ကို မှာ၍ လောလောဆယ် မြည်းရန် အမြန်ရနိုင်မည့် အကြော်အလှော်လေးများကို အရင်မှာလိုက်သည်။ ထိုအရာတွေ အရင်လာချပြီးတော့မှ ညစာအတွက် စားချင်တာများကို မှာလိုက်ပါတော့သည်။ ထိုအစားအသောက်တွေအတွက်ကိုတော့ အရက်မသောက်တတ်သည့် ကိုချစ်နိုင်က ဦးဆောင်၍ တာဝန်ယူ မှာကြား၏။

ခိုင်ကြီးက ခွက် ၅ ခွက်ထဲသို့ အရက်ကို အရင်ထည့်၍ ရေခဲကို အလောတော် ထည့်ကာ အားလုံးရှေ့သို့ ခွက်တွေကို ကမ်းပေးလိုက်သည်။

"ရေနဲ့ဆော်ဒါကို ကိုယ်ကြိုက်တာသာ ကိုယ်ထည့်သောက်ပေ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တော့"

ဟု ပြောလိုက်၏။ အားလုံးက ကိုယ်ကြိုက်ရာ ကိုယ်ထည့်၍..

"ကဲ ဒီနေ့တော့ ကိုယ်တို့အဆောင်က တစ်ဦးတည်းသော စာရေးဆရာလေး လင်းခအတွက် ချီးယားစ်"

ထိုစကားကို ကိုအေးဆွေက ဦးဆောင်၍ ပြောသည်။ အားလုံးကလည်း ပြိုင်တူ ချီးယားစ်လိုက်ကြ၏။ အရက်မသောက်တတ်သည့် ကိုချစ်နိုင်က ကမန်းကတန်း ရေတစ်ခွက်ထည့်ကာ ချီးယားစ် လိုက်လုပ်၏။

"ချီးယားစ်"

ထို့နောက် သူက ခွက်ကိုတစ်ချက်တည်း မော့၍ ပြန်ချလိုက်ပါတော့သည်။ အရက်ဝင်သွားသောကြောင့် ရင်ထဲမှာ နွေးခနဲ... ပြီးတော့ သူ့ရဲ့ အောင်မြင်မှုလမ်းစလေးအတွက် ရင်တွေလည်း ခုန်ကာနေမိပါတော့သည်။

❖ ❖ ❖





နေ့ လယ်နေ့ခင်း ပျင်းနေသည်မို့ ပန်းဆိုးတန်းစာအုပ်အဟောင်းတန်းတွေဘက် ကောင်းမလား စဉ်းစားနေမိသည်။ နေ့ခင်းဘက်ဆို ထုံးစံအတိုင်း အဆောင်မှာ သူတစ်ယောက်တည်းဖြစ်နေသောကြောင့် စာရေးသည့် အလုပ်မှလွဲ၍ ဘာအလုပ်မှမရှိပေ။ ဒီနေ့တော့ စာလည်း ရေးချင်စိတ်မရှိ၍ တစ်ယောက်တည်းငေါင်စင်းစင်းကြီး ဖြစ်နေမိ၏။ ထို့ကြောင့် အပျင်းပြေ ပန်းဆိုးပန်းဘက်သွားမလား စဉ်းစားမိလိုက်ခြင်းပင်။

အတွေးဆုံးတော့ သွားမည်ဟု ဆုံးဖြတ်ချက် ချလိုက်ကာ အကျႌအဝတ်အစားလဲပြီး ထွက်လာခဲ့လိုက်ပါသည်။ မြို့ထဲရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဆူးလေမှာဆင်းသည်။ ထို့နောက် ပန်းဆိုးတန်းဘက်သို့ လမ်းလျှောက်ကာထွက်လာခဲ့လိုက်၏။ ထို့နောက် စာအုပ်အဟောင်းတွေ ချရောင်းသည့်အတန်းဘက် ရောက်တော့ ကိုယ်လိုချင်တဲ့ စာအုပ်ကလေးတွေ လျှောက်ရှာနေမိသည်။ ဆိုင်တစ်ဆိုင်ရောက်တော့ သူဖတ်ချင်သည့် ဘာသာပြန်စာအုပ်တစ်အုပ်ကိုတွေ့တော့ ကောက်ကိုင်လိုက်ကာ. . .

"ဒါဘယ်လောက်လဲ အစ်ကို"

စာအုပ်ရောင်းသည့်သူက စာအုပ်တွေ စီခင်းနေရာက . . .

"အဲ့ဒီနောက်မှာ ရေးထားတယ် ညီလေး"

သူလည်း စာအုပ်နောက်ကျောကို လှန်ကြည့်လိုက်တော့ ၂၅၀၀ ဟု ရေးထားသည်။

"မလျှော့တော့ဘူးလား"

"ရောင်းဈေးပါ ညီလေးရာ၊ ကိုယ် တင်မထားပါဘူး"

သူလည်း ယူမလို့လုပ်ပြီး ခေါင်းညိတ်လိုက်စဉ်မှာပင် . . .

"သူ မယူရင် ကျွန်မ ယူမယ်နော်"

ဟု ရုတ်တရက်ကြားလိုက်ရသော ကောင်မလေးတစ်ယောက် အသံကြောင့် လှည့်ကာကြည့်မိလိုက်၏။ ထိုကောင်မလေးကိုမြင်တော့ သူ့ရင်ထဲမှာ အံ့သြကာသွားသည်။ ကောင်မလေးကတော့ သူ့ကို အစောကြီးကတည်းက တွေ့ထားပုံရ၏။ ထို့ကြောင့် သူလှည့်ကြည့်လိုက်တော့ ပြုံးပြကာ . . .



"မှတ်မိလား"

သူလည်း အလျင်အမြန် ခေါင်းညိတ်ပြလိုက်ကာ . . .

"မှတ်မိတာပေါ့ ဘယ်လာတာလဲဟင်"

"ကျွန်မလည်း တူမလေးတစ်ယောက်အတွက် ကျောင်းစာအုပ်တချို့လာဝယ်တာ၊ အစ်ကို့ကို စာအုပ်ရွေးနေတာ တွေ့လို့ နောက်လိုက်တာ"

သူက ရယ်ပြလိုက်ရင်း စာအုပ်လေးကို ထောင်ပြ၍ . . .

"ဒီစာအုပ် ယူမလို့လား ယူလေ ကိုယ်က နောက်မှ ပြန်ရှာဝယ်လည်း ရတာပဲ"

ကောင်မလေးက ခေါင်းခါပြ၍ . . .

"ဟင့်အင်း အစ်ကို့ကိုတွေ့လို့ နောက်တာပါ မယူပါဘူး"

သူက ပြုံးပြရင်း စာအုပ်ဖိုး ငွေရှင်း၍ ထရပ်လိုက်သည်။ သူရပ်တော့ ကောင်မလေးလည်း လိုက်ရပ်၏။ ထို့နောက် သူတို့ လမ်းလျှောက်ရင်း စကားပြောဖြစ်ကြ၏။

"အစ်ကိုက မုန့်ဟင်းခါးသည်ကြီးကို ပိုက်ဆံနှစ်ရာ ပေးသွားတော့ ကျွန်မက အံ့သြနေတာ"

"ဘာလို့လဲ"

"ဘာဖြစ်ရမလဲ ပိုက်ဆံလေးနှစ်ရာနဲ့ တကူးတက ပေးသွားတော့ အားနာစရာပေါ့"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာမဟုတ်ပါဘူး ရပါတယ် ကိုယ်လည်း အဲ့ဒီလမ်းထဲ လာရင်း ကြုံလို့ ပေးလိုက်တာပါ"

ကောင်မလေးက အသံတိတ် ရယ်လိုက်သည်။ ပြီးတော့မှ သူ့ကို လှည့်၍ . . .

"မသိပါဘူး ကျွန်မပုံစံက ပိုက်ဆံနှစ်ရာကို ငမ်းငမ်းတက် လိုချင်နေတဲ့ ပုံစံများ ပေါက်နေသလားလို့ပါ"

ကောင်မလေးစကားကြောင့် သူ ရယ်လိုက်ကာ . . .

"မဟုတ်ပါဘူးဗျာ မဟုတ်ပါဘူး"

"ဒါနဲ့ အစ်ကိုက အဲ့ဒီလမ်းထဲ ဘာလာလုပ်တာလဲဟင် ကျွန်မတို့လိုပဲ ကျူရှင်လာတက်တာလား"

"ကိုယ်က ကျောင်းပြီးသွားပါပြီ အဲ့ဒီကို အလုပ်ကိစ္စလေးတစ်ခု ရှိလို့ လာတာပါ"

"သြော် သြော်"

ကောင်မလေးက ထိုသို့ ခေါင်းလေးတညိတ်ညိတ် လုပ်ကာ ဆို၏။ ဘာအလုပ်လည်းဆိုတာတော့ ဆက်မမေးပါ။ ထို့နောက် သူတို့ စကားစပြတ်သွားကြသည်။ ခဏကြာတော့ ကောင်မလေးကို သူက ကြည့်လိုက်ကာ . . .

"ဟိုဟာ ကိုယ်တို့ အအေးဖြစ်ဖြစ် တစ်ခုခုသွားသောက်ကြရအောင်လား၊ ညီမလေး ကိစ္စမရှိဘူးဆို လိုက်ခဲ့ပါ ကိုယ် အအေး

[redacted]



တိုက်ချင်လို့"

ကောင်မလေးက မျက်လုံးလေး ထောင့်ကပ်ပြီး စဉ်းစားဟန် တစ်ချက် လုပ်ပြီးမှ . . .

"အင်း ကောင်းသားပဲ ရာသီဥတုကလည်း ပူတော့ အအေးနဲ့ လိုက်ဖက်တယ် အဲ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲဟင်"

"အစ်ကိုနဲ့မှ မခင်သေးတာ အအေးလိုက်သောက်လို့ ကောင်းပါ့မလား"

သူက ရယ်လိုက်ရင်း . . .

"အခု ခင်နေပြီပဲဟာ ဘာမှမဖြစ်ပါဘူး ဘာဖြစ်လို့လဲ ကိုယ့်ကို မခင်သေးဘူးဆိုတဲ့သဘောလား"

"အဲ့ဒီလိုလည်း မဟုတ်ပါဘူး၊ ခင်ပါတယ် ပြီးရောလေ သွားမယ်"

ထို့နောက် သူတို့ အင်္ဂလိပ်သီချင်း ငြိမ့်ငြိမ့်လေးတွေ ဖွင့်ထားသော အဲယားကွန်းခန်း အအေးဆိုင်လေးတစ်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။ သူက သံပရာရည် မှာသည်။ ကောင်မလေးက စတော်ဘယ်ရီ ဖျော်ရည်တစ်ခွက် မှာလိုက်၏။

"ညီမက အဲ့ဒီလမ်းထဲမှာ ကျူရှင်လာတက်တာဆို"

"အစ်ကို့ကို ဘယ်သူပြောလဲ"

"ညီမပဲ စတွေ့တဲ့နေ့က ပြောသွားတာလေ မမှတ်မိဘူးလား"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်သားပဲ မေ့လို့ အင်း ကျူရှင်တက်တာ"

"ဘာကျူရှင်လဲဟင်"

"ညီမက ဒုတိယနှစ် တက်နေတာလေ ကျူရှင်က အဲ့ဒီလမ်းထဲမှာ"

သူမကိုယ်သူမ ကျွန်မဟု နာမ်စား သုံးနေရာမှ ညီမဟု ပြောင်းသုံးလာသည်ကို သတိထားမိသည်။ ခင်မင်မှု ပိုလေးနက်လာသည်ဆိုသည့်သဘော သယ်ဆောင်လာသည်ဟု ကိုယ်လိုရာဆွဲပြီး တွေးမိ၏။

သူက ခေါင်းညိတ်လိုက်ကာ . . .

"ဩော် ကိုယ်လည်း အဲ့ဒီလမ်းထဲကို အလုပ်ကလေးရှိတဲ့အချိန် ရောက်ဖြစ်ပါတယ်"

ကောင်မလေးက သူ့ကိုကြည့်၍ . . .

"စပ်စုတယ် မထင်နဲ့နော် အစ်ကိုက ဘာလုပ်တာလဲဟင်"

ထိုအချိန်မှာ သူတို့မှာ မှာထားတာတွေ လာချပေး၍ စကားစ ပြတ်သွားကြ၏။ ကောင်မလေးက စတော်ဘယ်ရီဖျော်ရည်ကို တစ်ချက် စုပ်သောက်လိုက်ပြီး မျက်နှာကလေး ရှုံ့သွားကာ . . .

"အီး ချဉ်လိုက်တာ"

ဟုပြောကာ ဝိတ်တာလေးကို ခေါ်၍ ပြန်ပြင်ခိုင်း၏။ ထို့နောက် သူ့ကိုကြည့်၍ . . .

"ညီမက စတော်ဘယ်ရီဆို ချိုချိုလေးပဲ သောက်တာ၊ သိပ်အ



ချဉ်ကြီးဆို မသောက်တတ်ဘူး အစ်ကို့ကို ကြည့်ရတာ သံပရာရည်ကြိုက်တယ်ထင်တယ်နော်"

"ကြိုက်တယ်ရယ်လို့လည်း မဟုတ်ပါဘူး နေ့လယ်နေ့ခင်းဆိုတော့ အမောပြေတာပေါ့"

"မုန့်ဟင်းခါးရောဟင်"

"အင်း မုန့်ဟင်းခါးတော့ ကြိုက်တယ် ညီမရော"

"ညီမလည်း ကြိုက်တယ်"

ထို့နောက် သူတို့ ဘာရယ်မဟုတ် ရယ်ဖြစ်ကြသည်။ ထို့နောက် ဟိုအစားအသောက်အကြောင်း ဒီအစားအစာအကြောင်းတွေ ပြောရင်း သူတို့ အချိန်ကုန်သွားကြ၏။

ပြန်ဖို့ ပထမဆုံး သတိရသူက ကောင်မလေးပင် ဖြစ်သည်။ သူမက လက်ပတ်နာရီကိုကြည့်၍ . . .

"စကားပြောကောင်းနေတာနဲ့ အချိန်တောင် တော်တော်ကုန်သွားပြီပဲ ညီမ ပြန်မှရတော့မယ် ခဏဆို ထွက်လာတာ"

သူ မတားပါ။ တားလည်း မတားသင့်ပါ။ ထို့ကြောင့် ခေါင်းညိတ်ပြလိုက်၍ . . .

"ကောင်းပါပြီ နောက်တော့ တွေ့ကြသေးတာပေါ့"

ကောင်မလေးက ခေါင်းညိတ်ကာ ပြုံးပြပြီး ပိုက်ဆံ ထုတ်ရှင်းဖို့လုပ်၏။ သူက ကမန်းကတန်း လက်ကာပြလိုက်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"နေ နေ ကိုယ်ရှင်းလိုက်မယ်"

ဟု ပြောတော့ ကောင်မလေးက . . .

"အားနာလိုက်တာ ကျေးဇူး"

ဟုပြောကာ ထွက်သွားပါတော့သည်။ ကောင်မလေး ထွက်သွားတော့ သူတစ်ယောက်တည်း ဆိုင်လေးထဲမှာ ကျန်ရစ်ခဲ့သည်။ ကောင်မလေးထိုင်တဲ့ဘက်ကို ဘာရယ်မဟုတ် ငေးကာကြည့်နေမိ၏။ လွန်ခဲ့တဲ့ စက္ကန့်အနည်းငယ်လောက်က ဤနေရာတွင် သူမ ရှိနေသည်။ သူနဲ့အတူ စကားတွေ ဖောင်ဖွဲ့အောင် ပြောနေခဲ့၏။ အခုတော့ သူမ မရှိတော့။ ဘယ်ကိုပြန်လို့ ဘယ်မှာနေမှန်းလည်း သူ မသိ။ မြို့လယ်ကောင် မုန့်ဟင်းခါးဆိုင်လေးတစ်ဆိုင်မှာ အမှတ်တမဲ့ ဆုံဖြစ်ခဲ့သော သူမသည် နာမည်လေးတောင် သိခွင့်မရလိုက်ချိန်တွင် သူတို့ လမ်းခွဲလိုက်ကြရလေသည်။

သူ့ရင်ထဲမှာ ခံစားချက်လေး တစ်မျိုး ဝင်လာ၏။

လွမ်းသလိုလို . . . ဆွေးသလိုလို။

ဆိုင်လေးထဲမှာလည်း အချစ်သီချင်းစာသားလေးတွေက တလွင်လွင် ပျံ့လွင့်နေဆဲ. . .။

❖ ❖ ❖

[redacted]



ဒီနေ့ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ဖြစ်၍ အဆောင်မှာ လူစုံသည်ဟု ဆိုရမည်။ ကိုယ်ရေးကိုယ်တာ သွားစရာ လာစရာရှိ၍ အပြင်သွားသူများမှအပ လူစုံတက်စုံ ရှိနေကြသည်။

ခိုင်ကြီးနှင့် ကိုအေးဆွေက ချက်စ် ထိုးနေကြသည်။ သူတို့က မတည့်အတူနေတို့၏ ထုံးစံအတိုင်း ငြင်းကြခုန်ကြ၏။ သူတို့ ငြင်းခုန်သံများကြောင့် သူ ဒီဘက်ခန်းသို့ ထွက်လာခဲ့လိုက်သည်။

ကိုအေးဆွေက ခိုင်ကြီးကို မျက်ထောင့်နီကြီးနှင့် ကြည့်၍ . . .

"မင်း မြင်းကွက်ကို တစ်ကွက်ကျော် ခုန်လိုက်တာ ငါမြင်တယ် လာမလိမ်နဲ့"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ကြီးကလည်း . . .

"ခင်ဗျားဘာသာ ခင်ဗျား မှုက်စိမွဲတိုင်း ကျုပ်ကို ပြဿနာ လာမရှာနဲ့"

"ဘာလို့ ငါက မျက်စိမွဲရမှာလဲ ဟိုးအနားက အပင်မှာ ငှက် ဘယ်နှကောင် နားနေတယ်ဆိုတာကအစ ငါမြင်တယ်"

ခိုင်ကြီးက ကိုအေးဆွေ ညွှန်ပြတဲ့ အပင်ကြီးကို လှမ်းကြည့်၍. .

"ဒါဆို ဘယ်နှကောင် နားနေသလဲပြော"

"စာကလေး ခုနစ်ကောင်နဲ့ ကျီးကန်း ရှစ်ကောင်"

"ခင်ဗျား မဟုတ်တန်းတရား လျှောက်မပြောနဲ့"

"မင်းမယုံရင် အဲ့ဒီအပင်အောက်သွားပြီး ရေကြည့်ပါလား"

'အင်' ကနဲ တစ်ချက်သာ အသံထွက်နိုင်ပြီး ခိုင်ကြီး ငိုင်ကျသွား၏။ ကိုအေးဆွေက အောင်နိုင်သူ အပြုံးမျိုးနဲ့ ပြုံးကာ ခိုင်ကြီးကို ကြည့်သည်။ ခိုင်ကြီးက ထိုအကြည့်ကို မခံနိုင်၍ ရုတ်တရက် ထရပ် လိုက်ကာ . . .

"လာ သွားရေမယ် ခင်ဗျားပါ လိုက်ခဲ့"

"ငါက ဘာလို့ လိုက်ရမှာလဲ မင်းမယုံတာ မင်းဘာသာမင်း သွားရေပေါ့"

"ကဲ တော်ကြပါတော့ဗျာ၊ ခင်ဗျားတို့ကလည်း မတွေ့လိုက်နဲ့ တွေ့လိုက်ရင် ပြဿနာချည်းပဲ"



သူက ဝင်ပြောလိုက်တော့ ခိုင်ကြီးက သူ့ကို လှမ်းကြည့်၍ . . .

"သူက စကားကပ်ပြောနေတာကိုးကွ"

ကိုအေးဆွေကလည်း မခံပေ။

"မင်းကရော ဘာလို့မြင်းကွက်တွေ ခိုးရွှေ့လဲ"

"ကဲပါ တော်ပါတော့ ခင်ဗျားတို့ အရည်မရ အဖတ်မရတွေ ငြင်းနေမယ့်အစား လက်ဖက်ရည်သွားသောက်ရအောင်"

သူ့စကားကြားတော့ နှစ်ယောက်လုံးက လှည့်ကြည့်လိုက်ကာ. .

"မင်းတိုက်မှာလား"

"တိုက်မယ်ဗျာ လာ"

နှစ်ယောက်စလုံး ဖွေ့ခနဲ ပါလာကြသည်။ ထို့နောက် လက်ဖက်ရည်ဆိုင်သို့ သူတို့ ထွက်လာခဲ့လိုက်ပါတော့သည်။

"လင်းခ"

"ဗျာ"

ကိုအေးဆွေက ခေါ်ခြင်းဖြစ်သည်။ သူက လက်ဖက်ရည် သောက်နေရာမှ ထူးလိုက်၏။ ကိုအေးဆွေက ဘာမှမပြောသေးဘဲ အဝေးကို ငေးကြည့်၍ . . .

"ငါ့ရုံးက မိတ်ဆွေတစ်ယောက်နဲ့ ဟိုနေ့က စကားစပ်မိလို့ စာအကြောင်း ပေအကြောင်း ပြောရင်း ငါကလည်း မင်းအကြောင်းတွေ ထည့်ပြောလိုက်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား သူက ဘာပြောလဲ"

"သူကတော့ စာတွေ သိပ်မဖတ်ဖြစ်လို့ မသိဘူးတဲ့ သူ့ညီမတွေ ညီတွေကတော့ မင်းစာတွေ ဖတ်လို့ ပြောတာ ကြားဖူးတယ်တဲ့"

"ဟုတ်လား အဟဲ"

သူ သွားဖြဲ၍သာ ရယ်ပြဖြစ်သည်။ ခိုင်ကြီးကလည်း ဆေးလိပ်တစ်လိပ်ကို ကောက်ဖွာရင်း သူတို့စကားဝိုင်းထဲ ဝင်လာ၍ . . .

"ဟုတ်တယ် လင်းခ ငါ့ကုမ္ပဏီက ကောင်မလေးတွေ တော်တော်များများ မင်းနာမည်မေးရင် သိကြတယ်သိလား၊ မင်း အခုနောက်ပိုင်း လူတော်တော်သိလာတယ် သိလား"

သူက ပြုံးလိုက်၍ . . .

"ငါ့ကို မြှောက်ပေးတဲ့အတွက် ကျေးဇူးပါကွာ"

"ဟား ဟား မင်းတိုက်တာ လိုက်သောက်နေရလို့ ငါတို့က မြှောက်ပြောတာ မဟုတ်ပါဘူးကွ၊ တကယ်ပြောတာပါ"

ကိုယ့်စာအုပ်လေးတွေ လူဖတ်လာတယ်ဆိုတော့လည်း ပျော်ရသည်။ ထိုအပျော်ကြောင့် ဖြစ်လာသော ပီတိက ဘာနဲ့မှ ဖော်ပြလို့မရသော ပီတိမျိုးဖြစ်၏။

သူ ပြုံးပြုံးကြီး ဖြစ်နေသည်ကို ကြည့်၍ ကိုအေးဆွေက . . .

"မင်းမျက်နှာက ပြုံးစိစိနဲ့ ဘာဖြစ်တာလဲ"

"ပျော်လို့ပေါ့ဗျ"



"ဒါဆို ပေါက်စီလေးပါ လုပ်လိုက်တော့"

"စားပါဗျာ စားပါ"

ခိုင်ကြီးက သူ့စကားဆုံးတော့ ပေါက်စီတစ်ပွဲ လှမ်းမှာလိုက်၏။ ကိုအေးဆွေက ခိုင်ကြီးကို ကြည့်၍ . . .

"မင်းကို ဘယ်သူက ကျွေးမယ်ပြောလို့လဲ ဒီကောင်က ငါ့ကို ကျွေးတာ"

ရန်ထဖြစ်မှာစိုး၍ သူပဲ ဝင်တားလိုက်ရ၏။

"နှစ်ယောက်စလုံးကို ကျွေးတာပါဗျာ စားကြပါ"

ဟု ပြောလိုက်မှ ငြိမ်သွားကြလေသည်။ ခဏကြာတော့ ပေါက်စီရောက်လာ၍ တစ်ယောက်တစ်လုံး ယူစားလိုက်ကြသည်။ ပေါက်စီစားနေရင်းမှ ခိုင်ကြီးက တွေးတွေးဆဆပုံစံနှင့် . . .

"လင်းခ မင်းတို့စာရေးဆရာတွေက အချစ်ကို ဘယ်လိုယုံကြည်ကြလဲ ပြောပြစမ်းပါ"

"ဘာလဲဟ မင်းစကားက အဆုံးမရှိ အစမရှိနဲ့"

"စကားပဲကွ အစရှိမှ မေးရမှာလား ငါသိချင်လို့မေးတာပေါ့"

သူက ပြုံးလိုက်ကာ . . .

"ဒီလိုပါပဲကွာ စာရေးဆရာလည်း လူပဲ မင်းတို့ခံစားသလိုပဲ ခံစားတာပေါ့"

"ဒါပေမယ့် မင်းက ရည်းစားတစ်ယောက်မှ မရှိတော့ အချစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်တဲ့ ကိစ္စတွေ ရေးရင် ဘယ်လိုရေးလဲ"

သူ ရုတ်တရက်ဆိုတော့ ဘာဖြေရမှန်းမသိဘဲ ဖြစ်သွားသည်။ ခဏကြာတော့မှ . . .

"ဒါ ဒါက ဒီလိုရှိတယ်လေ ရင်ထဲမှာ ဟိုဟာ ဘယ်လိုပြောရမလဲ အဲ့ဒီဇာတ်ကောင်နေရာမှာ ကိုယ်တကယ်ခံစားရသလို ခံစားပြီး ရေးတာပေါ့ကွ အဲ့ဒီလိုပဲလေ"

သူ့အဖြေသည် သိပ်တိကျလှသည်လည်း မဟုတ်။ ရှင်းရရင်တော့ အရှည်ကြီး ဖြစ်သွားပေလိမ့်မည်။ သူလည်း သိပ်ရှည်ရှည်ဝေးဝေးကြီး ရှင်းပြလို့ မတတ်သောကြောင့် ထိုသို့ပင် ရိုးရှင်းစွာ ဆိုမိ၏။

ခိုင်ကြီးက ခေါင်းညိတ်လိုက်ကာ . . .

"လွယ်တော့ မလွယ်ဘူးနော် ငါဆို ငယ်ငယ်တုန်းက စာစီစာကုံးတောင် ဖြောင့်အောင် မရေးတတ်ဘူး"

"အခုကျတော့ရော"

ထိုစကားကို ကိုအေးဆွေက ငေါ့တော့တော့နှင့် စပြောခြင်း ဖြစ်၏။ ခိုင်ကြီးက လှမ်းကြည့်၍ . . .

"ခင်ဗျား ဝင်မပြောစမ်းပါနဲ့ ဒီမှာ အဖိုးတန်တဲ့စကားတွေ ပြောနေတာ ကလေးက ပဲကြီးလှော် ဝင်မနှိုက်နဲ့"

ကိုအေးဆွေက ခိုင်ကြီးစကားကြောင့် တဟားဟားနှင့် ထရယ်လိုက်သည်။ ပြီးတော့ . . .



"မင်းကများ ကြီးကြီးကျယ်ကျယ် တန်ဖိုးရှိတဲ့စကားတွေ ဘာတွေ ပြောရသေးတယ်၊ မင်းကရော အချစ်နဲ့ပတ်သက်လို့ ဘယ်လောက်အတွေ့အကြုံရှိနေလို့လဲ"

ခိုင်ကြီး နည်းနည်းတော့ တင်းသွား၏။ ပြီးတော့ . . .

"ကျုပ်ကို ပြောရအောင် ခင်ဗျားကရော ဘယ်လောက်အတွေ့အကြုံရှိလို့လဲ"

ခိုင်ကြီး စိတ်တိုသွားမှန်းသိ၍ ကိုအေးဆွေက ထပ်စသည်။

"ရှိတယ်ကွ ရှိတယ် မင်းထက်စာရင် အများကြီးသာတယ်"

ခိုင်ကြီးက ကိုအေးဆွေစကားကြောင့် မဲ့ပြုံးလေး ပြုံးကာ . . .

"အေးပေါ့လေ ခင်ဗျားကို ကုမ္ပဏီပိုင်ရှင် အဘွားကြီးက ကြွေနေတော့ ပြောအားရှိတာပေါ့"

"ဘာကွ မင်း မင်း"

ကိုအေးဆွေ ရှုးရှုးရှားရှားဖြစ်သွားသည်။ ရုတ်တရက် ထအော်လိုက်သော အသံကြောင့် တော်တော်လန့်သွားရ၏။

"ကဲ တော်ကြပါတော့ကွာ ခင်ဗျားတို့နှစ်ယောက်လည်း မတွေ့လိုက်နဲ့ တွေ့လိုက်ရင် ကိုက်ဖို့ပဲ စဉ်းစားနေတာပဲ"

"မင်းကောင်က ငါ မကြိုက်တာ လာပြောတာကိုး"

"ကဲ ခိုင်ကြီး မင်းကလည်း သူမကြိုက်တာ မပြောနဲ့လေကွာ"

"သူ ငါ့ကို ဘာလို့အရင်လာဖွဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလည်းကွာ ကလေးတွေကျနေတာပဲ ကဲ ဒါဆို မင်းတို့ နှစ်ယောက် စကားမပြောဘဲ နေနိုင်လား ပြော"

နှစ်ယောက်စလုံး ငြိမ်နေကြ၏။ ဘာမှတော့ ပြန်မပြော။ သူက သက်ပြင်းကို ချမိသည်။ တော်တော်လေးကြာမှ ခိုင်ကြီးက ကိုအေးဆွေကို လှမ်းကြည့်၍ . . .

"ဆောရီးဗျာ ကျွန်တော် လွန်သွားတယ်"

ကိုအေးဆွေက အောင့်သက်သက်အမူအရာနှင့် . . .

"ရပါတယ်"

ဟု ပြန်ပြောလိုက်လေသည်။ ထို့နောက် စကားဝိုင်းလေးသည် ပုံမှန်ပြန်ဖြစ်သွားလေသည်။ သူတို့စောစောက တင်ခဲ့သော အချစ်ဆိုသည့် ခေါင်းစဉ်အောက်မှာပဲ ဆွေးနွေးဖြစ်ကြ၏။ ခိုင်ကြီးက သူထားခဲ့တဲ့ ရည်းစားတွေအကြောင်း ပြောသည်။ ကိုအေးဆွေက ရွာမှာနေခဲ့တုန်းက ကျန်ခဲ့သည့် ယယ်ကျွမ်းဆွေအကြောင်း ပြောပြ၏။

သူမှာတော့ ပြောစရာ မယ်မယ်ရရမရှိ။

ကျောင်းတုန်းကလည်း အဖော်ကောင်းလို့ ပေးလားဝါးလား လိုက်လုပ်ဖူးတာလောက်ပဲ ရှိ၏။ ကျောင်းပြီးတော့ နယ်ကနေ ရန်ကုန်တက်လာသည်။ ရှိစုမဲ့စု ပိုက်ဆံလေးတွေ စု၍ အဆောင်တစ်ခု ငှားနေတာ ကိုယ်ဝါသနာပါရာ အနုပညာအလုပ်ကို လုပ်ရင်း လမ်းကြောင်းပေါ် ရောက်အောင် ကြိုးစားနေရသူဖြစ်၏။





ကိုယ့်ခြေထောက်ပေါ် ကိုယ်ကြိုးစားရပ်တည်ရင်းနှင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနေရသူဖြစ်သောကြောင့် နှလုံးသားရေးရာအတွက် အချိန်မပေးနိုင်ခဲ့။ အချိန်ပေးနိုင်ခဲ့ရင်လည်း ဒါမျိုးဆိုတာ တိုက်ဆိုင်ဦးမှ ဖြစ်မည်ကိစ္စ။

ထို့ကြောင့် သူမှာ ထိုကိစ္စနဲ့ပတ်သက်၍ ပြောစရာ အတော်နည်းနေသည်။

ခဏကြာတော့ သူတို့ဆိုင်မှ ထပြန်လာခဲ့ကြသည်။ လမ်းရောက်တော့ ကြွေကျနေသော သစ်ရွက်ခြောက်တွေ လေမှာ လွင့်ဝဲနေတာ တွေ့ရ၏။

ထိုသစ်ရွက်တွေကို ကြည့်ရင်း သူမကို သတိရလိုက်မိ၏။

သူမ . . .။

ထိုသစ်ရွက်ကြွေတွေလိုပင် ဘယ်က ဘယ်လို သူ့ဘဝထဲကို ရောက်လာမှန်းမသိသော ကောင်မလေး တစ်ယောက်။

သူ့ရင်ထဲမှာ အမှတ်တမဲ့မှ အမှတ်တရလေးတွေ ဖြစ်သွားခဲ့ပြီ ထင်ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



စာအုပ် ရောင်းအားလေးလည်း တဖြည်းဖြည်း တက်လာခဲ့သည်။ ပရိသတ်လက်ခံမှုလေးလည်း တဖြည်းဖြည်း ရလာသောကြောင့် နာမည်လေးလည်း တစ်စတစ်စ လူသိလာ၏။ ထို့ကြောင့် ဂျာနယ်တွေနှင့် မဂ္ဂဇင်းတစ်ချို့မှာ သူ့အင်တာဗျူးလေးတွေက ဟိုတစ်စ ဒီတစ်စ ပါလာသည်။

တစ်ရက်တွင် ထုတ်ဝေသူက သူ့ကို ခေါ်၍ . . .

"မောင်ရင့်နာမည် တဖြည်းဖြည်း ရလာပြီကွ သိလား၊ ဒီပုံအတိုင်းသာ ဆက်သွားရင် နောက်တစ်အုပ် နှစ်အုပ်လောက်ဆို မောင်ရင် နာမည်ကြီး စာရေးဆရာတစ်ယောက်ဖြစ်ပြီ။ ဒါကြောင့် ဒီ့ထက်ပိုပြီး ဇာတ်လမ်းကောင်းကောင်း ရေးအားကောင်းကောင်း ရေးဖို့



တွေးဖို့ အကြံပေးချင်တယ်"

သူက ဝမ်းသာစွာ ခေါင်းညိတ်ပြ၍ . . .

"စိတ်ချပါ ကျွန်တော် ကြိုးစားပါ့မယ်"

"မောင်ရင် ကြိုးစားတယ်ဆိုတာ ယုံပါတယ်၊ ကဲ ကိုယ်ပြောချင်တာက မောင်ရင်နဲ့ ကိုယ်နဲ့ စာချုပ်ချုပ်ဖို့ ကိစ္စပဲ"

"ဗျာ"

"မဗျာနဲ့ မောင်ရင့်စာအုပ်တွေကို ကိုယ်တို့တိုက်နဲ့ စာချုပ်ချုပ်ဖို့ ပြောတာပါ၊ မောင်ရင့်သဘောကရော"

သူ့ဘက်က ဘာပြောစရာရှိမှာလဲ။ ဘာမှပြောစရာမရှိပေ။

သူ စာရေးဆရာ စဖြစ်ကတည်းက သူ့စာအုပ်တွေကို ဒီစာအုပ်တိုက်ကပဲ စတင်ထုတ်ဝေပေးခဲ့၏။ အခုလို နာမည်လေးရလာတော့ ဒီစာအုပ်တိုက်နှင့်ပင် ပြန်လည်စာချုပ်ချုပ်ဆိုခြင်းသည် သင့်မြတ်သော ကိစ္စပင်ဖြစ်သည်။

ထို့ကြောင့် သူ စာချုပ်ချုပ်ဖြစ်ခဲ့၏။ ဤသို့ဖြင့် သူသည် လုံးချင်း ဝတ္ထု ခြောက်အုပ်လောက် ထုတ်ပြီးချိန်တွင် ပရိသတ် လက်ခံစပြုလာသော ဟိုမရောက် ဒီမရောက် စာရေးဆရာလေးဘဝမှ တက်သစ်စ စာရေးဆရာလေးဘဝသို့ ရောက်ခဲ့ရပါတော့သည်။ လေ့ကားထစ်က အခုမှ စသည်ဟုတော့ ဆိုရပေလိမ့်မည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ်** အလုပ်နဲ့ကိုယ် ရှုပ်နေသည်မို့ မြို့ထဲ သိပ်မရောက်ဖြစ်တော့။ စာမူသွားပို့သည့်နေ့နှင့် ကိုယ်လိုချင်သော စာရွက်စာတမ်းတွေ ဒါမှမဟုတ် စာအုပ်တွေအတွက် သွားသည့်နေ့တွေမှလွဲ၍ မရောက်ဖြစ်ပေ။ ရောက်တိုင်းတော့ မုန့်ဟင်းခါးဆိုင်သို့ ရောက်ဖြစ်သည်။ ရောက်တိုင်းလည်း ဦးလေးကြီးက ကောင်မလေးအကြောင်း သူ့ကို ပြော၏။ ထွေထွေထူးထူးတော့ မရှိပါ။ ဘယ်နေ့မှာ ဘယ်လိုတွေ့လိုက်ကြောင်း တစ်ခါတစ်ရံ သူ့ဆီဝင်၍ မုန့်ဟင်းခါး စားတတ်ကြောင်း ပြောပြတတ်၏။

"ဟိုတစ်ခေါက် တွေ့တုန်းကတောင် မင်းမလာဘူးလားလို့ မေး



သေးတယ်"

ဟူ၍ နောက်ဆုံးတစ်ခေါက်ရောက်ခဲ့တုန်းက သူ့ကို ပြောလိုက်သေး၏။ တကယ်ပြောတာလား၊ လိမ်ပြောတာလားတော့ သူ မသိပေ။ ဘာပဲဖြစ်ဖြစ် တကယ်ဖြစ်ခဲ့ရင်တော့ ကောင်မလေး သူ့ကို အမှတ်ရနေသေးသည်ဟု ဆိုရပေလိမ့်မည်။

ဒီနေ့ကတော့ စာအုပ်တိုက်သို့ ဝတ္ထုတိုတစ်ပုဒ် ပေးရန် ထွက်လာခဲ့ခြင်းဖြစ်သည်။ ဝတ္ထုပေးပြီးအပြန် ထုံးစံအတိုင်း ဦးလေးကြီးဆိုင်သို့ ဝင်လိုက်၏။ မျှော်လင့်ချက်လေးလည်း ပါသည်။ ထို့ကြောင့် စာမူကို ဗုဒ္ဓဟူးနေ့မှ တမင်ရွေး၍ လာပို့ခြင်းလည်း ဖြစ်၏။

ဆိုင်ရောက်တော့ ဦးလေးကြီးက . . .

"ထုံးစံအတိုင်းပဲလား ညီလေး"

သူက ခေါင်းညိတ်ပြလိုက်တော့ မုန့်ဟင်းခါးထဲကို ပဲကြော်တစ်ခုခြေထည့်ကာပေး၏။ မုန့်ဟင်းခါး စားနေရင်းနှင့် ဦးလေးကြီးက . . .

"မင်း မလာတာ ကြာပြီနော်"

"မကြာသေးပါဘူးဗျာ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတောင် ရောက်သေးတဲ့ဟာကို"

ဦးလေးကြီးက ရယ်၍ . . .

"ဟုတ်လား ငါ့စိတ်ထဲမှာ တော်တော်ကြာနေပြီ ထင်နေတာ"

သူက ရယ်လိုက်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးက ဘာတွေ အတွေးပျောနေမှန်းမှ မသိတာ"

မုန့်ဟင်းခါးစားနေရင်းနှင့် လမ်းဘက်သို့ တစ်ချက် တစ်ချက် လှမ်းကာကြည့်မိသည်။ ကောင်မလေးကို တွေ့လိုတွေ့ငြား . . .

ခဏနေတော့ ဦးလေးကြီးက လုပ်စရာရှိတာတွေ လုပ်နေရင်းက သူ့ကို အကဲခတ်၍ . . .

"မျှော်မနေနဲ့ ကိုယ့်လူ၊ တော်ကြာ လာပါလိမ့်မယ် သူတို့ ကျူရှင်က စဖို့ လိုသေးတယ်"

သူလည်း ရှတ်တရက်ဆိုတော့ ရှက်သွားပြီး . . .

"ဦးလေးကတော့ လုပ်ပြီ၊ ကျွန်တော်က ပျင်းလို့ လျှောက်ကြည့်နေတာပါဗျ"

ဦးလေးကြီးက ရယ်၍ . . .

"ငါလည်း ငယ်ရာက ကြီးလာတာပါကွာ၊ ဒါနဲ့ မင်းတို့ အပြင်မှာ တွေ့ပြီးပြီဆို"

"ဗျာ"

"မဗျာနဲ့ ဟိုနေ့က မင်းအကြောင်း စကားစပ်မိလို့ မင်းတို့ တစ်ခါမှ မဆုံဖြစ်ကြဘူးလားလို့ ငါက မေးကြည့်လို့ ကောင်မလေးက ပြောသွားတာ"

သူက ကြိတ်၍ ရယ်လိုက်ရင်း ခေါင်းညိတ်ပြလိုက်၏။ ဦးလေးကြီးက မချိုမချဉ်နှင့် သူ့ကို ကြည့်ကာ . . .





"မင်းကသာ လျှိုထားတာ ဒါမရိုးသားတာပဲ၊ ကောင်မလေးကတော့ ငါ့ကို ပြောသွားပြီးပြီ၊ ဟော ဟိုမှာ ပြောရင်းဆိုရင်း လာနေပါပြီဗျာ"

ဦးလေးကြီး အပြောကြောင့် သူ ချာခနဲ လှည့်ကြည့်လိုက်မိ၏။ ရောင်စုံခြယ်ထားသော မြို့ပြရဲ့ နေ့လယ်ခေါင်သည် သူမ အလှကြောင့် ပတ်ဝန်းကျင်ကို ချက်ချင်း အေးမြတိတ်ဆိတ်သွားစေသည်။ သူ ကြောင်၍ ကြည့်နေမိသည်။ မြို့ပြလေပြည်အနေ့မှာ ဝဲလွင့်သွားသော သူမ ဆံနွယ်တွေက မဟာဆန်၍ ကဗျာဆန်စွာ လွင့်မျောလျှက် . . .

"ညီလေး ကိုယ့်သတိ ကိုယ်ထိန်းဦးလေ"

သူ ဘယ်လောက်ရှုပ်ပျက်သွားလည်း မသိ။ မုန့်ဟင်းခါးသည်ကြီးပြောမှ သတိပြန်ဝင်လာ၏။ ထို့နောက် မုန့်ဟင်းခါးပန်းကန်ကို ကြည့်လိုက်တော့ ဟင်းရည်တွေ တစ်ဝက်လောက် ဖိတ်ကျကုန်ပြီ။

သူ ရှက်ရှက်နှင့် မုန့်ဟင်းခါးပန်းကန်ကို ချ၍ ထထွက်ဖို့ လုပ်၏။

"မင်း ဒီလိုထွက်သွားရင် ပိုဆိုးသွားမှာပေါ့၊ တော်ကြာ ကောင်မလေးက သူ့ကို မတွေ့ချင်လို့ ရှောင်သွားတယ် ထင်ရင် စိတ်ဆိုးသွားဦးမယ်"

ဦးလေးကြီးပြောတော့ သူ ပြန်ထိုင်လိုက်၏။ သူက သခင်အမိန့်ပေးရာ လုပ်နေသော စက်ရုပ်တစ်ရုပ်လို ဖြစ်နေသည်။ သို့သော် ရင်ဘတ်ထဲက နှလုံးသားကတော့ အဆမတန် ခုန်လျက် . . .

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကောင်မလေးက ဆိုင်ရှေ့ ဖြတ်သွားပြီးတော့မှ သူ့ကို မြင်သွား၍ လှည့်ဝင်လာတော့၏။

ကောင်မလေးကပင် သူ့ကို စ၍ . . .

"မြင်ဖူးပါတယ်လို့ ကြည့်နေတာ၊ အစ်ကို့ကို မတွေ့ရတာတောင် ကြာပြီနော်"

သူကလည်း ရှက်တာတွေ ဘာတွေ ဘေးချိတ်ထား၍ စကားပြန်ပြောရလေတော့သည်။

"ဟုတ်တယ် အလုပ်ကလေးတွေ ရှုပ်နေလို့ ဒီဘက်မရောက်ဖြစ်တာ၊ ထိုင်ဦးလေ မုန့်ဟင်းခါး မစားတော့ဘူးလား"

ကောင်မလေးက တစ်ချက်စဉ်းစားသလို လုပ်ပြီးမှ . . .

"အင်း အချိန်ရပါသေးတယ် စားမယ်လေ"

ဟုပြောပြီး ခုံတစ်လုံးမှာ ထိုင်လိုက်၏။ ဦးလေးကြီးက သူတို့နှစ်ယောက်ကို ပြုံးစိ ပြုံးစိကြီးနှင့် ကြည့်နေ၍ မုန့်ဟင်းခါးပန်းကန်ထဲသို့ မုန့်ဖတ်တွေ ထည့်နေသည်။

ထို့နောက် သူက . . .

"ကျူရှင်က အခုမှ စတက်တာလား"

"အင်း ဟုတ်တယ် ညနေ ငါးနာရီမှပြီးတာ၊ စနေ တနင်္ဂနွေဆို ခြောက်နာရီမှပြီးတာ၊ နေ့ခင်းဘက်တက်ရတော့ ပင်ပန်းတယ်"

"ဟုတ်တယ်နော် နေကလည်း တော်တော်ပူတာ"

[redacted]



ကောင်မလေးက ခေါင်းညိတ်ပြ၍ . . .

"ဟုတ်တယ် ဒါပေမယ့် ဆရာမက နေ့လယ်ခေါ်တော့လည်း လာရတာပေါ့"

ထို့နောက် ကောင်မလေးက မုန့်ဟင်းခါး စားနေ၍ စကားပြတ်သွားကြ၏။ စားပြီးသွားတော့ သူက ပိုက်ဆံ ထုတ်ရှင်းဖို့ လုပ်သည်။ ကောင်မလေးက အတင်းလက်ကာပြကာ . . .

"နေ နေ ညီမ ရှင်းမယ် ဟိုတစ်ခါ ညီမ သောက်တယ်လေ၊ မလုပ်ပါနဲ့ ဒီတစ်ခါ ညီမ ရှင်းပါရစေ"

"ဟာ အားနာစရာကြီး"

"ဒါဆို ဟိုတစ်ခါ အစ်ကို တိုက်တော့ ညီမ သောက်တယ်လေ၊ ဒါဆို နောက်မသောက်တော့ဘူး"

"ဟုတ်ပါပြီဗျာ စိတ်တော့ မဆိုးလိုက်ပါနဲ့ ရှင်းပါ ရှင်းပါ"

ကောင်မလေးက ကျေနပ်စွာ ပြုံးပြီး ပိုက်ဆံ တစ်ထောင်တန် ထုတ်ပေးလိုက်သည်။ သူက ဦးလေးကြီးကို ကြည့်၍ . . .

"အကြွေအမ်းစရာတော့ ရှိပါတယ်နော်"

ဟု စလိုက်၏။ ဦးလေးကြီးက ပြုံးလိုက်ကာ . . .

"ရှိပါတယ်ဗျာ ရှိပါတယ် ငါးယောင်တန်တောင် အမ်းလို့ရတယ်"

ထို့နောက် သူတို့ ရယ်ဖြစ်ကြ၏။

ကောင်မလေးက ထရပ်လိုက်တော့ သူလည်း ထရပ်လိုက်သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကောင်မလေးကို ကြည့်၍ . . .

"အအေး တစ်ခုခု သွားသောက်ရအောင်လား"

ကောင်မလေးက နာရီကို ကြည့်၍ . . .

"မရတော့ဘူး အစ်ကိုရဲ့ ကျူရှင်တက်တော့မှာ"

သူ အကြံအိုက်သွား၏။ သူ့ရင်ထဲမှာ ကောင်မလေးနှင့် မခွဲချင်သေး။ ထပ်တွေ့ရင်း စကားတွေ ပြောနေချင်သေးသည်။ ထို့ကြောင့်

"ကျူရှင်က ငါးနာရီ ဆင်းမှာနော်"

"ဟုတ် ဘာလို့လဲဟင်"

"ဒါဆို ကျူရှင်ဆင်းချိန် အအေးသွားသောက်မယ်လေ"

ကောင်မလေးက တအံ့တသြနှင့် မျက်လုံးပြူးသွားကာ . . .

"ဒါဆို အစ်ကိုက ကြားထဲကအချိန် . . . အချိန်တွေ ဘာလုပ်နေမှာလဲဟင်"

သူ မုသားသုံးရတော့မည်ဆိုတာ သဘောပေါက်လိုက်သည်။ ထို့ကြောင့် လတ်တလော ထွက်ပေါ်လာသော အကြံတစ်ခုကို အသုံးချလိုက်ကာ . . .

"ကိုယ်က ဒီလမ်းထဲမှာ ဟိုဟာ အလုပ်ကလေးရှိလို့လေ၊ အဲ့ဒါ ညနေကျမှ ပြန်ရမှာ ညီမ ကျူရှင်ဆင်းချိန်ဆို အံကိုက်ပဲ"

"ဟုတ်လား အစ်ကိုက ဘာလုပ်တာလဲ ဟိုတစ်ခါ ညီမ မေးတုန်းက ဖြေမသွားဘူးနော်"

[redacted]



ရုတ်တရက်ဆိုတော့ ဘာအလုပ်ကိစ္စကို အကြောင်းပြရမလဲ သူမှာ စဉ်းစားရကြပ်သွား၏။ စာရေးဆရာဆိုတာကိုတော့ သူ ရုတ်တရက် ပြောမထွက်သေးပေ။ ဘာအကြောင်းကြောင့်မှတော့ မဟုတ်၊ ထိုနာမ်စားကို မသုံးချင်သေးသောကြောင့် ဖြစ်၏။ ထို့ကြောင့် . . .

"ကိုယ်က ဒီလမ်းထဲက မဂ္ဂဇင်းတိုက်တစ်ခုမှာ ဖြန့်ချိရေး လုပ်တာလေ၊ အဲ့ဒါ ညနေ ငါးနာရီလောက်ဆို ရုံးဆင်းပြီ"

ကောင်မလေးက ဘာမှမပြော၊ ပြုံး၍သာ ခေါင်းညိတ်ပြ၍ . .

"ကောင်းပြီလေ ဒါဆို ညီမတို့ ညနေ ငါးနာရီ ဆုံကြတာပေါ့ ဟုတ်လား"

သူကလည်း ခေါင်းညိတ်ပြ၏။ ထို့နောက် ကောင်မလေး လှည့်ထွက်ကာသွားသည်။ သူလည်း ငေးကြည့်နေရင်းမှ ပန်းဆိုးတန်းဘက်သို့ စာအုပ်သွားမွှေရင်း အချိန်ဖြုန်းနေလိုက်မည်ဟု တွေးရင်း ထွက်လာခဲ့လိုက်၏။

ရင်ထဲမှာ တလှပ်လှပ်။

ကောင်မလေးကို သူ စိတ်ဝင်စားနေပြီဆိုတာတော့ သေချာနေပြီဖြစ်ပါသည်။

❖ ❖ ❖

[redacted]

www.burmeseclassic.com

www.burmeseclassic.com



## “ညီမ နာမည် ဘယ်လိုခေါ်လဲဟင်”

“အစ်ကို့နာမည် ဘယ်လိုခေါ်လဲဟင်”

သူတို့နှစ်ယောက်လုံး ပြိုင်တူပြောမိလိုက်သော စကားကြောင့် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ရယ်လိုက်ကြ၏။ ထို့နောက် ကောင်မလေးက အရယ်တစ်ဝက်နှင့် လာချပေးသော အအေးကို တစ်ချက် စုပ်သောက်လိုက်ပြီး . . .

“ညီမပဲ အရင်ဖြေပါ့မယ် ဒါပေမယ့် ညီမနာမည်ကို ကြားရင် မရယ်ရဘူးနော်”

“မရယ်ပါဘူး ဘာဖြစ်လို့လဲ”





“ဘာမှမဖြစ်ပါဘူး ညီမနာမည်ကြားရင် လူတွေက ရယ်ရယ်သွားတာများတယ် အဲ့ဒါကြောင့်”

သူက ပြုံးလိုက်ကာ . . .

“မရယ်ပါဘူးဗျာ ပြောပါ”

ကောင်မလေးက တစ်ချက်ပြုံးလိုက်ပြီးတော့မှ သူ့မ နာမည်ကို ပြောကာပြ၏။

“ညီမနာမည်က သီရိရတနာရှင်းသန့်တည်ကြည် ပါ”

“ဟင်”

ကောင်မလေး နာမည်ကြားတော့ သူ ကြောင်တောင်တောင်ကြီး ဖြစ်သွား၏ သူ့ဘဝတွင် ဒီလောက်ရှည်လျားထွေပြားသော နာမည်မျိုး မကြားဖူးပေ။ ကောင်မလေးက သူ့ရဲ့ အံ့ဩသွားသော ပုံစံကိုကြည့်၍

“ညီမပြောသားပဲ နာမည်ကြားရင် မရယ်နဲ့လို့”

“မရယ်ပါဘူး အံ့ဩလို့ပါ အဲ့ဒီနာမည်ကို ဘယ်သူပေးထားတာလဲ”

“အမေတို့ပြောတော့ အဘိုးက ပေးခဲ့တာလို့ ပြောတာပဲ အတိအကျတော့ မသိဘူး”

“ဟုတ်လား နာမည်က တော်တော်လေး ရှည်တယ်နော်”

“အားလုံး ကိုးလုံးရှိတယ်လေ၊ အဲ့ဒါကြောင့် ညီမကို ရင်းနှီးတဲ့ သူတွေက ကိုးလေးကို ခေါ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး ဟုတ်လား အဲ့ဒီနာမည်လေးက ချစ်စရာလေး"

"ခစ် ခစ် ညီမနာမည်က ကိုးလုံးရှိလို့ ကိုးလေးလို့ ခေါ်တာ"

သူက ခေါင်းညိတ်ပြလိုက်ကာ . . .

"ကိုယ်လည်း အဲ့ဒီလို ခေါ်လို့ရလား"

"ရပါတယ် ခေါ်ပေါ့ အဲ့ဒီလို မခေါ်လို့ အစ်ကိုက နာမည် အပြည့်အစုံ ခေါ်ချင်လို့လား"

"နာမည် အပြည့်အစုံခေါ်ရရင်တော့ တစ်ခါ နှစ်ခါ ခေါ်ရုံနဲ့ တင် မိုးချုပ်သွားနိုင်တယ် မလွယ်ဘူး"

ထို့နောက် သူတို့ ရယ်ဖြစ်ကြ၏။ အရယ်ဆုံးတော့ ကောင်မလေး က သူ့ကို ကြည့်၍ . . .

'အစ်ကို့နာမည်ကရော"

"အစ်ကို့နာမည်က နှစ်လုံးတည်းပါ လင်းခတဲ့"

သူ့နာမည်ကြားတော့ ကောင်မလေးက အပြုံးလေးနှင့် မျက်ခုံး လေးပင့်ကာ ကြည့်၍ . . .

"လင်းခ ဟုတ်လား ခစ် ခစ် ခစ်"

"ဘာ ဘာဖြစ်လို့လဲဟင်"

ကောင်မလေးက အရယ်တစ်ဝက်နှင့် . . .

"ဘာမှမဖြစ်ပါဘူး ခစ် ခစ် စာရေးဆရာတစ်ယောက်နာမည် နဲ့ တူနေလို့၊ ညီမသိတဲ့ စာရေးဆရာတွေထဲမှာ လင်းခဆိုတဲ့ နာမည်

[redacted]



လည်းပါတယ်၊ ညီမက သူ့စာအုပ်တွေကို ကြိုက်တယ်၊ အစ်ကိုရော ကြားဖူးလား"

သူ ရုတ်တရက်ဆိုတော့ ဘာပြန်ဖြေရမှန်းမသိ။ ယောင်ပြီးသာ ခေါင်းညိတ်ပြလိုက်မိ၏။ သူကလည်း နာမည်အရင်းကို ကလောင် နာမည်ပေးထားမိ၍ သူ့မှာ တခြားနာမည်လည်း မရှိပေ။

"အစ်ကို ဘာတွေစဉ်းစားနေတာလဲ၊ ညီမပြောတာရော ကြားရဲ့ လား"

ကောင်မလေးအသံကြားတော့မှ သူ အသိပြန်ဝင်လာကာ . . .

"ဩော် အင်း ကြား ကြားပါတယ် ဘာလို့လဲ"

"ဒါဆို ညီမ ဘာပြောသလဲ ပြန်ပြော"

"ဩော် ညီမလေးက လင်းခစာအုပ်တွေ ကြိုက်တယ်တဲ့ ဟုတ် တယ်မလား"

"မဟုတ်ပါဘူး အဲ့ဒါပြီးတော့ ပြောတဲ့စကားကိုပြောတာ"

"အဟီး အဲ့ဒါတော့ မကြားလိုက်ဘူး"

"ဘယ်ကြားမလဲ ဘာတွေ တွေးနေမှန်းမှ မသိဘဲ၊ ညီမမေးတာ က အစ်ကိုက ဘယ်မဂ္ဂဇင်းတိုက်မှာ လုပ်တာလဲလို့ မေးတာ"

သူက သူ့ရဲ့ စာအုပ်တိုက်နာမည်ကို ပြောပြလိုက်သည်။ သူ့ စာအုပ်တိုက်က လုံးချင်းဝတ္ထုတွေလည်း ထုတ်သလို မဂ္ဂဇင်းလည်း ထုတ်၏။ ကောင်မလေးက သူပြောပြတဲ့စကားကို နားထောင်ပြီး

[redacted]

www.burmeseclassic.com

"ဟယ် အဲ့ဒီစာအုပ်တိုက်ကို ကျွန်မ သိတယ်၊ စာရေးဆရာ လင်းခကလည်း အဲ့ဒီစာအုပ်တိုက်က၊ သူ့ဝတ္ထုတွေကို ထုတ်တာပဲလေ၊ ဒါဆို အစ်ကိုက လင်းခကို သိတာပေါ့"

မသိဘူးဟု ပြောရင်လည်း ယုတ္တိမရှိ၍ ခေါင်းညိတ်ပြလိုက်ရ၏။ ကောင်မလေးက ဝမ်းသာအားရနှင့် . . .

"ဟယ် တကယ်၊ သူနဲ့ တော်တော်ခင်လားဟင်"

"သိပ်တော့မခင်ပါဘူး၊ ကိုယ်ကလည်း အဲ့ဒီစာအုပ်တိုက်မှာ အလုပ်လုပ်တယ်ဆိုတော့ တွေ့ဖူး မြင်ဖူးနေတာပါ"

"ဒါ ဒါဆို သူ့ဆီက လက်မှတ်ထိုးထားတဲ့ စာအုပ်တစ်အုပ်လောက် တောင်းပေးပါလား"

"အဲ"

သူ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားရ၏။ ကောင်မလေးက သူ ငိုင်သွားတာကိုကြည့်၍ အဓိပ္ပာယ်တစ်မျိုးပေါက်သွားကာ . . .

"ဘာလဲ အစ်ကိုက ဈေးကိုင်တာလား၊ မတောင်းပေးချင်လို့လား"

"ဟာ မဟုတ်ပါဘူး တောင်းဆိုလည်း တောင်းပေးပါ့မယ်ဗျာ၊ နောက်တစ်ခါ သူနဲ့တွေ့ရင် တောင်းထားလိုက်မယ်လေ"

ကောင်မလေး ပျော်ကာသွား၏။ ထို့နောက် လက်ဝါးလေးနှစ်ဖက်ကို ပွတ်၍ သူ့ကိုကြည့်ကာ . . .





"သူ သူက ချောလားဟင်"

"အဲ အဲဒါတော့"

ဟုပြောကာ ငိုင်သွားမိ၏။ ကိုယ့်ရုပ်ကိုယ် ချောတယ် မချောဘူး ဆိုတာလည်း တစ်ခါမှ မသုံးသပ်ကြည့်ဘူး၍ ဘာပြန်ပြောရမှန်း မသိဖြစ်နေမိသည်။ ချောတယ်ပြောရအောင်လည်း ရှက်နေမိသည်။ မချောဘူးဟု ဆိုရအောင်လည်း ကိုယ့်ကိုကိုယ် အဲ့ဒီလောက်ကြီးတော့ ပြောမထွက်ပေ။

ထို့ကြောင့် . . .

"မဆိုးပါဘူး"

ဟုသာ ဟိုမရောက် ဒီမရောက်လေး လုပ်ထားလိုက်၏။ ထို့နောက် ကောင်မလေးက ထပ်မေးလာပြန်သည်။

"သူက လူပျိုလား"

ဒါကိုတော့ တွေဝေမနေဘဲ ပြတ်ပြတ်သားသား သူ ပြန်ပြောပစ်လိုက်၏။

"ဟုတ်တယ် လူပျို လူပျို လူပျိုမှ ရေမရောတဲ့ လူပျိုစစ်စစ်၊ ရည်းစားတောင် မရှိဘူးကြားတယ်"

ကောင်မလေးက သူ့စကားကြောင့် ထရယ်လိုက်ကာ . . .

"ဟား ဟား ဒီတော့ အစ်ကိုလွန်သွားပြီ ရည်းစားတော့ ရှိမှာပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူးဆို၊ ညီမက ကိုယ့်ထက်ပဲ ပိုသိရဦးမှာလား"

ပြောပြီးမှ သူ့စကားတစ်ချက် လွန်သွားပြီဆိုတာ သိလိုက်၏။ သို့သော် ကောင်မလေးက ရိပ်မိပုံမရပါ။

"အေးပေါ့လေ အစ်ကိုတို့က မြင်တွေ့နေကျဆိုတော့ သိမှာပေါ့"

သူလည်း သက်ပြင်းကို ချလိုက်ကာ အအေးတစ်ငုံသောက်လိုက်မိ၏။ ရင်ထဲမှာ အေးမြသွားသော်လည်း ခုန်နေတဲ့ ရင်ကတော့ မငြိမ်သက်ပေ။

ကောင်မလေးက သူ့ရဲ့ပရိသတ်တစ်ယောက် ဖြစ်နေသောကြောင့် ခုန်နေသောရင်ခုန်သံဖြစ်သည်။

ကောင်မလေးက သူ့မရှေ့က အအေးကို ကုန်အောင်သောက်၍ လက်က နာရီကို ကြည့်လိုက်ကာ . . .

"ကဲ အချိန်တောင် နောက်ကျနေပြီ၊ ညီမ သွားလိုက်ဦးမယ်၊ အစ်ကိုရော မပြန်သေးဘူးလား"

"ပြန်မှာ သွားမယ်လေ"

ထို့နောက် ပိုက်ဆံရှင်း၍ ဆိုင်က သူတို့ ထထွက်ခဲ့လိုက်သည်။ လမ်းထိပ်ရောက်တော့ ကောင်မလေးက ကကတစ်စီးငှား၍ ထွက်သွား၏။ မသွားခင် သူ့ကို လှမ်းပြောသွားသေးသည်။

"လက်မှတ်ထိုးပြီး စာအုပ်ယူလာဖို့ မမေ့နဲ့နော်"

သူက ခေါင်းညိတ်ပြလိုက်ကာ နှုတ်ဆက်လိုက်သည်။ ခဏနေ

[redacted]



တော့ ကောင်မလေး ထွက်ကာသွားသည်။ သူလည်း ဘတ်စ်ကားမှတ်တိုင်ဘက်သို့ လမ်းလျှောက်လာခဲ့လိုက်ပါတော့သည်။

ရင်ထဲမှာ ဒီနေ့ တစ်မျိုးကြီး . . .။

❖ ❖ ❖

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**တစ်** မျိုးကြီးဖြစ်နေ၍ နေမထိ ထိုင်မသာ ဖြစ်နေရသည်။ အချိန်တိုင်း ကောင်မလေးရုပ်ပုံပဲ ရင်ထဲမှာ စိုးမိုးနေသည်။ စာလည်း ရေးလို့မရ။ အချိန်ရှိသရွေ့ အချစ်နဲ့ပတ်သက်တဲ့ ကဗျာလေးတွေပဲ စပ်ချင်နေမိသည်။ ဒါ့ကြောင့် အတွေးအခေါ် ပညာရှင်ကြီး ပလေတိုက လူတိုင်းသည် အချစ်နဲ့ပတ်သက်ရင် ကဗျာဆန်သွားတတ်သည်ဟု မိန့်ဆိုခဲ့တာဖြစ်ပေလိမ့်မည်။ ထိုပလေတိုကြီးကိုယ်တိုင်လည်း အချစ်နဲ့ပတ်သက်၍ ကဗျာတွေ ဘယ်နှပုဒ် ရေးခဲ့လည်း မသိပေ။ သူကတော့ ကောင်မလေးကို လွမ်းလိုက် ကဗျာရေးလိုက်နှင့် ကြာသပတေး၊ သောကြာ နှစ်ရက်ကို ရင်ခတ်အလွမ်းတွေနှင့် ကျော်



ဖြတ်နေရ၏။

မနက်ဖြန် စနေနေ့ဆိုတော့ ကောင်မလေးနှင့် တွေ့ခွင့်ရမည်။ ကောင်မလေး ပြောထားသည့် ဝတ္ထုစာအုပ်ကို လက်မှတ်ထိုးပြီး သွားပေးရင်းနှင့် တွေ့ရပေဦးမည်။ ထို့နောက် ကောင်မလေးနှင့် တွေ့ပြီး စကားပြောမည်။ ထိုင်နေကျ အအေးဆိုင်လေးမှာ ထိုင်မည်ဟု စိတ်ကူးထားလိုက်၏။

သူစိတ်ကူးနေစဉ်မှာပဲ ခိုင်ကြီးက သူ့အခန်းထဲ ဝင်လာ၍ . . .

"ဟော့ကောင် ငြိမ်လှချည်လားကွ ဘာလုပ်နေတာလဲ"

"ဒီလိုပါပဲကွာ ကဗျာစပ်နေတာပါ"

"ဩော်"

ဟု ခိုင်ကြီးက တစ်ချက်ပြောပြီး သူရေးထားတဲ့ ကဗျာလေးတွေကို လိုက်ဖတ်နေလိုက်သည်။ ဖတ်ပြီးသွားတော့မှ . . .

"ဘယ်ဆိုးလို့လဲ မင်းက ကဗျာအရေးအသားလည်း ကောင်းသားပဲ"

သူက ပြုံးနေလိုက်သည်။ ခိုင်ကြီးက စကားကို ဆက်၏။

"ဒီနှစ်ရက်မှာ မင်းငြိမ်ချက်သားကောင်းနေလို့ ငါက နေများမကောင်းဘူးလားလို့"

"ကောင်းပါတယ်ကွာ အလုပ်ကလေး နည်းနည်းရှိနေလို့ အခန်းအပြင်မထွက်ဖြစ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ မင်းတို့ အနုပညာသမားတွေက ခံစားမှုရှိတဲ့ အချိန်လေး အလုပ်လုပ်ရတာဆိုတော့ ဒီလိုပဲပေါ့"

ခိုင်ကြီးစကားကြောင့် သူ ရယ်လိုက်၏။ ခိုင်ကြီးက သူ့ကိုကြည့်၍

"မင်းက ဘာရယ်တာလဲ"

"ဘာမှမဟုတ်ပါဘူးကွာ၊ မင်းက အနုပညာနဲ့ ပတ်သက်ပြီး ခံစားချက်တွေ ဘာတွေ ထပြောနေလို့ပါ"

"ဟ ငါလည်း လူပဲကွ၊ ခံစားတတ်တာပေါ့၊ မင်းတစ်ယောက်တည်း ခံစားတတ်တယ် ထင်လို့လား"

"အေးပါကွာ ဟုတ်ပါပြီ ဟုတ်ပါပြီ ပြောမိတာ ငါ့အမှားပါ"

"ဟဲ ဒါဆို ငါတို့ လက်ဖက်ရည်သွားသောက်ရအောင်"

"ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်တယ်လေကွာ နာရီကိုလည်း ကြည့်ဦး၊ ဒီအချိန် လက်ဖက်ရည်အချိန်ကွ"

သူလည်း ခေါင်းညိတ်ပြ၍ ရေးလက်စ စာအုပ်ကို ပိတ်လိုက်သည်။ ထို့နောက် သူတို့ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့လိုက်ပါတော့သည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ထုံးစံအတိုင်း ကျဆိမ့်နှစ်ခွက်မှာ၍ သူက ခိုင်ကြီးကို စီးကရက်တစ်လိပ် လှမ်းပေးလိုက်ကာ . . .

"မင်း အလုပ်မသွားဘူးလား၊ ဒီရက်ပိုင်း မင်းအလုပ်သွားတာ





မတွေ့မိဘူး၊ ဘာလို့လဲ ခွင့်ယူထားလာတလား"

ခိုင်ကြီးက သူ ကမ်းပေးသော စီးကရက်ကို မီးညှိလိုက်ကာ တစ်ချက် ဖွာလိုက်၍ . . .

"ငါ အလုပ်ပြုတ်သွားပြီကွ"

"ဟေ ဘာလို့လဲ"

"ဘာမှမဖြစ်ပါဘူးကွာ ကုမ္ပဏီက ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့်ဆိုလားပဲ အခြေအနေ သိပ်မကောင်းလို့ ဝန်ထမ်းတွေ လျှော့ပေါ့တဲ့အထဲ ငါပါသွားတာ"

"ဟာ စိတ်မကောင်းပါဘူးကွာ"

"ဘယ်တတ်နိုင်မလဲကွာ နောက်အလုပ်တစ်ခု လုပ်တာပေါ့"

"ဒါဆို အခုလောလောဆယ် မင်းမှာ အလုပ်မရှိဘူးပေါ့"

"အေးပေါ့ကွာ လယ်ယာပြန်စားရေးပဲ လုပ်နေရတာပေါ့၊ အလုပ်ခေါ်တဲ့ ကုမ္ပဏီတွေကိုတော့ လိုက်လျှောက်ထားပါတယ်၊ ရှေ့တစ်ပတ်ထဲတော့ အင်တာဗျူး လေးငါးခု ဖြေစရာရှိတယ်"

"အောင်မြင်ပါစေလို့ ငါဆုတောင်းပါတယ်ကွာ၊ ဒီကြားထဲ အသုံးလိုရင် ငါ့ဆီက ယူလေ"

ခိုင်ကြီးက ခေါင်းညိတ်ပြ၍ . . .

"ယူမယ် စိတ်ချ အခုတော့ စုထားတာလေးတွေ ထိုင်စားတာမကုန်သေးဘူး ကုန်ရင်ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့လက်ဖက်ရည် သောက်ရင်း ကိုယ့်အတွေးနဲ့ ကိုယ် ငြိမ်နေကြ၏။ ခိုင်ကြီးကတော့ ဘာတွေ တွေးနေလဲမသိ။ သူကတော့ မနက်ဖြန် ကောင်မလေးနဲ့တွေ့ရင် ဘာတွေပြောမလဲဆိုတာ တွေးနေမိသည်။

ခဏကြာတော့ ခိုင်ကြီးက စားပွဲထိုးလေးကို ခေါ်ကာ ပိုက်ဆံရှင်းဖို့လုပ်သည်။ သူက လက်ကာ၍ တားလိုက်ကာ . . .

"နေ နေ ငါရှင်းမယ်"

ခိုင်ကြီးက ခေါင်းခါပြ၍ . . .

"မင်း ရှင်းတာတွေ များနေပြီ၊ ဒီတစ်ခါ ငါရှင်းလိုက်ပါမယ်၊ အလုပ်မရှိပေမယ့် လက်ဖက်ရည်လေးတော့ တိုက်နိုင်ပါတယ်ကွ"

သူက ဘာမှပြန်မပြောဘဲ ရယ်နေလိုက်၏။ ထို့နောက် သူတို့ ဆိုင်မှ ထွက်လာခဲ့လိုက်ပါတော့သည်။

❖ ❖ ❖





၂၁

နေပိုင်း ကောင်မလေး ကျူရှင်ဆင်းချိန်ကို သွားစောင့်နေလိုက်သည်။ ကျူရှင်တက်ချိန် နေ့လယ်ပိုင်းကို သွားမတွေ့ခြင်းမှာ သူ့မှာ အကြောင်းရှိသည်။ အဓိကကတော့ အေးအေးဆေးဆေး မတွေ့ရသောကြောင့်ဖြစ်၏။ ကျူရှင်ဆင်းချိန်ကိုတော့ အေးအေးဆေးဆေး တွေ့လို့ရသည်။ ထို့ကြောင့် ကျူရှင်ဆင်းချိန်ကို သူ သွားလိုက်ခြင်းဖြစ်၏။

ကောင်မလေးက ကျူရှင်ရှိသည့် လှေကားမှ ဆင်းလာ၍ သူ့ကို တွေ့သွားတော့ ပြုံးကာပြသည်။ ထို့နောက် သူ့ဆီ လှမ်းလာ၍ . . .

"ရောက်နေတာ ကြာပြီလား အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



“အခုလေးတင် ရောက်တာပါ။ စာအုပ်လေး လာပေးရင်းနဲ့ ထွက်လာတာ”

“ဟယ် စာအုပ်ရပြီ ဟုတ်လား၊ အစ်ကို ကတိတည်သားပဲ”

သူက ပြုံးပြလိုက်ကာ စာအုပ်ကို လွယ်အိတ်ထဲမှ ထုတ်ပေးလိုက်၏။ သူ့ရဲ့ နောက်ဆုံးထွက် ဝတ္ထုဖြစ်သည်။ ကောင်မလေးက စာအုပ်ကလေးကို တယုတယ ကိုင်ကြည့်၍ . . .

“ကျေးဇူးပဲ အစ်ကို၊ အစ်ကို့ကို ကျေးဇူးတင်တဲ့အနေနဲ့ ဒီနေ့ ညီမ အအေးတိုက်မယ်”

ထို့နောက် သူတို့ ထိုင်နေကျ အအေးဆိုင်လေးသို့ ထွက်လာကြ၏။ အအေးဆိုင်ရောက်တော့ စတော်ဘယ်ရီ တစ်ယောက် တစ်ခွက် မှာလိုက်ကာ ကောင်မလေးက . . .

“လင်းခက ဘာပြောသေးလဲဟင်”

သူက ခေါင်းခါပြလိုက်၍ . . .

“ဘာမှမပြောပါဘူး၊ ကျွန်တော့်အသိတစ်ယောက်က လက်မှတ်ထိုးပြီးသား စာအုပ်လေးတစ်အုပ် လိုချင်လို့လို့ ပြောလိုက်တာ အဲ့ဒါ စာအုပ်တစ်အုပ်မှာ လက်မှတ်ထိုးပြီး ပေးသွားတာပဲ”

“ခစ် ခစ် စာရေးဆရာကြီးက သဘောကောင်းသားပဲ”

သူလည်း ပြုံးနေလိုက်သည်။ ထို့နောက် ကောင်မလေးက စတော်ဘယ်ရီတစ်ငုံ သောက်၍ သူ့ကို ကြည့်ကာ စကားဆက်၏။





“အစ်ကိုက နေတော့ ဘယ်မှာနေလဲဟင်”

“ကိုယ်က အဆောင်တစ်ခုမှာ သူငယ်ချင်းတွေနဲ့နေတယ်”

“ဟင် အစ်ကိုက အိမ်မှာ မနေဘူးလား”

သူက ခေါင်းခါပြလိုက်ကာ . . .

“အစ်ကို့မိဘတွေက အညာမှာနေတာ၊ အဖေကတော့ အစ်ကို ငယ်ငယ်ကတည်းက ဆုံးသွားပြီ ဟဲ ဟဲ အမေတစ်ခု သားတစ်ခုပေါ့”

ကောင်မလေးက စိတ်မကောင်းသည့် အမူအရာလေးနှင့် သူ့ကို ကြည့်လိုက်ကာ . . .

“ဩော် ဒါဆို အစ်ကို့အမေက တစ်ယောက်တည်း နေရမှာပေါ့နော်”

“အစ်ကို့ညီမဝမ်းကွဲလေး တစ်ယောက်က အမေနဲ့ အတူလာနေပေးတယ်လေ”

“အစ်ကိုက မပြန်ဖြစ်ဘူးလား”

သူ ကောင်မလေးရဲ့ စကားကို မဖြေသေးဘဲ လမ်းမဘက်သို့ ငေးကာ ကြည့်နေမိသည်။ သူ အမေ့ဆီ မပြန်ဖြစ်တာ နှစ်နှစ်တောင် ရှိတော့မည်ဟု တွေးလိုက်မိ၏။ ထို့နောက် သက်ပြင်းကိုချကာ . . .

“ကိုယ် အိမ်မပြန်ဖြစ်တာ နှစ်နှစ်တောင် ပြည့်တော့မယ် ညီမလေးရဲ့”

ကောင်မလေးက အံ့ဩသွားသော အမူအရာနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဟုတ်လား ကြာပြီပဲ"

"ဒီလိုပါပဲ မအောင်မြင်သေးခင်စပ်ကြား ကိုယ်လည်း မပြန်ချင်တာနဲ့ မပြန်ဖြစ်တာပါ။ အမေနဲ့တော့ ဖုန်းအဆက်အသွယ် အမြဲရှိပါတယ်"

ကောင်မလေးက သူ့စကားကြောင့် တစ်စုံတစ်ခုကို တွေးသလို ငိုင်ကာသွားလေသည်။

"မအောင်မြင်သေးခင်စပ်ကြား ဟုတ်လား၊ အစ်ကိုက အခုအလုပ်မှာ မအောင်မြင်သေးလို့လားဟင်"

သူ စကားပြောမှားသွားပြီဆိုတာ သိလိုက်၏။ သူက သူ့အတွေးနဲ့သူ လွှတ်ခနဲ ပြောလိုက်မိခြင်းဖြစ်၏။ ဒါကို ကောင်မလေးက တစ်မျိုးသဘောပေါက်သွား၍ ထပြောခြင်းပင်။

သူလည်း ရယ်ရယ်မောမောနှင့် ချက်ချင်း ဣန္ဒြေဆောင်လိုက်ကာ . . .

"ဩော် အစ်ကိုပြောတာ ဒီလိုပါ၊ အခုလုပ်တဲ့ အလုပ်ထက် ပိုအောင်မြင်တဲ့ အလုပ်မျိုးမရသေးလို့ ပြောတာပါ"

ထိုတော့မှ ကောင်မလေးက ခေါင်းတညိတ်ညိတ်နှင့် . . .

"ကြိုးစားပေါ့ အစ်ကိုရယ် ကြိုးစားရင် ဘာမဆိုဖြစ်နိုင်ပါတယ်"

"ဟုတ်ပါတယ် အစ်ကိုလည်း ကြိုးစားနေပါတယ်"

ထို့နောက် သူတို့ စကားစပြတ်သွားကြ၏။ ကောင်မလေးက

[redacted]



သူ့ရဲ့ ဝတ္ထုစာအုပ်ကို လှန်ကြည့်ကာ အမှတ်တရ လက်မှတ်ထိုးထားသော သူ့လက်မှတ်လေးကို ကြည့်ကာနေသည်။

"လင်းခရဲ့ လက်မှတ်လေးက လှလိုက်တာနော်"

"လှူကလည်း လှတာကိုး"

သူ နောက်သလိုလို ပြောင်သလိုလိုနှင့် ထပြောလိုက်တော့ ကောင်မလေးက . . .

"ဟုတ်လား ညီမက တစ်ခါမှ မမြင်ဘူးတော့ မသိဘူး"

ထို့နောက် သူတို့ ဘာရယ်မဟုတ် ရယ်ဖြစ်ကြ၏။ ပြီးတော့ ထွေရာလေးပါး ဆက်ပြောပြီး တော်တော်လေးကြာတော့မှ အအေးဆိုင်လေးထဲက သူတို့ ထွက်လာခဲ့ကြပါတော့သည်။

အပြင်ရောက်တော့ နေတောင်ဝင်သွားပြီဖြစ်သည်။ ရန်ကုန်မြို့ကြီးသည် မြို့ပြလရောင်အောက်တွင် လှပကာနေ၍ အရာရာက ကဗျာဆန်လျက်ရှိနေကြ၏။

❖ ❖ ❖

[redacted]

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)





"သိ ရိရတနာရှင်းသန့်တည်ကြည်"

"ရှင်"

"ရှင်မနေနဲ့ အတန်းသွားတက်မယ်"

"နေပါဦးဟယ် ဒီမှာဝတ္ထုက ကောင်းနေတာ"

"နင့်ဝတ္ထုက ဘယ်အချိန်ဖတ်ဖတ်ရတယ်၊ အတန်းက အရေးကြီးတယ် လာသွားမယ်"

သူမက နှုတ်ခမ်းလေး စူကာ ဝတ္ထုကို မပိတ်ချင် ပိတ်ချင်နှင့် ပိတ်ချလိုက်သည်။ သူမသူငယ်ချင်း မေသူက သူမ ပိတ်ပစ်လိုက်မ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို လှမ်းကြည့်၍ . . .

"တခြားစာရေးဆရာတွေ နင်မဖတ်ဘတ်တော့ဘူးလား၊ တစ်ခါလာလည်း လင်းခ၊ တစ်ခါလာလည်း လင်းခ"

သူမက မေသူ့ကို ကြည့်၍ စိတ်မရှည်နိုင်စွာနှင့် . . .

"ဖတ်ပါတယ် နင်တို့မှ မသိတာ၊ ငါက ဘယ်သူတွေကို ဘယ်အချိန်တွေမှာ ဖတ်ပါတယ်ဆိုပြီး နင်တို့ကို သံတော်ဦးတင်နေရဦးမှာလား"

"တခြားအချိန်တွေ နင် ဖတ်လား မဖတ်လားတော့ ငါတို့မသိဘူး၊ ငါတို့တွေ့လိုက်တိုင်းတော့ လင်းခဆိုတဲ့ စာရေးဆရာစာအုပ်ပဲ နင်ဖတ်နေတာတွေ့တာပဲ"

သူမက ဘာမှမပြောတော့ဘဲ လွယ်အိတ်ထဲသို့ စာအုပ်ထိုးထည့်လိုက်ကာ ထဖို့လုပ်သည်။ ထိုအချိန်တွင် သူတို့အခန်းထဲမှ ခင်မေဝင်းက ကန့်တင်းထဲသို့ လှမ်းကာလာ၍ . . .

"နင်တို့တွေ အတန်းသွားကြမလို့လား၊ သွားစရာ မလိုတော့ဘူး၊ ဆရာ မဝင်ဘူး"

ထို့ကြောင့် ခုနကထည့်လိုက်တဲ့ ဝတ္ထုစာအုပ်ကို ပြန်ထုတ်လိုက်၏။ ခင်မေဝင်းက ထိုစာအုပ်ကို ကြည့်၍ . . .

"ဟယ် အသစ်ထွက်တဲ့ စာအုပ်လား ပြစမ်း"

သူမက ခင်မေဝင်းရှေ့က စာအုပ်ကို ရုတ်တရက် ဆွဲယူလိုက်၍





"မပြပါဘူး ငါဖတ်နေတုန်း"

"ဒါဆို နင်ပြီးရင် ခဏငှားဟယ်"

သူမက ခေါင်းခါပြ၍ . . .

"မငှားနိုင်ပါဘူး၊ နင်က စည်းကမ်းရှိတာ မဟုတ်ဘူး၊ ဟိုတစ်ခါလည်း ငါ့ဆီက ငှားသွားတဲ့ မဂ္ဂဇင်းလည်း ဖျောက်ပစ်လိုက်တယ်"

ခင်မေဝင်းက မချိသွားဖြဲလေးနှင့် . . .

"ဒီတစ်ခါ မပျောက်စေရပါဘူးဟယ် ငါ ကတိပေးတယ်"

"မရဘူး သွား ဒါ အရင်တစ်ခါ စာအုပ်တွေလို ငှားတဲ့ဟာမဟုတ်ဘူး၊ ဟဲ ငါ့ကို စာရေးဆရာ လင်းခ ကိုယ်တိုင် လက်မှတ်ထိုးပြီး လက်ဆောင်ပေးထားတာ"

"ဟယ် တကယ်"

ခင်မေဝင်းက မယုံသင်္ကာနှင့် မေးသည်။ မေသူကလည်း စိတ်ဝင်တစားနဲ့ လှမ်းကြည့်၍ . . .

"ကိုးလေး နင်လျှောက်ပြောမနေနဲ့ တကယ်လား"

"တကယ်ပေါ့ ဒီမှာကြည့်"

သူမက စာအုပ်ရှေ့ဆုံးမျက်နှာကို လှန်၍ လင်းခ လက်မှတ်ထိုးထားတာကို ပြလိုက်တော့ ခင်မေဝင်းရော မေသူပါ အံ့ဩသွားသည်။

"ဟယ် တကယ်တော့ နင် နင်နဲ့ ကိုလင်းခနဲ့ ဘယ်တုန်းက ခင်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မ နင်က တော်တော်သွက်တာပဲ ကြည့်စမ်း"

သူမက သူငယ်ချင်းတွေ ပြောတဲ့စကားကို နားထောင်ပြီး ကျေနပ်ပြုံးကြီး ပြုံးနေလိုက်သည်။

"ဟဲ ဟဲ ဒီလိုပဲပေါ့"

"ဘယ်တုန်းက ခင်သွားကြတာလဲဟင် နင်တို့က"

"ဒီလိုပါပဲဆို"

သူမရဲ့ မတင်မကျ အဖြေကြောင့် နှစ်ယောက်စလုံး မကျေမနပ်ဖြစ်သွားကြသည်။

"မပြောလည်းနေပေါ့ ရပါတယ်"

ဟု မချိုတင်ကဲ ဆိုလိုက်ကြ၏။ ထို့နောက် တခြားကိစ္စတွေခေါင်းစဉ်တည်၍ သူတို့ စကားဆက်ပြောကြ၏။ အချိန်ကုန်တော့ကန်တင်းမှ သူတို့ ထထွက်လာခဲ့တော့သည်။

ရာသီဥတုက မိုးလေးအုံ့၍ အရာရာ စိုပြည်လျက် . . .။

❖ ❖ ❖





ကိုး လေးကို သူမတို့ မေဂျာမှာ မသိသူ မရှိလောက်အောင် လူသိများ၏။ သူမရဲ့ ရှည်လျားထွေပြားလှသော နာမည်ကြောင့်လည်းကောင်း သူမရဲ့ အလှအပကြောင့်လည်းကောင်း လူသိများနေခြင်းပင်ဖြစ်သည်။ သူမရဲ့ အချစ်ဆုံးသူငယ်ချင်းတွေကတော့ သူမကို 'ကိုးလေ' ဟု ချစ်စနိုး ခေါ်ကြသည်။ သိပ်မခင်သူများကတော့ 'သိရိ' ဟု ရှေ့ဆုံးနှစ်လုံးကို အဖျားဆွတ်ကာ ခေါ်သည်။ ယောကျ်ားလေးတွေကတော့ နာမည်ရှည်လျားလွန်းသောကြောင့် 'အရှည်ကြီး' ဟု နာမည်ပြောင် ပေးထားကြ၏။

ဒီနေ့လည်း မနက်စောစော ကျောင်းအလာတွင် သူမတို့ ကနေ



www.burmeseclassic.com

www.burmeseclassic.com



တင်း ထိုင်နေခြင်းဖြစ်သည်။ ဘေးဝိုင်းမှ ကျောင်းသားတစ်စုက သူမ ကို ကြည့်၍ မကြားတကြား နောက်နေကြ၏။

"နာမည်ရှည်ရုံတင်မကဘူးကွ လှလှလည်း အတော်ရှည်တယ်၊ စကားပြောနိုင်လိုက်တာလည်း လွန်ရော"

သူမဘဝအတွက်တော့ ထိုကဲ့သို့ စကားမျိုးတွေ ရိုးနေလေပြီ။ ထို့ကြောင့် မသိချင်ယောင်ဆောင်၍ ပြောစရာရှိတာ ဆက်ပြောနေ လိုက်သည်။ သူမတို့ ပြောနေသည့် စကားတွေက ထုံးစံအတိုင်းပင် ဖြစ်သည်။ အလှုကုန်ပစ္စည်းအကြောင်း၊ နောက်ဆုံးပေါ် အဝတ်အ စားများအကြောင်းနှင့် မင်းသား မင်းသမီးတွေအကြောင်း . . .။

ထိုသို့ပြောရင်းနှင့် လင်းခအကြောင်းကို ခင်မေဝင်းက အဆုံး မရှိ အစမရှိ ထပြောသည်။

"လင်းခက ရန်ကုန်က မဟုတ်ဘူးတဲ့ သိလား"

ကိုးလေးက ခင်မေဝင်းကို ကြည့်၍ . . .

"ဟုတ်လား နင်က ဘယ်လိုလုပ်သိလဲ"

"ငါ့အစ်ကိုရဲ့ သူငယ်ချင်းတစ်ယောက်က ဂျာနယ်လစ်လေ၊ ဟို နေ့က အိမ်လာလည်ရင်း ငါက စကားစပ်မိလို့ မေးကြည့်တာ"

"ဪ ဒါဆို သူက ဘယ်မှာနေတာလဲ"

"အဲ့ဒါတော့ ငါလည်း အတိအကျ မသိဘူးဟဲ့၊ နယ်မှာနေတာ လို့ ပြောတယ်၊ သူက ဒီမှာ အဆောင်တစ်ခုမှာ ငှားနေတာတဲ့"





ကိုးလေးက ခင်မေဝင်းစကားဆုံးတော့ ရင်ထဲမှာ တစ်ချက် လှုပ်ရှားသွားသည်။ ထို့နောက် သူမမျက်နှာကလည်း တစ်စုံတစ်ခု ကို လေးလေးနက်နက် စဉ်းစားသွားသလို တည်သွား၏။

အရင်တစ်ပတ်က ကိုလင်းခ ပြောသွားသော စကားတွေကို ပြန်လည်ကြားယောင်မိလိုက်သောကြောင့် ဖြစ်လေသည်။

ကိုလင်းခ ပြောသွားသော သူ့ဘဝပုံစံနှင့် ယခု ခင်မေဝင်း ပြောပြသော စာရေးဆရာ လင်းခ၏ ပုံစံက တိုက်တိုက်ဆိုင်ဆိုင် လာတူနေသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် ခင်မေဝင်းကို သူက ကြည့်၍ . . .

'အဲ့ဒီလူက နောက်ပြီး ဘာဆက်ပြောသေးလဲ"

"ဒါပဲလေဟယ် ငါလည်း စကားစပ်မိလို့ မေးကြည့်တာပါ၊ နင်က လင်းခနဲ့ပတ်သက်ရင် ဘယ်လိုဖြစ်နေတာလဲ အသည်းအသန်"

"မဟုတ်ဘူး ငါသိချင်တာလေး တစ်ခုရှိလို့ ဟို သူက အမေ တစ်ခု သား တစ်ခုလားဟင်၊ အဲ့ဒီလူက အဲ့ဒါပါ ထည့်ပြောသွား သေးလား"

သူမအမေးကို ခင်မေဝင်းက စိတ်မရှည်သည့်လေသံနှင့် . . .

"ဒါတော့ ငါလည်းမသိဘူးစေ့၊ အမေ ဘယ်နှခု သား ဘယ်နှခု လဲဆိုတာကိုတော့ . . . . ဒါနဲ့ နင်က ဘာလုပ်မလို့လဲ"

သူမစိတ်ထဲ တစ်မျိုးကြီးဖြစ်နေသည်။ သူမနဲ့ တွေ့ဆုံခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



လင်းခသည် စာရေးဆရာ လင်းခနှင့် နာမည်ချင်းလည်း တိုက်တိုက်ဆိုင်ဆိုင် တူနေ၏။ နောက်ပြီး နယ်က တက်လာကာ ရန်ကုန်မှာ အဆောင်လာနေပုံချင်းလည်း တူနေသည်။ စာအုပ်တိုက်တစ်တိုက်ထဲ အလုပ်အတူ လုပ်ပုံချင်းလည်း တူနေ၏။ ဒါတွေက တိုက်ဆိုင်မှုလားဆိုတာ သူမ စဉ်းစားမိနေသောကြောင့် ဖြစ်၏။

စတင်တွေ့ကြုံခါစတုန်းကတော့ ထိုကိစ္စကို ခပ်အေးအေးပဲ သဘောထားဖြစ်ခဲ့သည်။ သို့သော် ယခုမှ တစ်ခုချင်း ပြန်စဉ်းစားကြည့်လိုက်တော့ တိုက်ဆိုင်မှုတွေ တော်တော်များနေတာ တွေ့ရသည်။ နောက်တစ်ခုက သူမ စာအုပ်လက်ဆောင် တောင်းလိုက်တုန်းက ကိစ္စပင်ဖြစ်သည်။ ဗုဒ္ဓဟူးနေ့က တောင်းလိုက်တဲ့ကိစ္စက စနေနေ့မှာ ရခဲ့သည်။ တိုက်ဆိုင်မှုတစ်ခု မဟုတ်ခဲ့ရင်တော့ ဒီကိစ္စက တော်တော်လျင်မြန်သည်ဟု ဆိုရမည်။ သူတောင် စာအုပ်ရတုန်းက တော်တော်အံ့သြခဲ့ရသေး၏။

"ဟဲ့ နင့်ပုံစံက ဘာဖြစ်သွားတာလဲ"

သူမက ခင်မေဝင်းကို လှည့်ကြည့်၍ . . .

"ငါ့ကို သူ့အကြောင်း ဒီ့ထက်ပိုပြီး သိရအောင် စုံစမ်းပေးပါလားဟင်"

ခင်မေဝင်းက မျက်မှောင်ကြုတ်၍ . . .

"နင်နဲ့သူနဲ့ သိနေကြတာ မဟုတ်ဘူးလား၊ ငါ့ကို ဘာလို့လာစုံစမ်းခိုင်းနေရတာလဲ"

[redacted]



ထိုကျမှ သူမက ခင်မေဝင်းကို အကြောင်းစုံ ရှင်းလင်းကာပြလေသည်။ သူမနဲ့ ကိုလင်းခ ဆိုသောလူ မုန့်ဟင်းခါးဆိုင်မှာ စတင်တွေ့ဆုံကြပုံမှစ၍ နောက်ဆုံးကြုံတွေ့ရသည်အထိ ခရေစေ့တွင်းကျ ပြောကာပြ၏။ သူမစကားတွေကို နားထောင်၍ ခင်မေဝင်းရော မေသူပါ ပါးစပ်အဟောင်းသားလေးတွေ ဖြစ်နေကြသည်။

သူမစကားဆုံးသွားတော့ အတွေးကိုယ်စီနှင့် အားလုံး ငြိမ်သက်ကာသွား၏။ တော်တော်လေးကြာမှ ခင်မေဝင်းက . . .

"နင်သိချင်တယ်ဆို ငါစုံစမ်းပေးမယ်လေ၊ ဒီကြားထဲတော့ သူ့အကြောင်းတွေကို နင်သိအောင် စကားအစ်ကြည့်ထားပေါ့"

ခင်မေဝင်းစကားဆုံးတော့ မေသူက စိတ်မရှည်စွာနှင့် . . .

"အမလေးဟယ်၊ ဒဲ့မေးလိုက်တော့ ဘာဖြစ်လဲ"

သူမက . . .

"သူက တကယ် စာရေးဆရာ လင်းခဆိုရင် ငါ့ကို မသိစေချင်လို့ လျှို့ဝှက်ထားတာ သေချာတယ်ဟ၊ ဘာလို့ မသိစေချင်တာလဲဆိုတာ ငါ သိချင်တယ်၊ ပြီးတော့ သူသာ တကယ်စာရေးဆရာ တစ်ယောက်ဖြစ်ခဲ့မယ်ဆိုရင် သူ မပြောဘဲ ငါ့ဘာသာငါ သိအောင် လုပ်ချင်တယ် အဲ့ဒါပဲ"

"နင်က အရှုပ်ပဲ"

"ဘာဖြစ်လဲဟယ် လူတိုင်း တစ်မျိုးမဟုတ် တစ်မျိုး ရှုပ်နေကြ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တာပဲတဲ့၊ သူတောင် ငါ့ကို လှို့ဝှက်နိုင်သေးတာပဲ၊ ငါက သူ့လှို့ဝှက်ချက်ကို ဘာလို့ မဖော်ထုတ်နိုင်ရမှာလဲ"

"ဟုတ်တယ် ငါတို့မိန်းမတွေကို ခပ်အအထင်သွားမှာတော့ မခံနဲ့ဟေ့၊ နင်ပြောသလို သူ မသိအောင် စုံစမ်း"

ထိုစကားကို ခင်မေဝင်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထို့နောက် သူတို့စကားဝိုင်းလေးသည် ပြန်လည်ငြိမ်သက်သွားလေတော့သည်။ ခဏကြာတော့ ကန်တင်းမှ သူတို့ ထွက်လာခဲ့ကြပါတော့၏။

❖ ❖ ❖

[redacted]



ထိုး စံအတိုင်း ဒီနေ့က ကျူရှင်ရှိတဲ့ ရက်ဖြစ်၍ မြို့ထဲသို့ သူမ ထွက်ခဲ့လိုက်၏။ ကျူရှင်ကိုတော့ သူမ တစ်ယောက်တည်း လာဖြစ်၏။ ခင်မေဝင်းနဲ့ မေသူက သူမနဲ့အတူ မတက်ဘဲ မေသူ၏ အဒေါ် ဖွင့်ထားသော ကျူရှင်ကို တက်ကြသည်။ သူမတစ်ယောက်သာ ဒီကျူရှင်ကို တက်ဖြစ်ခြင်းဖြစ်၏။ ဒီကျူရှင်ကလည်း သူမ ပထမနှစ်ကတည်းက တက်လာတဲ့ ကျူရှင်ဖြစ်သောကြောင့် ခတ်ကျနေခြင်းဖြစ်သည်။

သူမ မြို့ထဲကို ရောက်တော့ ကျူရှင်ကို တန်းမသွားသေးဘဲ လင်းခကို တွေ့လိုတွေ့ငြား လျှောက်ရှာကြည့်သည်။ မတွေ့ပါ။ ထို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နောက် သူတို့ စတင်တွေ့ခဲ့သည့် မုန့်ဟင်းခါးဆိုင်သို့ သူမ ထွက်ခဲ့လိုက်သည်။ ထိုသို့ ထွက်ခဲ့ခြင်းမှာ မုန့်ဟင်းခါး စားချင်ရုံသက်သက် မဟုတ်ပါ။ ထိုမုန့်ဟင်းခါးဆိုင်က ဒီလမ်းထိပ်မှာ အမြဲဖွင့်နေသော ကြောင့် လင်းခအကြောင်း သိလိုသိငြား ဝင်စုံစမ်းဖို့ပင်ဖြစ်သည်။

သူမ ဆိုင်ရောက်တော့ ဆိုင်ရှင် ဦးလေးကြီးက စားသောက်သူ နှစ်ယောက်လောက်နှင့် အလုပ်ရှုပ်ကာနေ၏။ သူမက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တော့ ဦးလေးကြီးက လှည့်ကြည့်လိုက်သည်။ သူမကို တွေ့သွားတော့ ပြုံးပြလိုက်ကာ . . .

"ထိုင် ညီမလေး အလွတ်ပဲလား"

သူမက ခေါင်းညိတ်ပြလိုက်၍ . . .

"အလွတ်ပဲ ဦးလေး၊ နံနံပင် များများထည့်နော်"

ထို့နောက် ဦးလေးကြီးက သူမအတွက် မုန့်ပွဲကို ပြင်ပေးသည်။ သူမ စိတ်ထဲမှာ လင်းခအကြောင်း ဘယ်ကဘယ်လို စကားစမေးရင် ကောင်းမလဲ စဉ်းစားနေမိ၏။ သို့သော် သူမ စဉ်းစားလို့ မပြီးခင်မှာ ပင် ဦးလေးကြီးက အလိုက်သိစွာ လင်းခအကြောင်း စကားစပြော၏။

"ဟို ညီလေးတောင် မတွေ့တာကြာပြီ၊ ညီမလေးနဲ့ရော တွေ့ ဖြစ်သေးလား"

သူမက ခေါင်းခါပြ၍ . . .

"ဟင့်အင်း မတွေ့တာ သုံးလေးရက်ရှိပြီ။ ကျွန်မက ကျူရှင်ရှိတဲ့





ရက်မှ ဒီကိုလာရတာလေ၊ အဲ့ဒါကြောင့် မတွေ့ဖြစ်တာ"

"ဪ် အင်း သူလည်း ညီမ မလာရင် ဒီကိုလာတာ မတွေ့ဘူး၊ ဒီနေ့တော့ ညီမ ကျူရှင်ရှိတော့ လာမလားမသိဘူး ဟဲ ဟဲ"

ဟု ဦးလေးကြီးက အဓိပ္ပာယ်တစ်မျိုးဆောင်သော ရယ်သံမျိုး နှင့် အနှောင့်အသွား မလွတ်သော စကားမျိုးပြောသည်။ ဦးလေးကြီး အပြောကြောင့် သူမစိတ်ထဲမှာ တဒင်္ဂ ရှက်သွားမိသော်လည်း ထိုရှက် စိတ်ကို တစ်ခဏချင်း ပယ်ဖျောက်၍ အပြုံးမပျက်နေလိုက်သည်။

ထို့နောက် ဦးလေးကြီး စကားကို နင်းလိုက်ကာ သူမ သိချင်တာ ကို မေးယူ၏။

"ဒါနဲ့ သူက ဒီလမ်းထိပ်မှာ အလုပ်လုပ်တာဆို၊ နေ့တိုင်း အရင် လာရမှာပေါ့ မတွေ့ဘူးလား"

ဦးလေးကြီးက ခေါင်းခါ၍ . . .

"မတွေ့ပါဘူး ညီမရယ်၊ အလုပ်လာတယ်ဆိုလည်း ဒီနားက သူဖြတ်နေကျပဲ ဦးလေး တွေ့ရမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိ တယ် တစ်ပတ်ကိုတော့ တစ်ခါတစ်ရံ နှစ်ခါလောက် လာတတ်တယ်၊ ဒါကလည်း အရင်ကပါ ညီမနဲ့ဆုံပြီးမှ ကျူရှင်ရှိတဲ့ ရက်တွေကျမှ သူ့ကို တွေ့ရတော့တာ"

ဦးလေးကြီးက . . .

"ကုန်အောင်စားလေ၊ ဘာဖြစ်လို့လဲ မကောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ဗိုက်ပြည့်သွားလို့"

သူမက ရှက်ရှက်နဲ့ ပါးစပ်ထဲရှိတာ ပြောလိုက်ခြင်းပါ။ ဒါကို ဦးလေးကြီးက တစ်မျိုးသဘောပေါက်သွားကာ . . .

"အေးပေါ့လေ ဒီလိုနေ့မျိုးတွေက ဗိုက်ပြည့်တတ်ပါတယ်၊ တွေ့ရင် ဘာပြောပေးထားရမလဲ"

"ဟာ ဦးလေးကလည်း ဘာမှန်းမသိဘူး"

ဟု ပြောကာ သူမ ထိုဆိုင်မှ ပြေးထွက်ခဲ့တော့၏။ ဦးလေးကြီးက သူမကို ကြည့်ကာ ပြုံးပြုံးကြီးနှင့် ခေါင်းတညိတ်ညိတ် လုပ်ကာ ကျန်ခဲ့ပါတော့သည်။

သူမကတော့ ကျူရှင်ရှိသော တိုက်ခန်းအောက်သို့ ဘယ်လို ရောက်လို့ ရောက်သွားမှန်း မသိတော့။ လှေကားနားရောက်မှ သက်ပြင်းကို ချကာ အမောဖြေရသည်။ စိတ်ကလေး နည်းနည်းအေး သွားတော့မှ ဦးလေးကြီး ပြောတဲ့စကားတွေကို ပြန်လည်ကြားယောင် လာမိ၏။

အရင်က တစ်ပတ်ကို နှစ်ခါလောက်သာ လင်းခကို တွေ့တတ်သည်ဆိုပဲ။ နောက်ပိုင်း၌ သူမရှိသည့် ရက်တွေမှာသာ တွေ့တတ်သည်တဲ့။ တကယ်လို့သာ လင်းခသာ သူပြောသလို အလုပ်ရှိခဲ့လျှင် ဒီလမ်းထဲ၌ အမြဲတမ်း တွေ့နေရမည်ဖြစ်သည်။ အခုတော့ တစ်ခါ တစ်ရံမှသာ တွေ့ရတတ်သည်ဆိုတော့ စဉ်းစားစရာဖြစ်နေ၏။ ဒါက လည်း သံသယဖြစ်စရာတစ်ချက်ပင်ဖြစ်သည်။





လင်းခအကြောင်း စဉ်းစားရင်းနှင့် ခုနငြိမ်သက်သလိုလို ရှိသွား သော ရင်ခုန်သံက ပြန်လည် အသက်ဝင်ကာလာသည်။

သူမ ရှိသည့်နေ့တွေမှာ တွေ့လာရသည်ဆိုတော့ သူမဆီကို များ တကူးတက လာတာလားမသိ။ တကယ်တမ်း တွေးကြည့်ရင် ဒီလမ်းထဲမှာ သူနဲ့ လင်းခ ဆုံတာ နှစ်ခါလားရှိသေးသည်။ တစ်ခါက မုန့်ဟင်းခါးဆိုင်မှာ လင်းခ စားနေတုန်း သူက ဝင်သွားပြီး နှုတ်ဆက် လိုက်တုန်းက တစ်ခါ၊ နောက်တစ်ခါက စာအုပ်လာပေးသွားတုန်း က တစ်ခါ အားလုံးပေါင်း နှစ်ခါသာရှိသေးသည်။ စတွေ့တဲ့ရက်ပါ ထည့်ပေါင်းရင်တော့ သုံးခါရှိပြီဖြစ်သည်။ ဒါက ဒီလမ်းထဲမှာ သူမ တို့ ဆုံတွေ့ခဲ့တဲ့ အကြိမ် အရေအတွက်ကို ဆိုလိုခြင်းဖြစ်၏။ ကျန်တဲ့ တစ်ခါက ပန်းဆိုးတန်းမှာ ဆုံတွေ့ခဲ့ကြတာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် လင်းခဆိုတဲ့ လူတစ်ယောက်နဲ့ သူမ ဆုံတွေ့ခဲ့တာ လေးခါရှိသွားပြီ။ ထိုလေးခါစလုံးသည် သူတို့အတွက် အမှတ်တရလေး တွေ ဖြစ်စေခဲ့၏။ စတွေ့ကတည်းက အမှတ်တရလေးတွေနှင့် စခဲ့ကြ သည်ဆိုလျှင် မှားမည်မထင်ပေ။

တခြားတော့ မဟုတ်။

လင်းခက . . .

သူ အားပေးနေသော စာရေးဆရာ လင်းခလား . . .

(ဒါမှမဟုတ်) စာအုပ်တိုက်တစ်တိုက်မှာ အလုပ်လုပ်နေရသည့် ဖြန့်ချိရေး အလုပ်သမားလေး တစ်ယောက်လား ဆိုတာကိုပင် . .



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း တွေးကြည့်ရင်တော့ လင်းခသည် ဘာပဲဖြစ်နေနေ သူ့ဘဝအတွက် အရေးကြီးသော ပုစ္ဆာတစ်ပုဒ်တော့ မဟုတ်ပေ။ သူ့ပတ်ဝန်းကျင်အတွက် အရာရောက်သော ကိစ္စတစ်ခုလည်း မဟုတ်။

သို့သော် . . .

?

သူ . . .

လင်းခအကြောင်းကို သိချင်နေတာတော့ အမှန်ပင် ဖြစ်ပါတော့သည်။

ဘာဖြစ်လို့လဲဆိုလျှင် သူ့မှာ အဖြေမရှိ။

လောလောဆယ်တော့ သူ့ရင်တွေ ခုန်နေပါတော့သည်။ ထို့နောက် သက်ပြင်းလေးတစ်ခုကို ခိုး၍ ချလိုက်မိပါတော့၏။

❖ ❖ ❖

[redacted]



ညနေ ကျူရှင်လှေကားက ဆင်းချိန်တွင် ယောင်လည်လည်နှင့်ရပ်နေသော လင်းခကို သူမ တွေ့လိုက်ရသည်။ ခဏကြာတော့ လင်းခက သူမကို တွေ့သွား၍ လှမ်းလာကာ . . .

"ဒီနေ့ နည်းနည်းနောက်ကျတယ်နော်"

"ဟုတ်တယ် အစ်ကို၊ သင်လက်စသင်ခန်းစာလေးတစ်ခု မပြတ်သေးလို့ နောက်ကျသွားတာ"

သူမစကားကို ကြားတော့ လင်းခက ပြုံး၍ ခေါင်းညိတ်ပြလိုက်ကာ . . .

"ကိုယ်လည်း အခုမှ အလုပ်ဆင်းလို့ ဒီဘက် ထွက်လာ[illegible]

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တာ"

"ဟုတ်လား အစ်ကို ကိစ္စရှိလို့လားဟင်"

ထိုစကားကြောင့် လင်းခမျက်နှာ တစ်မျိုးဖြစ်သွားသည်။ ပြီးတော့ . . .

"ကိစ္စရှိမှ လာရမှာလားဟင်၊ သတိရလို့ ဝင်လာတာပါ"

သူမ ပြုံးလိုက်သည်။ ထို့နောက် . . .

"ညီမက အဲ့ဒီလိုပြောတာ မဟုတ်ပါဘူး၊ ကိစ္စတစ်ခုခုရှိလို့များလားလို့"

လင်းခက တစ်ချက်ရယ်လိုက်သည်။ ထို့နောက် . . .

"အချိန်ရရင် တစ်ခုခု သွားစားရအောင်လား၊ ဟိုဟာလေ ဒီနေ့ ကိုယ့်လခထုတ်လို့ အဲ့ဒါညီမကို တစ်ခုခု လိုက်ကျွေးချင်လို့ပါ"

သူမက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဖြစ်သည်ဟု ဆိုရိုးစကား ရှိ၏။ ထို့နောက် လင်းခ ဦးဆောင်ရာနောက်သို့ သူမ လိုက်ခဲ့၏။ လင်းခက စားသောက်ဆိုင်လေးတစ်ဆိုင်သို့ ခေါ်သွားသည်။ အေးချမ်းတိတ်ဆိတ်၍ နိုင်ငံခြားစားစရာမျိုးစုံရသော ဆိုင်လေးဖြစ်သည်။ ထို့အပြင် သူမ ကြိုက်သည့် ကြေးအိုးလည်း ရ၏။

လင်းခက သူမ ကြိုက်တာမှာဟု ဆိုသည်။ သူမက ကြေးအိုးတစ်ပွဲ မှာလိုက်သည်။ လင်းခက ဟမ်ဘာကာတစ်ပွဲ မှာ၏။ ထို့နောက်

[redacted]



စတော်ဘယ်ရီ ဖျော်ရည်တစ်ခွက်နှင့် သံပရာတစ်ခွက်ပါ မှာလိုက်သည်။ ဝိတ်တာလေးက သူတို့မှာ ယူတာတွေကို သေချာချာ မှတ်သားပြီး ထွက်သွားပေါတော့သည်။

ထိုအခါမှ သူမက လင်းခကို ကြည့်၍ စကားကိုစ၏။

"အစ်ကိုက တစ်ပတ်ကို ဘယ်နှရက် အလုပ်လာရလဲဟင်"

သူမရဲ့ ရုတ်တရက်အမေးစကားကြောင့် လင်းခက ကြောင်သွားပြီးမှ . . .

"အစ်ကိုတို့က တစ်ပတ်ကို တစ်ပတ်လုံး အလုပ်ဆင်းရတယ်လေ ပိတ်ရက်ရယ်လို့ သီးသန့်မရှိဘူး၊ တစ်ခါတစ်ရံ အရေးကြီးရင် အိုတာတိုင်တောင် ဆင်းရသေးတယ်၊ ဘာလို့လဲ"

"ဘာမှမဖြစ်ပါဘူး ညီမ သိချင်လို့မေးကြည့်တာပါ"

လင်းခက ခေါင်းညိတ်ကာပြ၏။ သူမက လင်းခ အမူအရာကို အကဲခတ်နေလိုက်သည်။ လင်းခမျက်နှာ အမူအရာမှာ ဟန်ဆောင်ထားတာတစ်ခုမှ မတွေ့ရပေ။ ထို့နောက် သူမက နောက်တစ်ဆင့်တက်ကာမေး၏။

"အစ်ကို"

လင်းခက ခေါ်သံကြောင့် သူမကို မော့ကာ ကြည့်သည်။ သူမက လင်းခကို မျက်နှာချင်းဆိုင်လိုက်ကာ . . .

"အစ်ကို့ကို တစ်ခု မေးစရာရှိလို့"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မေးလေ"

"စာရေးဆရာလင်းခက နယ်မှာ နေတာဆို ဟုတ်လား"

ထိုသို့မေးပြီး လင်းခမျက်နှာကို သူမ စိုက်ကြည့်နေလိုက်သည်။ လင်းခမျက်နှာက အံ့သြဟန်တော့ တစ်ချက်ဖြစ်သွားသည်။ သို့သော် တစ်ခဏတာသာဖြစ်၏။ မျက်နှာက ပုံမှန်ပြန်ဖြစ်သွားပြီ . . .

"ဟုတ်တယ်လို့တော့ ကြားဖူးတယ်၊ အတိအကျတော့ မသိဘူး"

"အစ်ကိုက ခင်တယ်လည်းဆိုသေးတယ် ဒါလေးတောင် မသိဘူးလား"

"ဪ ခင်တယ်ဆိုပေမယ့် ဒီလောက်ကြီး အတွင်းသိလောက်အောင် မခင်ဘူးလေ"

"ဒါဆို ညီမက အစ်ကို့ထက်စာရင် သိနေသေးတာပေါ့"

ထိုစကားကြောင့် လင်းခက ရယ်လိုက်သည်။

"ဟား ဟား ဟား ဟား ဟုတ်ပါ့ ဟုတ်ပါ့၊ ဒါနဲ့ လင်းခအကြောင်း ဘာတွေသိသေးလဲ ပြောပါဦး"

"သူက နယ်မှာနေတာတဲ့"

"အင်း"

"ပြီးတော့ ရန်ကုန်မှာ အစ်ကို့လိုပဲ အဆောင်ငှားနေတယ်တဲ့"

'အစ်ကို့လိုပဲ' ဆိုသော စကားကို သူမက တမင်ထည့်ပြောလိုက်ခြင်းဖြစ်၏။ ထိုစကားကြောင့် လင်းခ အမူအရာ နည်းနည်းပျက်သွား





တာ တွေ့လိုက်ရသည်။ သိပ်အသိသာကြီးတော့ မဟုတ်။

ထို့နောက် လင်းခက ရယ်ရယ်မောမောနဲ့ ထပြီး . . .

"ညီမက စာရေးဆရာ လင်းခအကြောင်းကို တော်တော်စိတ်ဝင်စားတာပဲနော်"

"စိတ်ဝင်စားတာပေါ့၊ ကိုယ်အားပေးနေတဲ့ စာရေးဆရာပဲဟာ"

"ဪ"

ထို့နောက် လင်းခ တစ်ချက်ငြိမ်ကာသွား၏။ ဘာတွေစဉ်းစားသွားလည်းတော့ မသိပေ။ သူမက ဆက်ပြီး . . .

"ပြီးတော့ ညီမတောင် စဉ်းစားကြည့်နေသေးတယ် သိလား"

"ဘာလဲဟင်"

"ဪ တခြားမဟုတ်ပါဘူး၊ စာရေးဆရာ လင်းခက အစ်ကို့နာမည်နဲ့လည်း တူတယ်၊ ရန်ကုန်ကို နယ်ကနေ တက်လာပုံချင်းလည်း တူတယ်လို့၊ အဲ့ဒါကြောင့် အစ်ကိုလည်း စာရေးဆရာ လုပ်ပါလားလို့ ပြောချင်တာ"

ထိုစကားကြောင့် လင်းခက ထရယ်သည်။ အရယ်ဆုံးတော့. .

"စာရေးတယ်ဆိုတာ ရေးချင်တိုင်း ရေးလို့ ရတာမှ မဟုတ်တာ ညီမရယ်၊ ပါရမီပါမှ ရတာပါ၊ ဘာလဲ အစ်ကိုက စာရေးဆရာ လင်းခ မဟုတ်လို့ ညီမက မခင်ချင်တော့ဘူးလား"

သူမက ခပ်အေးအေးပြုံးပြလိုက်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလို ပြောတာ မဟုတ်ပါဘူး၊ တိုင်ဆိုင်နေလို့ တွေးကြည့်တာပါ"

ထို့နောက် သူတို့စကားဝိုင်းလေးက ငြိမ်သက်သွားကြသည်။ သူမက ကြေးအိုးကို အာရုံစိုက်၍ စားနေ၏။ လင်းခကတော့ ဟမ်ဘာကာကို စိတ်မပါ လက်မပါနှင့် စားကာနေသည်။

တော်တော်လေးကြာတော့မှ လင်းခက ရုတ်တရက်ထပြီး . . .

"ကိုးလေး"

"ရှင်"

သူမလည်း ရုတ်တရက်ကြောင်ပြီး ထူးလိုက်မိ၏။ လင်းခက သူမကို 'ကိုးလေး' ဟုခေါ်တာ ဒီတစ်ခါ ပထမဆုံးအကြိမ်အဖြစ် သတိပြုမိ၏။

လင်းခက . . .

"အဲ့ဒီစာရေးဆရာအကြောင်း နောက်မပြောပါနဲ့လား"

သူမက ကြောင်ကာငေးကြည့်နေရင်းမှ . . .

"ဘာ ဘာလို့လဲဟင်"

"မကြားချင်လို့"

"မကြားချင်လို့ ဟုတ်လား၊ အစ်ကိုနဲ့ ရန်ဖြစ်ထားလို့လား ဘာလို့ မကြားချင်တာလဲ"

လင်းခက ခေါင်းကို ခါရမ်းပြလိုက်ကာ . . .

[redacted]



"ဘာမှရန်မဖြစ်ထားဘူး၊ ဒါပေမယ့် မကြားချင်ဘူး"

သူမ တအံ့တသြနှင့် မျက်မှောင်ကြုတ်လိုက်ပြီး . . .

"ဒါဆို ဘာဖြစ်လို့လဲ"

"မနာလိုလို့"

"ဟယ် ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ကိုယ်က တစ်ဖက်သတ်ချစ်နေရတဲ့ ကောင်မလေးက ကိုယ့်ရှေ့မှာ တခြားတစ်ယောက်အကြောင်း စိတ်ဝင်တစား ပြောနေတာ ဘယ်သူက ကြားချင်မှာလဲ"

"ဟယ်တော့"

ဒီတစ်ခါတော့ သူမ နှုတ်ခမ်းလေး ဝိုင်းသွားအောင် အံ့သြတကြီး အာမေဍိတ်သံဖြင့် ထအော်မိတော့၏။ တစ်ပြိုင်နက်တည်းမှာပင် သူမ ရည်းစားစကား ပြောခံလိုက်ရပြီဆိုတာလည်း သိသွား၏။ ထိုတော့မှ ရှက်ရကောင်းမှန်း သိသွားကာ ကြေးအိုးသောက်နေသည့် ဇွန်းကို ပစ်ချ၍ . . .

"ဟာ အစ်ကိုကလဲ"

ဟုဆို၍ ထိုင်ရာမှ ထရပ်လိုက်၏။ ထို့နောက် လွယ်အိတ်ကို ဆွဲယူကာ ဆိုင်ထဲမှ ထွက်သွားလိုက်ပါတော့သည်။ လင်းခလည်း သူမကို ကြည့်၍ ကြောင်ကာ ကျန်ခဲ့တော့သည်။ တားမလို့ စဉ်းစားလိုက်သော်လည်း ဘယ်က ဘယ်လို စတားရမှန်း မသိသောကြောင့် ငေး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရုံအပြင် ဘာမှမတတ်နိုင်ခဲ့။

သူမ အပြင်ရောက်တော့ ကကတစ်စီးကို အမြန်တားကာ ဘယ်သွားမယ်ဆိုတာတောင် မပြောဘဲ တက်ထိုင်လိုက်၏။ ကကသမားကြီးကလည်း အလိုက်တသိပင် နေရာမှ မောင်းထွက်ပေးသည်။

သူမ ရင်တွေ အဆမတန် ခုန်နေသည်။ ပြီးတော့ ရှက်လည်းရှက်သည်။ သူတစ်ပါးအကြောင်း အစုံစမ်းကောင်းလွန်း၍ ရည်းစားစကားပါ ပြောခံလိုက်ရသည်။ အေးရော။

"သမီး ဘယ်ကို မောင်းရမှာလဲဟင်"

ထိုတော့မှ အသိလည်လာကာ . . .

"အိမ်ကိုမောင်း ဦးလေးကြီး"

"အိမ်ကိုတော့ သိတာပေါ့ကွယ်၊ သမီးတို့အိမ်က ဘယ်မှာလဲ"

ထိုတော့မှ သူမရဲ့ အိမ်လိပ်စာကို ကကသမားကြီးအား ပြောပြလိုက်ပါတော့သည်။

❖ ❖ ❖





**လင်း** ခ ဆိုင်ထဲမှ ဆိုင်ပြင်သို့ ပြေးထွက်ခဲ့သည်။ အပြင်ရောက်တော့ ကောင်မလေးက ကကတစ်စီးငှား၍ ထွက်သွားတာ တွေ့လိုက်၏။ လင်းခလည်း အကြံတစ်ခုရကာ ကားတစ်စီးအမြန်တား၍ ထိုကားနောက်မှ လိုက်ခိုင်းပါတော့သည်။

"ဦးလေး အဲ့ဒီရှေ့က ထွက်သွားတဲ့ ကကအနီရောင် သိလား၊ အဲ့ဒီကားနောက် အမီလိုက်ပေးပါဗျာ"

ကားသမားကြီးက အရှေ့က ကားကိုလှမ်းကြည့်၍ ပြုံးစိစိနှင့် . .

"ဒီလောက်တော့ အေးဆေးပါကွာ၊ ဒါနဲ့ မင်းကို ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီကားပေါ် တစ်ခုခုပါသွားလို့လား"

အရေးထဲ လေကရှည်နေသေးသည်။ သူက စိတ်မရှည်နိုင်သော ပုံစံဖြင့် . . .

"ဟုတ်တယ်ဗျာ ဟုတ်တယ်၊ ကျွန်တော့် ကောင်မလေး စိတ်ကောက်ပြီး ထွက်သွားလို့ လိုက်ချော့မလို့"

"OK ဒါမျိုးဆို လာထား"

ဦးလေးကြီးက ပြောလည်းပြော ဂီယာကိုလည်း ထိုးကာ ဝူးခနဲ မောင်းထွက်လိုက်သည်။ မြို့ထဲမှာဆိုတော့ ကားတွေ ရှုပ်နေ၍ ရှေ့က ကောင်မလေး စီးသွားတဲ့ကားကလည်း သိပ်အမြန်ကြီး မသွားနိုင်ပေ။ ဆိုကြောင့် လင်းခတို့ကားက မျက်ခြည်မပြတ် လိုက်လို့ရလေသည်။

'ကိုးလေး' ကတော့ သူမ နောက်ကို လင်းခ လိုက်လာတာကို မသိရှာပေ။ သူမက ကိုယ်အတွေးနဲ့ကိုယ် ရှုပ်နေ၍ ပတ်ဝန်းကျင်ကို လည်း သတိမထားမိ။ သူမ သိတာ တစ်ခုပဲရှိသည်။ သူမ ရင်တွေ တော်တော်ခုန်နေသည်။

ခဏကြာတော့ ကားသမားကြီးက မြို့ထဲဘက်ကနေ ထွက်၍ 'ကိုးလေး' ပြောသည့် ဝေဇယန္တာလမ်းဘက်သို့ ဦးတည်မောင်းလာ၏။ လင်းခတို့ကားကလည်း ခပ်လှမ်းလှမ်းမှ မသိမသာ လိုက်လာလိုက် သည်။ နာရီဝက်ကျော်ကျော်လောက် မောင်းပြီးနောက် ကားက ဝေဇယန္တာလမ်းမဘက်သို့ ရောက်လာသည်။ ခဏကြာတော့ အိမ်ယာတစ်ခုကို ဝင်သွားတာ တွေ့လိုက်ရသည်။

[redacted]



လင်းခက ကားသမားကြီးကို လှမ်းပြီး . . .

"လိုက်ဝင်လိုက် ဦးလေး၊ အဲ့ဒီကောင်မလေး ဆင်းတဲ့နေရာကို ကျွန်တော် သိချင်လို့"

ကားသမားကြီးက ခေါင်းညိတ်ကာပြသည်။ ခဏနေတော့ ခြံဝင်းတစ်ခုရှေ့မှာ ကောင်မလေးရဲ့ကား ရပ်ကာသွား၏။ သူက ကောင်မလေး ကားရပ်တဲ့ ခြံကို မှတ်ကာထားလိုက်သည်။ ဒါ ကောင်မလေးအိမ် ဖြစ်လိမ့်မည်ဟု သူ တွေးလိုက်ကာ ကားကို ပြန်မောင်း ခိုင်းလိုက်ပါတော့သည်။

ကားသမား ဦးလေးကြီးက . . .

"အဆင်ပြေလား ကောင်လေး"

သူက ခေါင်းညိတ်ပြလိုက်၍ . . .

"ပြေပါတယ် ဦးလေးရယ်၊ ကျေးဇူး"

"မင်းကောင်မလေးက စိတ်ဆိုးနေတာဆို လိုက်မချော့ဘူးလား"

သူက ရယ်လိုက်ကာ . . .

"ကျွန်တော့်ကောင်မလေးဆိုတာ ကျွန်တော်ကသာ ချစ်နေတာဗျ၊ သူ့ဆီက အဖြေ မရသေးဘူး၊ ဒီနေ့မှ ရည်းစားစကား ပြောလိုက်လို့ ထွက်ပြေးသွားတာ"

ဦးလေးကြီးက တဟားဟားရယ်ရင်း သဘောပေါက်စွာ ခေါင်း တညိတ်ညိတ် လုပ်ကာနေပါတော့သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် . . .

"ကြိုးစားကွ ကြိုးစားထား၊ ဒါမျိုးဆိုတာ လက်နှေးလို့ မရဘူး"

ဟုလည်း ပြောလိုက်ပါသေးသည်။

❖ ❖ ❖

[redacted]



**လက်** နှေးလို့ မရတော့ဘူးဆိုတာ သူ သဘော ပေါက်မိသည်။ ရည်းစားစကားလည်း ပြောပြီးပြီဆိုတော့ ပေါက်တဲ့ နဖူး မထူးတော့ပြီဖြစ်သည်။ ထို့ကြောင့် ကောင်မလေးဆီသို့ သွားပြီး အဖြေရအောင် နည်းအမျိုးမျိုး သုံးကာ ကြိုးစားရတော့မည်ဟု သူ ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် နောက်တစ်နေ့တွင် ကောင်မလေးဆီသို့ သူ ထွက် လာခဲ့လိုက်ပါတော့သည်။ သူထွက်လာတဲ့ အချိန်ကလည်း ညနေ စောင်းလေးဖြစ်၏။ ဒီနေ့က ကောင်မလေး ကျူရှင်မရှိ၍ မနေ့က ကောင်မလေး ပြန်သွားသည့် အိမ်သို့သာ ထွက်လာခဲ့လိုက်၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ရောက်တော့ ယောင်လည်လည် ဖြစ်နေသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ လက်က နာရီကို ကြည့်လိုက် အိမ်သို့ လှမ်းပြီး အကဲခတ်လိုက်နှင့် အလုပ်ရှုပ်နေမိ၏။ ကောင်မလေး ဒီအချိန် အိမ်မှာ မရှိမှန်းတော့ သူသိ၏။ ဒီအချိန်က ကျောင်းချိန်ဖြစ်သည်။ ထို့ကြောင့် ကျောင်းမဆင်းသေး။ ဒါတွေကို သူသိ၍ ကျောင်းဆင်းချိန်လောက် မှန်းကာ သူ ထွက်လာခြင်းဖြစ်၏။ ပတ်ဝန်းကျင်မှာ ထိုင်စရာ ဆိုင်လည်း မရှိသောကြောင့် ဒီအတိုင်းပဲ ပလက်ဖောင်းက သစ်ပင်ရိပ်မှာ ကြောင်တောင်တောင်ကြီး ဖြစ်နေရ၏။

သို့သော် သူ စောင့်ရကျိုးနပ်ပါသည်။ ခဏနေတော့ ခြံရှေ့သို့ ကိုယ်ပိုင်ကားတစ်စီး ဆိုက်လာ၏။ ကားပေါ်က ကောင်မလေး ဆင်းလာတာ တွေ့လိုက်ရသည်။ သူက သစ်ပင်လေး၏ နောက်မှ ကွယ်ရပ်လိုက်သည်။ ထို့နောက် ကောင်မလေးက သူ့ကို လိုက်ပို့သည့် ကားပေါ်မှ သူငယ်ချင်းတွေကို နှုတ်ဆက်နေသည်။ ခဏကြာတော့ ကား ထွက်သွားသည်။ ကောင်မလေးက ခြံထဲ ဝင်မလို့ လုပ်တော့ သူ လှမ်းသွားလိုက်ကာ . . .

"ကိုးလေး"

ကောင်မလေးက ဖျတ်ခနဲ လှည့်ကြည့်ပြီးတော့ . . .

"ဟင် အစ်ကို"

ဟု အာမေဋိတ်သံ တစ်ချက် ထွက်သွားကာ တော်တော်လေး အံ့သြကာသွား၏။ သူက ပြုံးပြလိုက်၍ . . .





"အခုမှ ကျောင်းက ပြန်လာတာလားဟင်"

ကောင်မလေးက ယောင်နနနှင့် ခေါင်းညိတ်ပြ၍ . . .

"အစ်ကို အစ်ကိုက ညီမလိပ်စာကို ဘယ်လိုသိလဲ"

သူက သွားလေးဖြဲပြ၍ . . .

"အဟီး မနေ့က ညီမလေးနောက်က လိုက်ကြည့်ထားတာ"

'မနေ့က' ဆိုတဲ့စကားကို ကြားတော့ ကောင်မလေးက ရှက်သွားပြီး ခေါင်းလေးငုံ့ကာ သွား၏။ ထို့နောက် ခြံတံခါးကို တွန်းဖွင့်ကာ ဝင်မလို့ လုပ်၏။ သူက . . .

"ကိုးလေးရယ် နေပါဦး၊ ကိုယ့်ကို ဒီအတိုင်းကြီး မထားခဲ့ပါနဲ့"

"ဟာ အစ်ကိုကလည်း ဒီအတိုင်းကြီး မထားခဲ့လို့ ညီမက ဘယ်လိုထားခဲ့ရမှာလဲ"

"ဟိုဟာလေ မနေ့က ကိစ္စ စိတ်မဆိုးဘူး ဆိုတာလေး ပြောခဲ့ပါဦး"

"ဟာ မသိဘူးကွာ ဘာတွေမှန်း မသိဘူး"

ဟုပြောကာ ကောင်မလေးက ခြံထဲဝင်ကာသွားလေတော့သည်။ သူလည်း ဘာလုပ်ရမှန်း မသိဘဲ ငေါင်ပြီး ကျန်ရစ်ခဲ့တော့၏။ သို့သော် လက်မလျှော့နိုင်သေး။ သူမ ပြန်ထွက်လာဦးမှာပဲဟု စိတ်က ထင်နေမိသည်။ ထို့ကြောင့် ခုနရပ်နေခဲ့တဲ့ သစ်ပင်ရိပ်လေးအောက်မှာပဲ မယောင်မလည်နှင့် ဆက်ရပ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တော်တော်လေး ကြာသွားသည်။ မကြာခင် မိုးချုပ်တော့မည်ဖြစ်သည်။ သူမျှားရပ်ကွက်ထဲမှာ မှောင်မှောင်မဲမဲနှင့် ဒီအတိုင်း ရပ်စောင့်နေလို့တော့ မကောင်း။ တော်ကြာ သူခိုးထင်ပြီး ထွက်ရိုက်နေမှ ခက်ပေဦးမည်။ ထိုသို့စဉ်းစားပြီး ပြန်မလို့လုပ်နေစဉ်မှာပင် သူမတို့ ခြံတံခါးလေးက အသာလေး ဟကာသွားတော့၏။ သူက လည်း မပြန်ခင်လေး သံယောဇဉ် မပြတ်တဲ့ အကြည့်လေးနဲ့ လှမ်းကြည့်လိုက်၍ မြင်လိုက်ခြင်းပါ။

သူက အသာလေး အပင်ရိပ်လေးနောက်မှာ ကွယ်၍ ရပ်နေလိုက်၏။ ခဏကြာတော့ ကောင်မလေးရဲ့ မျက်နှာလေး ခြံပြင်သို့ ထွက်လာသည်။ ခေါင်းလေးပြူကြည့်၍ ပတ်ဝန်းကျင်ကို လေ့လာသလို ကြိုးကန်းတောင်းမှောက် ကြည့်သည်။ သူမအတွက် စိတ်ချရသော အနေအထားရောက်တော့မှ ခြံပြင်သို့ ထွက်ကာလာ၏။ လက်တစ်ဖက်မှာလည်း ကြွပ်ကြွပ်အိတ်တစ်ထုပ်။ နောက်တစ်ဖက်က မဂ္ဂဇင်းစာအုပ်လို့ ထင်ရသော စာအုပ်နှစ်အုပ်ကို ရင်ဝယ်ပိုက်ကာ ထွက်လာပါသည်။

သူက သစ်ပင်နောက်မှာ ကွယ်နေ၍ ကောင်မလေးက သူ့ကို ရုတ်တရက် မတွေ့။ ထို့ကြောင့် စိတ်ချလက်ချ ထွက်လာစဉ်မှာပဲ သူက အပင်နောက်က ဝုန်းခနဲ ထွက်လိုက်ပြီး . . .

"ကိုးလေး"

"ပလုတ်တုတ် အမေ့"

[redacted]



သူမ တော်တော်လေး လန့်သွားပုံရပါသည်။ သူ့ကိုလည်း မျက်လုံးကြီး ပြူးကာကြည့်နေပြီး . . .

"ဟယ် မပြန်သေးဘူးလား"

"ဟွန့်အွန်း ပြန်သေးဘူး ကိုးလေးဆီက အဖြေ မရမချင်း မပြန်ဘူး"

"ဟော ဘာအဖြေလဲ ဘာမှမရှိဘူး"

သူက သူမလက်ထဲက ကြွပ်ကြွပ်အိတ်အထုပ်ကို ကြည့်၍ . . .

"ဒါက ဘာတွေလဲဟင်"

"အမှိုက်ထုပ်လေ စာအုပ်သွားအပ်ရင်း ပစ်မလို့"

"ပေးလေ ကိုယ်သယ်ပေးမယ်"

"ရပါတယ် အမှိုက်လှည်းထဲ ထည့်လိုက်ရုံပဲ"

သူမစကားဆုံးတော့ ပတ်ဝန်းကျင်ကို သူ လေ့လာလိုက်သည်။ ခပ်လှမ်းလှမ်းရှိ လမ်းသွယ်ထိပ်မှာ ရပ်ထားသော လှည်းတစ်စီးကို တွေ့လိုက်ရသည်။ လှည်းဘေးတွင် ကုလားတစ်ယောက် ရပ်ကာနေ၏။

"ပေး ကိုယ်သွားထည့်ပေးမယ် ကိုးလေး ဒီကစောင့်"

ပြောလည်းပြော သူမလက်ထဲက အထုပ်ကိုလည်း ယူရင်း လှည်းဆီ ပြေးသွားလိုက်၏။ ကုလားက သူ့ဆီပြေးလာသော သူ့ကို ကြည့်၍ ဖြူဖွေးသော သွားများကို ဖြဲပြကာ လက်ယပ်ပြ၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူလည်း လှည်းဆီရောက်တော့ အထုပ်ကို လှည်းထဲသို့ ပစ်ချလိုက်၍ လှည့်ထွက်ဖို့ လုပ်သည်။ ကုလား က အထုပ်ကို ဖြေကြည့်၍ ကြောင်တောင်တောင်နှင့် . . .

"ဟာ အားကို့ ဘာတွေလဲ"

"အမှိုက်တွေလေ ဘာဖြစ်လို့လဲ"

"ဘာ ဘာပြောလိုက်တယ်"

"အမှိုက် အမှိုက်လေ"

"ခင်ဗျား ခင်ဗျား မိုက်ရိုင်းလှချည်လား ကျုပ်လှည်းနော် ဘာထင်လဲ အမှိုက်ကောက်တဲ့ကောင်များ ထင်လို့လား"

ဒေါသတကြီး ပြန်ပြောသော ကုလားကို ကြည့်၍ သူလည်း ကြောင်သွားကာ လှည်းထဲကို လှမ်းကြည့်လိုက်မိ၏။ လှည်းထဲမှာ ပုလင်းခွံတချို့နှင့် ဒန်အိုးဒန်ခွက် အဟောင်းတချို့ကို တွေ့လိုက်ရလေ၏။

ထိုတော့မှ အမှိုက်လှည်း မဟုတ်ဘဲ အဟောင်းအစုတ်တွေ လိုက်ဝယ်နေသည့် လှည်းမှန်း သိလိုက်ရလေသည်။ ကုလားက ဒေါသတကြီးနှင့် . . .

"ကုလားနော် မျိုးနဲ့ရိုးနဲ့ အဟောင်းဝယ်တယ်၊ ဒါပေမယ့် အမှိုက်တော့ မကောက်ဘူး၊ ခင်ဗျား စော်ကားတယ်၊ ခင်ဗျား တွေ့မယ်"

သူလည်း ဘာမပြော ညာမပြောနှင့် တစ်ချိုးတည်း လစ်ရပါ

[redacted]

BURMESE CLASSIC .com



တော့၏။ ကုလားက အနောက်မှ အမှိုက်ထုပ်ကြီး ကိုင်ကာ ပြေးလိုက်လာသည်။ သူလည်း ကောင်မလေးဆီ ပြေးပြီး ကောင်မလေးလက်ကို ဆွဲလိုက်ကာ . . .

"ကိုးလေး ပြေး ပြေး အနောက်မှာ ကုလား လိုက်လာပြီ"

ကိုးလေးလည်း ရုတ်တရက်ဆိုတော့ ဘာမှန်းညာမှန်းမသိဘဲ သူ့နောက် ပြေးလိုက်၏။ ထိုသို့ပြေးရင်း သူတို့ရပ်ကွက်အပြင်ဘက် ရောက်တော့မှ ကုလားနဲ့ မျက်ခြည်ပြတ်ကာသွားသည်။ ထို့နောက် အမောဖြေရင်းနှင့် . . .

"အမလေး တော်သေးတယ် အမှိုက်လှည်းနဲ့ အိုးတွေ ခွက်တွေ ဝယ်တဲ့ လှည်းနဲ့ မှားထည့်မိလို့၊ အပြေးကောင်းလို့ လွတ်လာတာ"

ကိုးလေးက သူ့ကိုကြည့်၍ . . .

"အစ်ကိုက မမေးမစမ်းနဲ့ သွားလုပ်တာကိုး"

သူကလည်း ပြုံးပြလိုက်ကာ . . .

"ကိုးလေး သက်သာအောင်လို့ပါ"

ကိုးလေးက ပြုံးနေလိုက်သည်။ ခဏနေတော့မှ [illegible] သတိရသွားဟန်နှင့် . . .

"လက်ကိုလွှတ်ပါဦး ပြေးစရာလည်း မရှိတော့ဘဲနဲ့"

သူက ယောင်ပြီး လွှတ်မလို့ လုပ်ပြီးမှ ဆက်လက်ဆုပ်ကိုင်ထားကာ . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"လက်ကလေးကိုတော့ မလွှတ်ပါရစေနဲ့ ကိုးလေးရယ်၊ တစ်သက်လုံး ဆုပ်ကိုင်ထားချင်လို့ပါ"

"တော်ပါ အပိုတွေ"

"မပိုပါဘူး၊ လိုတောင် လိုနေသေးတယ်"

"ဟွန်း လူလိမ်တွေ စကားကို မယုံဘူး"

သူက အံ့ဩသွားဟန်နှင့် . . .

"ဘာလို့လဲဟင် ကိုယ်က ဘာလိမ်လို့လဲ"

"ကိုယ့်ကိုကိုယ် အသိဆုံးပေါ့"

"ဟာဗျာ ကိုးလေးကို ဘာမှမလိမ်ပါဘူး"

"ဘာလို့ မလိမ်ရမှာလဲ၊ ကိုယ့်ကိုကိုယ် စာရေးဆရာ မဟုတ်ဘူးလို့ ဘာလို့လိမ်ခဲ့တာလဲ"

သူ တစ်ချက်တွေဝေသွားပြီးမှ ဟားတိုက်ရယ်မောလိုက်ကာ. .

"ကိုးလေးက ကိုယ့်ကို စာရေးဆရာလို့ ထင်နေလို့လား"

"ထင်နေတာ မဟုတ်ဘူး၊ ဟုတ်ကို ဟုတ်နေတာ မနေ့က အိမ်ပြန်ရောက်တော့ အစ်ကိုအင်တာဗျူးပါတဲ့ ဂျာနယ်ကို သူငယ်ချင်းလာပို့သွားလို့ ဖတ်ပြီးပြီ၊ အဲဒီထဲမှာ အစ်ကို့ဓာတ်ပုံလည်း ပါတယ်ကဲ ဘာလိမ်ချင်သေးလဲ"

သူက ချစ်စဖွယ် နှုတ်ခမ်းလေးစူ၍ ပြောပြနေသော သူမစကားကြောင့် ရယ်မောလိုက်ကာ . . .





"ဟုတ်ပါပြီဗျာ ကိုယ်ကလည်း ဘာရယ်မဟုတ်ပါဘူး၊ တွေ့တွေ့ချင်းဆိုတော့ ကိုယ့်ကိုကိုယ် စာရေးဆရာလို့ မပြောချင်လို့ လိမ်ခဲ့မိတာပါ၊ ဘာလဲ လူလိမ်ကြီးကို မုန်းသွားပြီလား"

သူမက ခေါင်းညိတ်ပြ၍ . . .

"ဟုတ်တယ် မုန်းတယ်"

"ဒါဆို စာရေးဆရာ လင်းခကိုရော မုန်းလား"

"သူ့ကို မမုန်းပါဘူး ကိုလင်းခကို မုန်းတာ"

သူက ကိုးလေးလက်ကို ဆွဲဖျစ်လိုက်၍ . . .

"ကိုးလေး"

"ဘာလဲ"

"ကို အခု စပြီးရေးနေတဲ့ ဝတ္ထုလေးနာမည်က ဘာလဲ သိလား"

"ဘယ်သိမလဲ"

"ရင်ရဲ့အရိပ်တဲ့၊ ကိုယ်နဲ့ ကိုးလေးနဲ့ တွေ့ဆုံခဲ့တဲ့ ဇာတ်လမ်းလေးကို ရေးမလို့"

"အစ်ကိုနော် လျှောက်မရေးနဲ့"

"ဘာလို့လဲဟင်"

"ရှက်တာပေါ့"

သူက ကိုးလေးပခုံးကို လှမ်းဖက်လိုက်သည်။ ကိုး[illegible] မ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သို့သော် . . .

"အစ်ကို"

"ဘာလဲဟင်"

"အစ်ကိုက ကိုးလေးကို တကယ်ချစ်လို့လား"

"ဘယ်လို ကျိန်ပြောရမလဲ ချစ်တာပေါ့"

"ကိုးလေးကတော့ အစ်ကို့ကို မချစ်ဘူး"

"ဘာလို့လဲ"

"ကိုးလေးက စာရေးဆရာ လင်းခကိုပဲ ချစ်တာ"

BURMESE CLASSIC .com

ထိုစကားကြောင့် သူ အားရပါးရ ရယ်မောပစ်လိုက်တော့၏။ သူရယ်မောသံကြောင့် ကိုးလေးက သူ့ရင်ဘတ်ကို ထုနေသည်။ မနာပါ။ နာကျင်ဖို့ အင်အားလည်း သူ့မှာ မရှိတော့ပါ။ အဘယ့်ကြောင့်ဆိုသော် သူ့ဘဝရဲ့ ရင်ရိပ်စစ်စစ်ကလေးကို ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သောကြောင့် ဖြစ်ပါတော့သည်။

❖ ❖ ❖

**ကြိုးစားလျက် . . .**

**မိုးဆက်လင်းထက်**

[redacted]

www.burmeseclassic.com